မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၃၀၉)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်

၂၀၁၃ ခုနှစ်၊ ဩဂုတ် ၁၀ ရက်၊ စနေနေ့။

နိုင်ငံ့တာဝန် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

ပြည်သူ့လိုအပ်ချက် ဦးစားပေးလုပ်ငန်းများ လ ၃၀ အတွင်း ပြီးမြောက်အောင်မြင်ရေးကြိုးစားလုပ်ကိုင်

နေပြည်တော် ဩဂုတ် ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဒုတိယဝန်ကြီးများအား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ခန်းမဆောင်ကြီး၌ တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသော ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာ၌ ယနေ့နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ကဏ္ဍအသီးသီးနှင့် ဒေသအသီးသီးတွင် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေကြသော အစိုးရအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများကို သီးသန့်ခေါ်ယူတွေ့ဆုံရသည့် အဓိကအကြောင်းအရင်းမှာ-

- မိမိတို့ အစိုးရတာဝန်ယူရသော ငါးနှစ်တာကာလ၏ ပထမပိုင်း လ ၃၀ ကာလသည် ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးအတွက် သိသာထင်ရှားသော ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးအခြေခံ အုတ်မြစ်ချသည့် ကာလဖြစ်ပါကြောင်း၊ ထိုကာလအတွင်း ပြည်တွင်းနိုင်ငံရေးနှင့် ပြည်ပနိုင်ငံရေး အခြေအနေများကို သိသာစွာ တိုးတက်အောင် ဆောင်ရွက်ခဲ့သကဲ့သို့ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး စေ့စပ်ဆွေးနွေး ညှိနှိုင်းမှု လုပ်ငန်းစဉ်များကို ဆက်လက် ဆောင်ရွက်ဆဲဖြစ်ပါကြောင်း၊ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲရေး အပိုင်း၌လည်း အခြေခံမူဘောင်ချမှတ်ပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်း ပြင်ဆင်ပြောင်းလဲဖြေလျှော့မှု အများအပြားကို ဆောင်ရွက်နိုင်ခဲ့ပြီး နိုင်ငံတကာဈေးကွက်ဝင်ရောက်နိုင်သည့် အဆင့်ကို စတင်နေပြီဖြစ်ပါကြောင်း။
- ဒုတိယပိုင်းကျန်သည့် လ ၃၀ ကာလသည် ပြည်သူများ၏ စားဝတ်နေရေး အခြေခံလိုအပ်ချက်များကို ဦးစားပေးပြီး သိသာထင်ရှားသော လူမှုစီးပွားရေး အကျိုးရလဒ်များ

စာမျက်နှာ ၈ ကော်လံ ၁ ❖

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဒုတိယဝန်ကြီးများအား နေပြည်တော် သမ္မတအိမ်တော်ရှိ ခန်းမဆောင်ကြီး၌ တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည့်လုပ်ငန်းများ

၁။ လျှပ်စစ်မီး
- စက်မှုကုန်ထုတ်လုပ်ငန်း အများဆုံးရှိသော ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် လျှပ်စစ်မီး ပြည့်ဝစွာရရှိရေး စီမံဆောင်ရွက်ရန်။
- တိုင်းဒေသကြီး/ပြည်နယ်အားလုံး လျှပ်စစ်မီး သုံးစွဲနိုင်သည့် အိမ်ထောင်စုဦးရေ တိုးတက်ရရှိရေး ဆောင်ရွက်ရန်။

၂။ သောက်သုံးရေ
- ရန်ကုန်မြို့၊ မန္တလေးမြို့ သောက်သုံးရေ ဖူလုံအောင် စီမံဆောင်ရွက်ရန်။
- တိုင်းဒေသကြီး/ပြည်နယ်အလိုက် သောက်သုံးရေ ခက်ခဲသောမြို့နယ်များတွင် ဖူလုံမှုရာခိုင်နှုန်းသိသာစွာ တိုးတက်ရေး စီမံဆောင်ရွက်ရန်။

၃။ စိုက်ပျိုးရေး
- စိုက်ပျိုးရေလုံလောက်စွာရရှိရေး ဆောင်ရွက်သွားရန်။
- မျိုးလိုအပ်ချက်လုံလောက်စွာ ထုတ်လုပ်ဖြန့်ဝေနိုင်ရေး ဆောင်ရွက်သွားရန်။
- တောင်သူများ အရင်းအနှီးလိုအပ်ချက်ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်သွားရန်။

၄။ အလုပ်အကိုင်ရရှိရေး
- စက်မှုဇုန်၊ SME လုပ်ငန်းများ သိသာစွာ ဖွံ့ဖြိုးရေး ဆောင်ရွက်ရန်။
- မြို့ပြကျေးရွာ အခြေခံအဆောက်အအုံ ဆောက်လုပ်ခြင်းများဖြင့် အလုပ်အကိုင်တိုးပွားရေး ဆောင်ရွက်ရန်။
- အထူးစီးပွားရေးဇုန်များ အမြန်အကောင်အထည်ဖော်ရန်။

၅။ ခရီးသွားလုပ်ငန်း
- ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အလေးထားဆောင်ရွက်ရန်။

၆။ ငွေကြေးလုပ်ငန်း
- ဘဏ်လုပ်ငန်းဖွံ့ဖြိုးရေး၊ ငွေကြေးဈေးကွက်တည်ငြိမ်ရေး၊ အသေးစားချေးငွေလုပ်ငန်း ဖွံ့ဖြိုးရေး၊ နိုင်ငံခြားမှ ငွေကြေး၊ ချေးငွေ၊ ထောက်ပံ့ငွေများ လျင်မြန်ချောမွေ့စွာ စီးဆင်းဝင်ရောက်လာနိုင်ရေးလုပ်ငန်းအဖွဲ့များဖွဲ့၍ ဦးစားပေး ဆောင်ရွက်ရန်။

၇။ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု
- သိသာစွာတိုးတက်အောင် လုပ်ငန်းကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များဖွဲ့၍ ဆောင်ရွက်ရန်။

မြန်မာနှင့်ထိုင်း ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု တနင်္သာရီတိုင်းဒေသကြီး၌ အကောင်အထည်ဖော်မည်

ရန်ကုန် ဩဂုတ် ၉

သတင်းမှတ်စု ➤ မောင်မောင်မြင့်ဆွေ

မြန်မာနိုင်ငံတွင် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် စိတ်ဝင်စားမှုများပြားလာသည်။ နိုင်ငံတကာစီးပွားရေးကုမ္ပဏီများနှင့် အဖွဲ့အစည်းများကလည်း နယ်ပယ်ကဏ္ဍအလိုက် မိမိတို့စိတ်ဝင်စားရာလုပ်ငန်းများကို ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိရာ ထိုင်းနိုင်ငံက မြန်မာနိုင်ငံ တနင်္သာရီတိုင်းဒေသကြီးတွင် ရော်ဘာနှင့် ဆီအုန်းစိုက်ပျိုးရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းများကို ရင်းနှီးမြှုပ်နှံကာ ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

"အဓိကကတော့ တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်းမှာ စိုက်ပျိုးမြေဧက ၅၀၀၀ ခန့်ကို ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းရဲ့ ထုတ်လုပ်မှုလုပ်ငန်းတွေပြုလုပ်ဖို့အတွက် ဖြစ်ပါတယ်။ ဒါဟာ ဒေသဖွံ့ဖြိုးရေး၊ ဒေသခံပြည်သူတွေ အလုပ်အကိုင်ရရှိရေးနဲ့ မြန်မာနိုင်ငံရဲ့ ဝင်ငွေတိုးတက်မှုကိုလည်း အထောက်အကူပြုစေမှာဖြစ်ပါတယ်" ဟု တာဝန်ရှိသူတစ်ဦးဖြစ်သူ ဒေါ်ခင်စိုးစိုးမော်က ပြောကြားသည်။

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်တွင် ရော်ဘာနှင့် ဆီအုန်းစိုက်ပျိုးရေး၊ တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်ရေးအတွက် စက်ရုံတည်ဆောက်ရေးဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုမှုကို ရန်ကုန်မြို့တက္ကသိုလ်များ လှိုင်နယ်မြေရှိ မြန်မာအင်ဖိုတက်ခ်၌ ဩဂုတ် ၈ ရက် နံနက်က ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ မြန်မာမဟာခနေကုမ္ပဏီလီမိတက်နှင့် ထိုင်းနိုင်ငံမှ THR Holding Co.,Ltd. တို့က သဘောတူလက်မှတ်ရေးထိုးခဲ့ကြပြီ ဖြစ်သည်။

အဆိုပါ လုပ်ငန်းအကောင်အထည်ဖော်မှုကို မကြာမီဆောင်ရွက်မည်ဖြစ်ပြီး ယင်းလုပ်ငန်းတွင် မြန်မာအလုပ်သမားများအား ဦးစားပေးခန့်ထားမည်ဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၄ ●



ဒေါ်ခင်းစုစုထွန်း (Admin Head, KTN Logistic & Transportation)
(EATON LOGISTIC CO.,LTD.)
မြန်မာနိုင်ငံရဲ့ အကောင်းဆုံးထဲကတစ်ခု

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မြန်မာနိုင်ငံနှင့် အာဆီယံအသိုက်အဝန်း

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ကြီးသို့ ဝင်ရောက်ပြီး (၁၆)နှစ်အကြာ လာမည့် ၂၀၁၄ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ရတော့မည်ဖြစ်ပါသည်။ ဤသို့ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခွင့်ရခြင်းကပင် လက်ရှိနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသော တိုးတက်ပြောင်းလဲမှုများ ဆောင်ရွက်နေခြင်းအပေါ် အာဆီယံဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ရင်း နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုအခွင့်အလမ်းများစွာကို ဖော်ဆောင်ရယူသွားနိုင်မည့် အနေအထားသို့ ရောက်ရှိလာနိုင်သည်။

အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခွင့်ရသော နိုင်ငံတစ်နိုင်ငံအနေဖြင့် ထိပ်သီးအစည်းအဝေးကြီးနှစ်ရပ်ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိမည်ဖြစ်သည်။ ပထမထိပ်သီးအစည်းအဝေးကို အာဆီယံနိုင်ငံခေါင်းဆောင်များနှင့် ကျင်းပလေ့ရှိသည်။ ဒုတိယ ထိပ်သီးအစည်းအဝေးကိုမူ နှစ်တစ်နှစ်၏ နောက်ပိုင်းတွင် ကျင်းပလေ့ရှိပြီး ဒေသ၏ပြင်ပမှ မိတ်ဖက်နှင့် ဆွေးနွေးဖက်နိုင်ငံများဖြစ်သော အမေရိကန်၊ ဂျပန်၊ တရုတ်၊ ရုရှား၊ အီးယူ၊ ဩစတြေးလျ၊ နယူးဇီလန်၊ အိန္ဒိယနှင့် တောင်ကိုရီးယားစသော နိုင်ငံ့ခေါင်းဆောင်များ ပါဝင်တက်ရောက်ကြသည်။

အိမ်ရှင်မြန်မာနိုင်ငံသည် ထိုထိပ်သီးအစည်းအဝေးကြီးနှစ်ရပ် ကျင်းပခွင့်ရရှိခြင်းအားဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အကူအညီများသာမက ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံများမှ အကူအညီများကိုပါ ရရှိလာနိုင်သည်။ ဤအခွင့်အလမ်းမှသည် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုကို မြှင့်တင်ပေးရုံမက အခြားသော အာဆီယံနိုင်ငံများနည်းတူ စီးပွားရေးအင်အားကောင်းသည့် နိုင်ငံအဖြစ်သို့ အမြန်ဆုံး ရောက်ရှိလာနိုင်သည်။ အာဆီယံခေါင်းဆောင်များနှင့် ကမ္ဘာ့ ထိပ်သီးခေါင်းဆောင်များ၏ နွေးထွေးသော ဆက်ဆံမှုများနှင့်အတူပုဂ္ဂိုလ်ရေးအရ ရင်းနှီးခင်မင်မှု အကျိုးကျေးဇူးများလည်း ရရှိလာမည်ဖြစ်သည်။

အာဆီယံအဖွဲ့ကြီးအနေဖြင့် အမြင်ကျယ်ပြီး တည်ငြိမ်အေးချမ်းသော၊ ဖွံ့ဖြိုးတိုးတက်မှုမြင့်မားသော၊ တစ်ဦးနှင့်တစ်ဦး စောင့်ရှောက်သော အသိုက်အဝန်း(Community) တစ်ရပ်တွင် အတူပေါင်းစည်းနေထိုင်ရန် ၁၉၉၇ ခုနှစ်ကပင် မျှော်မှန်းခဲ့ကြသည်။ ယင်းအသိုက်အဝန်းကို ၂၀၁၅ ခုနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ ၄င်းအာဆီယံအသိုက်အဝန်းကို တစ်ခုတည်းသော အမြင်၊ တစ်ခုတည်းသော သွင်ပြင်လက္ခဏာ၊ တစ်ခုတည်းသော အသိုက်အဝန်းအဖြစ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ ထိုသို့ ဖော်ဆောင်ရာတွင် အဓိကမဏ္ဍိုင်ကြီးသုံးရပ်ဖြစ်သော အာဆီယံနိုင်ငံရေး၊ လုံခြုံရေး အသိုက်အဝန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် အာဆီယံလူမှုရေး၊ ယဉ်ကျေးမှု အသိုက်အဝန်းများအဖြစ် ဖော်ဆောင်သွားမည်ဖြစ်သည်။

ဤသို့ အာဆီယံအသိုက်အဝန်းများ မဖော်ဆောင်မီ မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခွင့်ရရှိထားသဖြင့် အဓိက ဦးဆောင်မှုကဏ္ဍမှ ပါဝင်ဆောင်ရွက်ခွင့်ကိုလည်း ရရှိမည်ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် အာဆီယံအသိုက်အဝန်းများ ဖော်ဆောင်ရင်း အိမ်ရှင်မြန်မာနိုင်ငံက စီးပွားရေးတိုးတက်ပြောင်းလဲမှု အခွင့်အလမ်းများကိုပါ တိုးတက်လုပ်ဆောင်သွားနိုင်မည် ဖြစ်ပါသည်။ ယင်းအခွင့်အလမ်းများအတွက် ယခုကတည်းက ပြင်ဆင်ထားကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ဒေသတွင်းစိုက်ပျိုးရေနှင့် သောက်သုံးရေရရှိရေးနှင့် အခြေခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၉

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးတို့သည် ဩဂုတ် ၁ ရက်တွင် ဆားလင်းကြီးမြို့နယ် တရားကျေးရွာအုပ်စု ရှမ်းကိုင်းကျေးရွာရေလှျံတွင်းတူးဖော်ထားရှိမှုကို သွားရောက်ကြည့်ရှုအားပေးကြသည်။

ဆားလင်းကြီးမြို့နယ်သည် မိုးခေါင်ရေရှားဒေသဖြစ်သဖြင့် စိုက်ပျိုးရေနှင့် သောက်သုံးရေရှားပါးပြီး ရေရရှိရေးအခက်အခဲ နှစ်စဉ်ကြုံတွေ့ရလေ့ရှိကြောင်း၊ သို့ဖြစ်၍ စိုက်ပျိုးရေ၊ သောက်သုံးရေရရှိရေးအတွက် မြေအောက်ရေရရှိနိုင်ရေး ကြိုးပမ်းရှာဖွေ ဆောင်ရွက်ခဲ့ရာ တရားကျေးရွာအုပ်စု ရှမ်းကိုင်းကျေးရွာအနီးတွင် အောင်မြင်စွာ တူးဖော်နိုင်ခဲ့သဖြင့် သောက်သုံးရေနှင့် စိုက်ပျိုးရေပါ အဆင်ပြေလျက်ရှိကြောင်း၊ ရေလှျံတွင်းများ တူးဖော်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့က တွင်းတစ်တွင်းအတွက် ငွေကျပ်ငါးသိန်း ကြိုတင်ထုတ်ပေးပြီး ရေမထွက်ပါက ပြန်လည်ဆပ်ရန်မလိုဘဲ၊ ရေထွက်မှသာ အရစ်ကျစနစ်ဖြင့် ပြန်လည်ပေးဆပ်ရကြောင်း၊ ရေလှျံတွင်းတစ်တွင်းသည် ရေထွက်နှုန်း တစ်နာရီလျှင် ဂါလန် ၂၇၀၀ မှ ၃၀၀၀ အထိ ထွက်ရှိသဖြင့် သီးနှံစိုက်ဧရိယာ ငါးဧကအတွက် ဖူလုံကြောင်းသိရှိရပြီး အဆိုပါ ဒေသအတွင်း ရေလှျံတွင်း ၁၂ တွင်းတူးဖော်ရန်စီစဉ်ထားကြောင်း သိရသည်။

ဆက်လက်၍ မုံရွာ-သာစည်-နောင်ကြီးအိုင်-မူးကမ်းကြီး-ဆိပ်ခွန်-ရွှေဘို လမ်းမကြီးတစ်လျှောက်ရှိ ကျေးရွာများသို့ သွားရောက်ပြီး မှော်တောကျေးရွာတွင် စက်ရေတွင်းတူးဖော်နိုင်ရေး၊ အိုင်သာကျေးရွာမှ အိမ်တွင်းစက်မှု လက်မှုသင်တန်းဆင်းသင်တန်းသူ ခြောက်ဦးအတွက် အပ်ချုပ်စက်ခြောက်လုံးကို မုံရွာအုပ်စုကုမ္ပဏီမှ လှူဒါန်းနိုင်ရေး၊ ဆိုလာမီးလင်းနိုင်ရေး၊ ရေယိုကျေးရွာ အလယ်တန်းကျောင်း(ခွဲ) ဆောက်လုပ်ဆဲ ကျောင်းဆောင်အတွက် သွပ်နှင့် ဘိလပ်မြေထောက်ပံ့ပေးရေးတို့ကို ညှိနှိုင်းစီစဉ် ထောက်ပံ့ပေးခဲ့ပြီး ချောင်းဆုံကျေးရွာ၌ နေအိမ် ၆၄ လုံးသို့ ဆိုလာစွမ်းအင်ဖြင့် ရေပေးဝေမှုစနစ်ကို ကြည့်ရှုအားပေးခဲ့သည်။

မုံရွာ-သာစည်-နောင်ကြီးအိုင်-မူးကမ်းကြီး-ဆိပ်ခွန်-ရွှေဘို ကားလမ်းသည် ရွှေဘို-မုံရွာမြို့တို့ကို ဆက်သွယ်သည့် အတိုဆုံးလမ်းဖြစ်ပြီး ဒီပဲယင်းမြို့နယ် မိုင်တိုင် ၃၇/၆ မှ ရွှေဘိုမြို့နယ် မိုင်တိုင် ၅၇/၇ အထိ ၂၀ မိုင် ၁ ဖာလုံရှည်လျားကြောင်း၊ ၄င်းလမ်းမကြီးပေါ်၌ အရှည်ပေ ၈၄၀၊ ယာဉ်သွားလမ်းအကျယ် ၁၈ ပေရှိ မူးမြစ်ကူး မူးကမ်းကြီး-ရေကြည်ဝ တံတားကြီးမှာ ၉၅ ရာခိုင်နှုန်းပြီးစီးနေပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ကြီးကြပ်လမ်းညွှန်မှုနှင့် စေတနာရှင်၊ အလှူရှင်များ၊ ဒေသခံပြည်သူများ၏ ငွေကြေး၊ လုပ်အားလှူဒါန်းမှုများဖြင့် တည်ဆောက်လျက်ရှိကြောင်းနှင့် ငွေကျပ် သိန်းပေါင်း ၁၂၀၀၀ ခန့် ကုန်ကျခဲ့ပြီး ၂၀၁၃ ခုနှစ် စက်တင်ဘာလ၌ ပြီးစီးမည်ဖြစ်ကြောင်း၊ အဆိုပါ လမ်းနှင့် တံတားကြီး ပြီးစီးသွားပါက မိုးခေါင်ရေရှားဒေသအဖြစ် ဒေသဖွံ့ဖြိုး တိုးတက်ရေး၊ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုအားနည်းခဲ့သည့် ဤဒေသအတွက် များစွာအထောက်အကူဖြစ်ပြီး အကျိုးပြုစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဖျာပုံမြို့တွင်းလမ်းမကြီးများ လမ်းမီးများပြည့်စုံစွာတပ်ဆင်ရန်လို

ထင်သာမြင်သာ ပြုပြင်စရာ

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့သည် ခရိုင်မြို့ဖြစ်သည်နှင့်အညီ လမ်းမကြီးများနှင့် လမ်းသွယ်များ အများအပြားတည်ရှိရာတွင် သဘာဝဘေးအန္တရာယ် နာဂစ်ဖြစ်ပြီးနောက်ပိုင်း လမ်းမီးများတပ်ဆင်၍ မီးလင်းနိုင်ခြင်းမရှိသည်မှာ အချိန်ကာလအတန်ကြာနေပြီ ဖြစ်သည်။ ယခုအခါ ဖျာပုံမြို့ (၂)လမ်းနှင့် (၅)လမ်း၊ မာလာမြိုင်လမ်းနှင့် သီရိမြိုင်လမ်းများတွင် ဌာနဆိုင်ရာများ၊ ပြည်သူ့အားကစားကွင်း၊ ပန်းခြံ၊ စာသင်ကျောင်းများနှင့် လွှတ်လပ်ရေးကျောက်တိုင်တို့ ထင်ရှားစွာ တည်ရှိနေပြီး လမ်းမီးများ ပြည့်စုံစွာတပ်ဆင်နိုင်ခြင်းမရှိ၍ မီးမလင်းနိုင်ဘဲဖြစ်နေရသည်။

မြို့နယ်စည်ပင် သာယာရေးအဖွဲ့နှင့် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းအဖွဲ့တို့ ပူးပေါင်းမှုဖြင့် မီးလင်းနိုင်ရေးအတွက် ဆောင်ရွက်ပေးရန် လိုအပ်နေပြီဖြစ်ရာ မြို့နယ်လျှပ်စစ်ဝန်ထမ်းတစ်ဦးက "ကျွန်တော်တို့ ဖျာပုံမြို့မှာ လမ်းမီးကြိုးတွေ ပြည့်စုံစွာမရှိတာကလည်း အခက်အခဲတစ်ခုဖြစ်ပြီး လမ်းမီးလင်းနိုင်ဖို့ Phase 0 ကြိုးတွေထပ်ထည့်ပေးရပါမယ်။ ထပ်မဖြည့်နိုင်ရင်လည်းရှိတဲ့ Phase 0 ကြိုးတွေမှာ LED မီးလုံးတွေ တပ်ဆင်ပြီး မီးအပိတ် အဖွင့်လုပ်ဖို့အတွက် Photo Cell တပ်ဆင်ပြီး လျှပ်စစ်ဓာတ်အားအတွက် ကတော့ Solar ပြား တပ်ဆင်အသုံး ပြုလိုက်ရင် အဆင်ပြေပါလိမ့်မယ်"ဟု ပြောသည်။

ဖျာပုံမြို့တွင်းရပ်ကွက်အသီးသီးရှိ လမ်းသွယ်များနှင့် လမ်းမကြီးများတွင် ပြည်သူများ မိမိတို့အိမ်များမှ မီးလုံး၊ မီးကြိုးတပ်ဆင်၍ လမ်းမီးလင်းနိုင်ရေး အသုံးပြုနေသည်မှာ လျှပ်စစ်အန္တရာယ်ဖြစ်ပေါ်နိုင်ပြီး ပြည်သူအနည်းငယ်သာ အသုံးပြုနိုင်သဖြင့် ဖျာပုံမြို့၏ အဓိကလမ်းမကြီးများဖြစ်သည့် (၂)လမ်းနှင့် (၅)လမ်းကို အစဉ်သဖြင့် လမ်းမီးများလင်းနိုင်စေရန် သက်ဆိုင်ရာဌာနများ ပွင့်လင်းမြင်သာစွာ ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်နေပြီဖြစ်ကြောင်း အသိပေးရေးသားလိုက်ရပါသည်။ **(ဝ၇၁)**

ပြည်တွင်းသတင်း

လက်ပံတောင်းတောင်စီမံကိန်းနယ်မြေအတွင်းရှိ ဒေသခံပြည်သူများ၏ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် ကော်မတီအနေဖြင့် ဆက်ဆံရေးရုံး ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်

နေပြည်တော် ဩဂုတ် ၉

လက်ပံတောင်းတောင်စီမံကိန်းနယ်မြေအတွင်းရှိ ဒေသခံပြည်သူများ၏ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန်အတွက် ကော်မတီအနေဖြင့် ယင်းဒေသတွင် ဆက်ဆံရေးရုံး ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီဥက္ကဋ္ဌ၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ယင်းကော်မတီညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထို့အပြင် ယခုစီမံကိန်းသည် နိုင်ငံတော်အတွက် အရေးကြီးသည့် စံပြစီမံကိန်းဖြစ်ကြောင်း၊ ထပ်မံချုပ်ဆိုလိုက်သည့် စာချုပ်အသစ်ကို လွှတ်တော်၊ မီဒီယာများနှင့် ဒေသခံပြည်သူများအား ရှင်းလင်းပြီးဖြစ်ကြောင်း၊ ဒေသခံပြည်သူများအား မြေယာလျော်ကြေးပေးရာတွင်လည်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်ထားသည့် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ သတ်မှတ်ထားသည့် နှုန်းထားဖြင့် ပေးလျော်ခြင်းဖြစ်ကြောင်း၊ သိမ်းဆည်းမြေယာများ စိစစ်ရေးအဖွဲ့အနေဖြင့် ပြည်သူများ နားလည်အောင်လည်း ထပ်မံရှင်းလင်းပြောကြားရန် လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆောင်ရွက်ရာတွင် ပြည်သူများနစ်နာမှုမရှိစေရန် ကိုယ်ချင်းစာတရားထားပြီး ဖြေရှင်းဆောင်ရွက် ပေးသွားရမည်ဖြစ်ကြောင်း၊ သတ္တုတွင်းဝန်ကြီးဌာန၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဦးပိုင်လီမိတက်နှင့် ဝမ်ပေါင်ကုမ္ပဏီတို့မှ တာဝန်ရှိသူများကလည်း ဒေသလိုအပ်ချက်များကိုတက်ညီလက်ညီ ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများ၏ အလုပ်အကိုင်ရရှိရေးအတွက်ကို အဓိကထားဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေး၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ သိမ်းဆည်းမြေယာများ စိစစ်ရေးအဖွဲ့၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့၊ လူမှုစီးပွားဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့၊ သာသနိကအဆောက်အအုံများ ရွှေ့ပြောင်းခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်းအဖွဲ့၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် ဝမ်ပေါင်ကုမ္ပဏီတို့မှ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေး၊ မြေယာလျော်ကြေးပေးနေမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဒေသနေပြည်သူများ အလုပ်အကိုင်ရရှိရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

လက်ပံတောင်းတောင်ကြေးနီ စီမံကိန်းနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီဥက္ကဋ္ဌ၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ကော်မတီညှိနှိုင်း အစည်းအဝေး၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယင်းနောက် ကော်မတီဥက္ကဋ္ဌက ကော်မတီအနေဖြင့် ပြည်သူများအတွက် ကြိုးစားဆောင်ရွက်ပေးနေသည့်အပြင် ကော်မရှင်၏ အစီရင်ခံစာပါ အချက်အလက်များနှင့်ပိုမိုဆောင်ရွက်ပေးသင့်သည်များကိုလည်း ဆောင်ရွက် ပေးသွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ထိထိရောက်ရောက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရသည် ပြည်သူက တင်မြှောက်ထားသည့် အစိုးရဖြစ်သည့်အတွက် ပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

လက်ပံတောင်းတောင်စီမံကိန်း ဒေသဖွံ့ဖြိုးရေးနှင့် စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ သစ်တောနှင့် သတ္တုဝန်ကြီး ဦးသန်းထိုက်က "စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ စီမံကိန်းဒေသဖွံ့ဖြိုးရေးနဲ့ ပတ်သက်လို့ လျှပ်စစ်မီး၊ ကျောင်း၊ ရေရရှိရေး၊ မူကြိုကျောင်း၊ အားကစားကွင်း တည်ဆောက်ရေးတို့ကို ဒီနှစ်အနေနဲ့ ဒေါ်လာတစ်သန်း အကုန်အကျခံဆောင်ရွက်နေပါတယ်။ စီမံကိန်းနဲ့ ပတ်သက်လို့ မကျေနပ်တဲ့ပြည်သူ အနည်းငယ်ရှိတာပေါ့။ ဒါပေမယ့် သူတို့ဒေသဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ပေးနေတယ် ဆိုတာကို တော်တော်များများ သိလာပါပြီ။ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ စီမံကိန်းဒေသအတွင်းရှိ ပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးရေးနဲ့ ဒေသဖွံ့ဖြိုးရေးတို့အတွက် အစဉ်တစိုက် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု ပြောပြခဲ့သည်။

စီမံကိန်းနယ်မြေဒေသရှိ မြေယာသိမ်းဆည်းခံရသူများ၊ အလုပ်လက်မဲ့ ဒေသခံများအား တည်ဆောက်ရေးကာလအတွင်း လူဦးရေ ၁၃၀၀ ခန့်ကို အလုပ်အကိုင် ခန့်အပ်ပေးနိုင်မည်ဖြစ်သည်။ ယခုအခါတွင် မြေယာလျော်ကြေးငွေထုတ်ပေးမှုအနေဖြင့် ကျပ်သိန်းပေါင်း ၂၉၈၂၅ သိန်းကျော်၊ နှစ်ရှည်ပင်များအတွက် နစ်နာကြေးကျပ်သိန်းပေါင်း ၁၄၄၁ သိန်းကျော်၊ ရေတွင်းများအတွက် လျော်ကြေးငွေကျပ် ၂၂၆ သိန်းကျော်တို့ကို ထုတ်ပေးပြီးဖြစ်ရာ လျော်ကြေးငွေများကို စက်တင်ဘာ ၃၀ ရက်နောက်ဆုံးထား ထုတ်ယူနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။

စီမံကိန်း မြေယာမှုခင်းစစ်ဆေးရေးအဖွဲ့သို့ ပေးပို့ခဲ့သော ကန့်ကွက်စာ ၃၈၅ စောင်အနက် ၃၅၉ စောင်ကို ဖြေရှင်းဆောင်ရွက်ပေးပြီးဖြစ်ရာ ၂၆ စောင်အား စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်အခွန်ဘဏ္ဍာများဆုံးရှုံးနစ်နာ စားသုံးသူပြည်သူလူထု ကျန်းမာရေးအတွက်လည်း အန္တရာယ်ရှိ

နေပြည်တော် ဩဂုတ် ၉

တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီသည် ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ကုန်သွယ်လုပ်ငန်းများကို တရားဝင်ကုန်သွယ်မှုလမ်းကြောင်းပေါ် ရောက်ရှိအောင် ဆောင်ရွက်လျက်ရှိရာ ၁-၁၁-၂၀၁၂ မှ ၃၁-၇-၂၀၁၃ အထိ ကိုးလတာကာလအတွင်း နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းများ၌ ဖမ်းဆီးရမိ အမှုတွဲပေါင်း ၁၈၀၅မှု၊ တန်ဖိုးကျပ်သန်းပေါင်း ၆၁၃၉ သန်းကျော် (၆ ဒသမ ၁၂ ဘီလီယံ) ရှိကြောင်း သိရှိရသည်။

တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဆောင်ရွက်ရာတွင် ဖမ်းဆီးရမိပစ္စည်းများအနက် ကျောက်စိမ်းစသည့် တွင်းထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ လက်ကိုင်တယ်လီဖုန်း (Handset) များ၊ ကွန်ပျူတာသုံး ဆက်စပ်ပစ္စည်းများနှင့် တစ်ခါတစ်ရံ စက်အပိုပစ္စည်းများ အများစုပါဝင်သည်။

ကုန်သည်လုပ်ငန်းရှင်များသည် ၎င်းတို့၏ အကျိုးစီးပွားအတွက် အမြတ်အစွန်းရရှိရေးကိုသာ အဓိကထား ဆောင်ရွက်နေကြသဖြင့် FDA ထောက်ခံချက်မပါရှိသော စားသောက်ကုန်များ တင်သွင်းလာကြသည့်အတွက် ပြည်သူလူထုစားသုံးရန်မသင့်သည့် စားသောက်ကုန်များဖြစ်သည့် စားသုံးဆီ၊ ကြက်အသည်းအမြစ်၊ အေးခဲအသား၊ အေးခဲပင်လယ်စာ၊ အသားတုံး၊ အစပ်ချောင်းနှင့် မုန့်မျိုးစုံစသည့် ပစ္စည်းများကို ဖျက်ဆီးခဲ့ရသည်။

စစ်ဆေးရေးအဖွဲ့များကို ညှိနှိုင်းပြီး အခွန်ဆောင်ထားသော တရားဝင်ပစ္စည်း ၃၀ ရာခိုင်နှုန်းကို တရားမဝင်ပစ္စည်း ၇၀ ရာခိုင်နှုန်းဖြင့် ရောနှောသယ်ဆောင်ခြင်း၊ လယ်ယာသုံးပစ္စည်းဖြစ်၍ အခွန်မပေးရသော ဓာတ်မြေဩဇာဟု လိုင်စင်လျှောက်ပြီး ဘိလပ်မြေများကို အလွဲတင်သွင်းခြင်း၊ အရေအတွက် ပိုမိုတင်ဆောင်ခြင်းတို့အပြင် တရားမဝင်သည့် ကုန်ပစ္စည်းများကို ရှောင်ကွင်းလမ်းများမှ သယ်ဆောင်ခြင်းစသည်ဖြင့် နည်းမျိုးစုံသုံးပြီး အခွန်တိမ်းရှောင်ဖို့ ကြိုးစားကြသည့်အတွက် နိုင်ငံတော်၏ အခွန်ဘဏ္ဍာများ ဆုံးရှုံးနစ်နာလျက်ရှိသည်။

တရားမဝင်ကုန်သွယ်မှု တားဆီးရေးလုပ်ငန်းများကို နိုင်ငံကုန်သွယ်မှုအားလုံး၏ ၂၀ ရာခိုင်နှုန်းသာရှိသော နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းများအပေါ်၌သာ ဆောင်ရွက်နိုင်သည့် အခြေအနေရှိပြီး ကုန်သွယ်မှု ၈၀ ရာခိုင်နှုန်းရှိသော ပင်လယ်ရေကြောင်း ကုန်သွယ်မှုအပေါ်တွင် ဆောင်ရွက်နိုင်မှုမရှိသေးသည့်အတွက် နိုင်ငံ၏အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာမှုများကို ကာကွယ်ထိန်းသိမ်းနိုင်ရေး ကုန်သည်လုပ်ငန်းရှင်များ၊ ဝန်ထမ်းများအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် အထူးလိုအပ်သည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများအဆင့်သို့ ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ကုန်သည်လုပ်ငန်းရှင် စီးပွားရေးသမားများသည် ယုံကြည်စိတ်ချရသော ကျင့်ဝတ်သိက္ခာရှိသူများအဖြစ် မိမိကိုယ်မိမိ တာဝန်ယူတတ်သူများ၊ အများအကျိုးအတွက် ပူးပေါင်းဆောင်ရွက်နိုင်စွမ်းရှိသူများ ဖြစ်လာစေရေးအတွက် အပြုသဘောဖြင့် ဦးတည်ဆောင်ရွက်သွားကြရန်လိုကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တိုက်တွန်းထားသည်။

(သတင်းစဉ်)

မိုးရေချိန်စံချိန်သစ်

နေပြည်တော် ဩဂုတ် ၉

ဩဂုတ် ၉ ရက် မြန်မာစံတော်ချိန် ၉ နာရီခွဲတိုင်းထွာချက်များအရ ဩဂုတ်လ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်ကို အောက်ဖော်ပြပါစခန်းများ၌ တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။

စဉ်	စခန်းအမည်	မိုးရေချိန်စံချိန်သစ်		စံချိန်ဟောင်း		ယခင်စံချိန်ကျိုးခဲ့သည့်နှစ်	စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ		
၁။	ရေဦး	၁၅၀	၅. ၉၁	၁၄၂	၅. ၅၉	၄-၈-၁၉၉၇	၄၁

အပူပိုင်းဒေသ စိမ်းစိုဖို့ သစ်တောသစ်ပင်တွေ ထိန်းသိမ်းစို့

နိုင်ငံတကာသတင်း

ပါကစ္စတန် လာဟိုးမြို့မှ အမေရိကန်သံတမန်များ အကြမ်းဖက်မည့် အန္တရာယ်ကြောင့် ပြန်လည်ခေါ်ယူ

လာဟိုး ဩဂုတ် ၉

ပါကစ္စတန်နိုင်ငံက လာဟိုးမြို့ရှိ မလိုအပ်သူအားလုံး အမေရိကန်ကောင်စစ်ဝန်ချုပ်ရုံးအတွင်းမှ ထွက်ခွာပေးပါရန် အမေရိကန်အစိုးရက အမိန့်ထုတ်လိုက်ကြောင်း ဩဂုတ် ၉ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယင်းသို့ဆောင်ရွက်ခြင်းသည် ကောင်စစ်ဝန်ချုပ်ရုံးကို ခြိမ်းခြောက်မှုကြောင့်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးရုံး ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

အမေရိကန်နိုင်ငံသားများအနေဖြင့် မလိုအပ်ဘဲ ၄င်းဒေသသို့ သွားရောက်ခြင်းကို ကန့်သတ်သင့်ကြောင်း ၄င်းတာဝန်ရှိသူက ပြောသည်။ အမေရိကန်နိုင်ငံသားများ ပါကစ္စတန်နိုင်ငံသို့ မလိုအပ်ဘဲ သွားရောက်လည်ပတ်ခြင်းမပြုရန် အမေရိကန်က သတိပေးချက်များ ဩဂုတ် ၈ ရက်က ထုတ်ပြန်ထားသည်။

ပိတ်ထားဆဲ

မိမိတို့အနေဖြင့် လာဟိုးမြို့ ကောင်စစ်ဝန်ချုပ်ရုံးကို တိုက်ခိုက်ရန် ခြိမ်းခြောက်မှုများ သတင်းရရှိထား၍ စိုးရိမ်ရသဖြင့် ဝန်ထမ်းများအား အချိန်မီထွက်ခွာရန် အမိန့်ထုတ်ရခြင်းဖြစ်ကြောင်း ၄င်းတာဝန်ရှိသူက ပြောသည်။

ပါကစ္စတန်နိုင်ငံတစ်ဝန်း အမေရိကန်နိုင်ငံသားများအား ပစ်မှတ်ထားတိုက်ခိုက်မည့် သတိပေးချက်များ ထွက်ပေါ်လျက်ရှိသည်။ အဆိုပါ ကောင်စစ်ဝန်ချုပ်ရုံးကို မည်သည့်အချိန်ပြန်ဖွင့်မည်ကို မသိရသေးကြောင်း တာဝန်ရှိသူက ဆက်လက်ပြောကြားသည်။ အမေရိကန်က အရှေ့အလယ်ပိုင်းနှင့်အာဖရိကရှိ သံရုံး ၁၉ ခုကို အကြမ်းဖက်ခြိမ်းခြောက်မှုကြောင့် ပိတ်ထားဆဲဖြစ်သည်။

(ဘီဘီစီ)

ကယ်လီဖိုးနီးယားတောင်ပိုင်း တောမီးလောင် လူရာနှင့်ချီ၍ နေအိမ်စွန့်ခွာထွက်ပြေး

ကယ်လီဖိုးနီးယား ဩဂုတ် ၉

ကယ်လီဖိုးနီးယား တောင်ပိုင်း၌ တောမီးများထိန်းမနိုင် သိမ်းမနိုင် လောင်ကျွမ်းလာသဖြင့် လူပေါင်း ၁၅၀၀ ခန့် နေအိမ်များကို စွန့်ခွာထွက်ပြေးကြရကြောင်း မီးသတ်တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါတောမီးသည် ဩဂုတ် ၇ ရက်က ဘန်းနင်းမြို့အနီးမှ စတင်လောင်ကျွမ်းခဲ့ပြီးနောက် မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သားတစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားသည်။

မီးတောက်မီးလျှံများသည် အရှိန်အဟုန်ကောင်းစွာ ပျံ့နှံ့လောင်ကျွမ်းခဲ့ပြီး ဧက ၁၀၀၀၀ ခန့် မီးလောင်ကျွမ်းသွားသည်ဟုဆိုသည်။ မီးသတ်တပ်ဖွဲ့ဝင် ၁၀၀၀ ခန့်ပါဝင် မီးငြိမ်းသတ်ခဲ့ပြီး ဝေဟင်မှမီးသတ် လေယာဉ်ခြောက်စင်းနှင့် ရဟတ်ယာဉ် ၁၃ စင်းတို့ အသုံးပြုကာ မီးငြိမ်းသတ်ခဲ့ကြောင်း ကယ်လီဖိုးနီးယား မီးသတ်က ပြောကြားသည်။

(ဘီဘီစီ)

အင်ဒိုနီးရှားခရီးသည်တင်လေယာဉ် လေဆိပ်အဆင်း ပြေးလမ်းချော်

ဂျကာတာ ဩဂုတ် ၉

အင်ဒိုနီးရှားခရီးသည်တင်လေယာဉ်တစ်စင်းသည် ပြေးလမ်းချော်ပြီး နွားတစ်ကောင်ကို ဝင်တိုက်ခဲ့ကြောင်း ဩဂုတ် ၇ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ခရီးသည်အနည်းဆုံး ၁၁၀ လိုက်ပါလာသည့် လိုင်းယွန်းလေကြောင်းလိုင်း လေယာဉ်သည် ဆူလာဝေစီကျွန်းဂျာလာလူဒင် လေဆိပ်အဆင်း ပြေးလမ်းချော်ပြီး နွားတစ်ကောင်ကို ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။ ယင်းဖြစ်စဉ်ကြောင့် လေယာဉ်ပေါ်ပါ ခရီးသည်တစ်ဦးမျှ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းမရှိဟုဆိုသည်။ သို့သော်လည်း နွားသည် လေယာဉ်ဘီးအောက်တွင် သေဆုံးသွားဖွယ်ရှိသည်။

ကနဦး သတင်းများတွင် လေယာဉ်ရှေ့တွင် ခွေးများကို တွေ့ရသည်ဟုဆိုသည်။ သို့သော်လည်း သေချာစွာ စစ်ဆေးကြည့်သည့်အခါ ပြေးလမ်းအလယ်တွင် နွားသုံးကောင်ရောက်ရှိနေသည်ဟုဆိုသည်။

ယင်းဖြစ်ရပ်တွင် ခရီးသည်အားလုံး လုံခြုံဘေးကင်းစွာ ဆင်းသက်နိုင်ခဲ့ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဘန်ဘန်းအာဗန်က အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

(အေအက်ဖ်ပီ)

အစ္စရေးနှင့်ပါလက်စတိုင်း ဩဂုတ် ၁၄ ရက်တွင် ငြိမ်းချမ်းရေးဆွေးနွေးမည်

ဝါရှင်တန် ဩဂုတ် ၉

အစ္စရေးနှင့် ပါလက်စတိုင်းတို့သည် ဇူလိုင်လကုန်ပိုင်းက ဝါရှင်တန်၌ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်လည်စတင်ခဲ့ပြီးနောက် ဒုတိယနှင့် တတိယအကျော့ ငြိမ်းချမ်းရေးဆွေးနွေးကြမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ယင်းတို့သည် ဩဂုတ် ၁၄ ရက်တွင် ဂျေရုဆလင်၌ ဒုတိယအကြိမ် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြုလုပ်ပြီးအနောက်ဘက်ကမ်းဒေသ ဂျာရီချိုဒေသ၌ တတိယအကျော့ဆွေးနွေးပွဲ ပြုလုပ်သွားမည်ဟု ဩဂုတ် ၈ ရက်က အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

(ဆင်ဟွာ)

အသေခံဗုံးခွဲတိုက်ခိုက်

ပါကစ္စတန်နိုင်ငံအနောက်ပိုင်း ကွက်တာမြို့ နာရေးအခမ်းအနားတစ်ခု၌ အသေခံဗုံးခွဲတိုက်ခိုက်မှု တစ်ရပ် ဩဂုတ် ၈ ရက်က ဖြစ်ပွားခဲ့ရာ အဆင့်မြင့်ရဲအရာရှိများ အပါအဝင် အနည်းဆုံး လူ ၃၁ ဦး သေဆုံးပြီး ၅၀ ကျော် ထိခိုက်ဒဏ်ရာ ရရှိသွားခဲ့သည်။

(ဓာတ်ပုံ-ဆင်ဟွာ)

ယုံကြည်မှု ဆန္ဒမဲရှုံးနိမ့်ခဲ့ပြီးနောက် ချက်အစိုးရအဖွဲ့ နုတ်ထွက်မည်ဟုဆို

ပရာဂူး ဩဂုတ် ၉

ဝန်ကြီးချုပ် ဂျီရီရပ်စ်နော့စ် ဦးဆောင်သော ချက်အစိုးရအဖွဲ့သည် ဩဂုတ် ၇ရက်က ကျင်းပသော ပါလီမန်အတွင်း ယုံကြည်မှုဆိုင်ရာ ဆန္ဒမဲပေးရာတွင် ရှုံးနိမ့်သွားပြီးနောက် ဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

လွန်ခဲ့သောလက သမ္မတမီလောဇေမန်းက ရွေးချယ်တင်မြှောက်ထားသော အစိုးရဝန်ကြီးအဖွဲ့သစ်သည် ယုံကြည်မှုနှင့်ပတ်သက်သည့် အဆိုအတွက် မဲခွဲဆုံးဖြတ်ရာတွင် ရှုံးနိမ့်သွားခဲ့သည်ဟု မီဒီယာများက သတင်းဖော်ပြသည်။

နုတ်ထွက်လွှာပေး

မိမိတို့အစိုးရအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတထံသို့ နုတ်ထွက်လွှာများ ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေနဲ့ နိုင်ငံအုပ်ချုပ်ရေးအဖွဲ့သို့ အခြေခံကျသော ဖြည့်ဆည်းကူညီမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ရပ်စ်နော့စ်က ပြောကြားသည်။

ရပ်စ်နော့စ်သည် ဝန်ကြီးချုပ်ဟောင်း ပီတာနေးကက် လာဘ်စားမှုနှင့် သူ့လျှိုကိစ္စနှင့်ပတ်သက်ပြီး နုတ်ထွက်ခဲ့သဖြင့် ဝန်ကြီးချုပ်အဖြစ် အစားထိုးကျမ်းသစ္စာကျိန်ဆိုခဲ့ခြင်း ဖြစ်သည်။

(ဆင်ဟွာ)

တောင်ပြုံးပွဲ သို့ ရွှေကြေးစည်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ် လမ်း/တံတားလုပ်ငန်းများဆောင်ရွက်ရန်လိုအပ်သည့် ပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁	ဘိလပ်မြေ	၁၅၅၀ တန်
၂	သံချောင်းရှယ်စုံ	၁၅၅ တန်

တင်ဒါလျှောက်လွှာပိတ်ရက် - ၂၀-၈-၂၀၁၃ရက်

တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - ညနေ ၅း၀၀နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို ဂန့်ဂေါခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ ၁၂-၈-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဖုန်း-၀၆၂-၅၀၀၂၈

သတင်းဆောင်းပါးနှင့်ပြည်တွင်းသတင်း

တောင်သူတို့အတွက် မုဒိတာ ဇေ ၅၀၀ စိုက်ကွင်း

အောင်သိယ်

(ယမန်နေ့မှအဆက်)

တောင်သူပညာပေးဇေ ၅၀၀ စက်မှုလယ်ယာစံပြစိုက်ကွင်းတွင် မြစိမ်းရောင်နို့ချက်စက်ရုံ ရှိသည်။ အဆိုပါစက်ရုံသို့ ညောင်ပင်ကြီးစုကျေးရွာနှင့် ကပ်လျက်တည်ရှိသည့် အောင်သုခကျေးရွာမှ တောင်သူများ လာရောက်၍ နွားနို့များပေးပို့လျက်ရှိသည်။ ထိုအထဲတွင် ယမန်နေ့က လယ်ကွင်းထဲတွင် တွေ့ခဲ့သူ တောင်သူဦးတင်ထွန်းကိုလည်းတွေ့ရသည်။

"ကျွန်တော်က တစ်ဖက်က ဒီစိုက်ကွင်းမှာတောင်သူလုပ်ရင်း အိမ်မှာလည်း နွားလေးကောင် မွေးထားပါတယ်။ တစ်ကောင် တစ်နေ့ ငါးပိဿာနှုန်းနဲ့ ပိဿာ ၂၀ လောက်ထွက်တာပေါ့။ ကျွန်တော်တို့ အောင်သုခကျေးရွာမှာ တောင်သူ ၂၃ ဦးက နို့စားနွားအကောင် ၅၀ မွေးထားပါတယ်။ တစ်ရွာလုံး တစ်နေ့ စုစုပေါင်း နို့ပိဿာ ၂၅၀ လောက်ထွက်ပါတယ်။ ဒါတွေအားလုံးကို ဒီမြစိမ်းရောင်နို့ချက်စက်ရုံကို လာသွင်းတာပါ" ဟု ဦးတင်ထွန်းက ရှင်းပြသည်။

နွားဝယ်ယူမွေးမြူမှုနှင့်ပတ်သက်၍လည်း "နွားတွေက မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက အကြွေးစနစ်နဲ့ ရောင်းပေးတာပါ။ နွားနို့ဖိုးရတဲ့ထဲကနေ အရစ်ကျပြန်ဆပ်ရတာပေါ့။ သူတို့က ကျွန်တော်တို့ကို တံတားဦးမြို့ဘက်ခေါ်သွားပြီး နွားတွေကိုပြပါတယ်။ ကျွန်တော်တို့က ကြိုက်တဲ့နွား ဝယ်လာရုံပါပဲ"။

နို့ချက်စက်ရုံမှာ အရွယ်အစားသိပ်မကြီးမားလှ။ လူတိုင်း တစ်ပိုင်တစ်နိုင် လုပ်ကိုင်နိုင်သည့် အခြေအနေရှိသည်။ အဆိုပါ စက်ရုံမှနို့ထုတ်လုပ်နိုင်မှုကို တီးခေါက်ကြည့်မိရာ စက်ရုံဒုတိယတာဝန်ခံဖြစ်သူ ဒေါက်တာညွန့်နိုင်က စက်ရုံမှ တစ်နေ့နွားနို့လီတာ ၁၀၀၀ ၊ ပိဿာအားဖြင့် ၆၀၀ ခန့် ထုတ်လုပ်နိုင်ကြောင်း၊ အောင်သုခကျေးရွာမှ တစ်နေ့ပိဿာ ၂၅၀ ခန့်နေ့စဉ်လာပို့ကြောင်း၊ ယင်းနွားနို့များမှ ပေါင်းသတ်ပြီး နို့ပိဿာ ၂၄၀ နှင့်ဒိန်ချဉ် ၁၀ ပိဿာ နေ့စဉ်ထုတ်လုပ်လျက်ရှိပြီး နို့ရေခဲမုန့်ကိုမူ ရံဖန်ရံခါထုတ်လုပ်ကြောင်း၊ ထုတ်လုပ်သည့် နို့နှင့်ဒိန်ချဉ်များကို ယူနီစန်ကဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ဌာနအနေဖြင့်လည်း နေပြည်တော်ရှိရုံးများသို့ ဖြန့်ဖြူးပေးပါကြောင်းဖြင့် ပြောပြသည်။

စက်ရုံအတွင်းလှည့်လည်လေ့လာစဉ် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်သန်းက စိုက်ကွင်းအတွင်း မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

"ဒီဇေ ၅၀၀ စိုက်ကွင်းထဲမှာ မွေးမြူရေးနဲ့ပတ်သက်ပြီး Model Farm လေးလုပ်ထားပါတယ်။ ဒီမှာအဓိကဆောင်ရွက်တာကတော့ နို့စက်ရုံကနေ နို့တွေထုတ်လုပ်ဖြန့်ဖြူးပေးတာပါ။ နောက်တစ်ခုက နို့စားနွားမွေးမြူရေး လုပ်ငန်းတိုးတက်ဖို့အတွက် ပြည်သူတွေရဲ့လက်ထဲကို မျိုးကောင်းမျိုးသန့်နွားတွေ၊ နို့ထွက်ကောင်းတဲ့နွားတွေရောက်ဖို့ လုပ်ပေးနေပါတယ်" ဟုရှင်းပြသည်။

နို့စက်ရုံနှင့်ပတ်သက်၍ ၎င်းက ဆက်လက်ပြောကြားရာတွင် "ဒီစက်က FAO ကထောက်ပံ့ပေးတဲ့ စက်ပါ။ ကျွန်တော်တို့ဌာနက ဒေသအသီးသီးကနေနွားတွေရှာပြီး မွေးချင်တဲ့လူတွေကို အကြွေးစနစ်နဲ့ရောင်းပေးပါတယ်။ ဒီနေပြည်တော်မှာတော့ အောင်သုခနဲ့အလျင်လိုကျေးရွာတွေကို ရောင်းပေးထားပါတယ်။ သူတို့က နွားနို့ဖိုးထဲကနေတစ်လချင်းပြန်ဆပ်ပေါ့။ ၁၈ လကြာရင် ဒီနွားတွေကို သူတို့ပိုင်ဆိုင်သွားပါပြီ။ အောင်သုခရွာကထွက်တဲ့ နွားနို့တွေကို ဒီပေါင်းစက်နဲ့ပေါင်းပြီး ဒီမှာရှိတဲ့ပြည်သူတွေကို ပြန်လည်ဖြန့်ဖြူးပေးပါတယ်။ ဒီစက်က နောက်ကျရင် ဒီအနီးအနားက တောင်သူတွေနဲ့ဖွဲ့စည်းထားတဲ့ မြစိမ်းရောင် သမဝါယမအသင်းကို လွှဲပေးမှာပါ။ ဒီအသင်းကပဲ ဒီလုပ်ငန်းတွေကို ဆက်ပြီးဆောင်ရွက်သွားမှာပါ။ ကျွန်တော်တို့က နမူနာလုပ်ပြရုံ လုပ်ပေးနေတာပါ။

အဲဒီလိုပဲ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာလည်း ဒီလို Model Farm လေးတွေ ထူထောင်သွားမှာပါ။ ဒီစက်လိုပဲ ဘဲလ်ဂျီယံကထုတ်တဲ့ နို့စက်ရုံပေါင်း ၁၀၀ မှာယူထားပါတယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာ အနည်းဆုံး စက်ရုံ ၂၀ လောက်တည်ထောင်သွားဖို့ ဆောင်ရွက်နေပါတယ်။ အဓိကရည်ရွယ်ချက်က ဒီစက်ရုံတွေကထွက်တဲ့နို့တွေကို ကလေးတွေအာဟာရဖြစ်စေဖို့ ဆောင်ရွက်နေတဲ့ ကျောင်းများ နို့တိုက်ကျွေးရေးအစီအစဉ် (School Milk Programme)ကို ထောက်ပံ့ပေးနိုင်ဖို့ပါ။ တစ်ဖက်ကလည်း ဒီစက်ရုံတွေတည်ထောင်တာကနေ ကျေးလက်နေတောင်သူတွေ နွားမွေးမြူရေးလုပ်ဖို့၊ နို့စားနွားမွေးမြူရေး လုပ်ငန်းဖွံ့ဖြိုးလာဖို့ တစ်ပါတည်းဆောင်ရွက်ပေးတဲ့သဘောပါ။ အဲဒီစက်တွေကိုလည်း သက်ဆိုင်ရာသမဝါယမအသင်းတွေက ဆက်လုပ်နိုင်ပြီဆိုရင် ကျွန်တော်တို့က လွှဲပြောင်းပေးခဲ့မှာပါ" ဟု ပြောကြားသည်။

နို့စားနွားမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် ပြည်ပမှ မျိုးကောင်းမျိုးသန့် နွားများကို အကောင်လိုက်တင်သွင်းဖြန့်ဖြူးခြင်းနှင့် မျိုးချောင်းများအခမဲ့ဖြန့်ဖြူးပြီးအခမဲ့သားစပ်ပေးခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။ ဇေ ၅၀၀ စိုက်ကွင်းတွင် နိုင်ငံခြားနို့စားနွား မျိုးကောင်းမျိုးသန့်များကိုမွေးမြူထားသည်။ အဆိုပါနွားမွေးမြူရေးခြံတွင် နွားများ မွေးမြူထားမှုနှင့်ပတ်သက်၍ ဒေါက်တာမြင့်သန်းက "မျိုးကောင်းတဲ့ နွားတွေကို ထိုင်းကနေဝယ်ပြီး ဒီမှာမွေးထားတာပါ။ နွားတွေကမျိုးတွေနဲ့ပါ။ အခု နှစ်ကောင် စပေါက်နေပြီ။ ပေါက်လာတဲ့အထီးကလေးတွေကို ပြည်သူတွေဆီ ဖြန့်ပေးမှာပါ။ အမလေးတွေကို မျိုးပြန်ယူပြီး ပြန်စပ်မှာဖြစ်ပါတယ်။ နွားမ စုစုပေါင်း ၃၆ ကောင်ကနေမွေးလာတဲ့ နွားလေးတွေထဲမှာ အနည်းဆုံး

မြစိမ်းရောင်နို့ချက်စက်ရုံတွင် ပေါင်းသတ်ရန် ပြင်ဆင်ထားသည့် နွားနို့ပုံးများ။

အထီး ၁၈ ကောင်တော့ပါမှာပါ။ ပြည်သူတွေအနေနဲ့ မျိုးကောင်းမျိုးသန့် နွားတွေကိုမွေးမှ နွားမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးလာမှာ ဖြစ်ပါတယ်"ဟု ရှင်းပြသည်။

နွားမွေးမြူရေးလုပ်ငန်းမှာ တောင်သူများနှင့်အလွန်အပ်စပ်သည့်လုပ်ငန်းဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းမှရရှိသည့် ဘေးထွက်ပစ္စည်းများကို နွားစာအဖြစ် အသုံးပြုနိုင်ပြီး နွားချေးကိုမူ သဘာဝမြေသြဇာအဖြစ်ပြန်လည်အသုံးပြုနိုင်သည်။ မိမိလယ်ယာထဲမှပင် နွားစာရရှိသဖြင့် စရိတ်စကမကုန်ကျဘဲ အမြတ်ရရှိနိုင်သကဲ့သို့ နွားချေးကိုမြေသြဇာအဖြစ် အသုံးပြုခြင်းဖြင့် စိုက်ပျိုးစရိတ်ကုန်ကျမှုကိုလည်း သက်သာစေမည်ဖြစ်သည်။

"နို့စားနွားတွေကို အစုအဖွဲ့လေးတွေနဲ့မွေး၊ ထွက်လာတဲ့နို့တွေကို နို့ပေါင်းစက်မှာပေါင်းပြီး ရွာမှာဆိုင်ကလေးဖွင့်ရောင်း၊ အဲဒီဆိုင်မှာ နွားစာနဲ့ တိရစ္ဆာန်ဆေးဝါးလေးတွေတွဲရောင်း၊ ပြီးတော့ နွားချေးကို ဇီဝဓာတ်ငွေ့ထုတ်ပြီး ကျေးရွာလျှပ်စစ်မီးလင်းအောင်လုပ်၊ ဒါဆိုရင်အဲဒီကျေးရွာဖွံ့ဖြိုးလာမှာ အသေအချာပဲ"ဟု ဒေါက်တာမြင့်သန်းက ပြောကြားသည်။

ဇေ ၅၀၀ စိုက်ကွင်းအတွင်း အဆိုပါစံပြမွေးမြူရေးလုပ်ငန်းကို ၂၀၁၁ခုနှစ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းအရှိန်ကောင်းမွန်ပြီးအောင်မြင်မှုများရရှိနေပြီဖြစ်သည်။ ယင်းလုပ်ငန်းကို မွေးမြူရေးလုပ်ငန်း လုပ်ကိုင်နေသူများ၊ ဒေသအသီးသီးမှတောင်သူများ စိတ်ဝင်တစား လာရောက်လေ့လာလျက်ရှိပြီး အားကျအတုယူ၍ နွားကောင်ရေ ၅၀ ခန့်အထိ မွေးမြူလာသူများ ပေါ်ထွန်းလာပြီဖြစ်သည်။ ထို့အပြင် စိုက်ကွင်းအတွင်းရှိ မွေးမြူရေးခြံအနီးမှာပင် ပြည်ပမှ မွေးမြူရေးပညာရှင်များ လာရောက်ပို့ချသည့် သင်တန်းများဖွင့်လှစ်၍ တောင်သူများအား မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်နိုင်ရန် လက်တွေ့သင်ကြားပြသပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးမှုနှင့်အတူ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ယခုနှစ်တွင် မွေးမြူရေးလုပ်ငန်းများ သိသိသာသာတိုးတက်လာပြီး ၂၀၁၅ ခုနှစ်တွင် အရှိန်အဟုန်ကောင်းကောင်းဖြင့် ဖွံ့ဖြိုးလာတော့မည်ဖြစ်သည်။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့်လည်း နို့စားနွားမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးလာရန်အတွက် နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် အဓိကထား ဆောင်ရွက်လျက်ရှိသည်။ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ယင်းဒေသများရှိ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်များနှင့် ဒေသခံများ၏တောင်းဆိုချက်အရ အသားစားနွားနှင့် ခိုင်းနွားမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးလာအောင်ဆောင်ရွက်နေကြောင်း သိရှိရသည်။

မွေးမြူရေးခြံအတွင်း လှည့်လည်လေ့လာပြီးနောက် စိုက်ကွင်းအတွင်း Alliance Stars Group of Companyies က တည်ဆောက်ထားသည့် Food Processing Plant နှင့် ဆန်စက်တို့ကို သွားရောက်ကြည့်ရှု လေ့လာခဲ့သည်။ ယင်းသို့လေ့လာစဉ် ကုမ္ပဏီမှအထွေထွေမန်နေဂျာ ဦးချမ်းမြေ့အောင်က "ဒါက Food Processing Plant ပါ။ ဒီအနီးအနားတစ်ဝိုက်က ထွက်ရှိလာတဲ့ သီးနှံတွေကို အဆင့်မြင့်ထုပ်ပိုးပြီး နိုင်ငံခြားကိုတင်ပို့နိုင်ဖို့နဲ့ အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကနေ လာရောက်လေ့လာနိုင်ဖို့အတွက် နမူနာပြအနေနဲ့ ရည်ရွယ်တည်ဆောက်ထားတာဖြစ်ပါတယ်။ ဒီ Plant ကို ဂျာမနီကနေ တင်သွင်းခဲ့တာပါ။ ဥပမာအားဖြင့် ကျွန်တော်တို့ဆီက ထွက်တဲ့သီးနှံတွေကို တရုတ်ကိုပို့တဲ့အခါ ဈေးနှိမ်ခံရတတ်ပါတယ်။ ဒါကြောင့် သီးနှံတွေကို သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းတွေနဲ့အညီ အခြားနိုင်ငံတွေကို တင်ပို့နိုင်အောင် ဒီစက်ရုံက ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

ဆန်စက်နှင့်ပတ်သက်၍လည်း "ဒီဆန်စက်က ဂျပန်နိုင်ငံလုပ် Satake ဆန်စက်အမျိုးအစားပါ။ တစ်နေ့ကိုတန် ၇၀ ကျအောင် ကြိတ်ခွဲနိုင်ပါတယ်။ ဒီဆန်စက်ဟာ ဆန်အထွက်နှုန်း ကောင်းမွန်ပြီး ဆန်အရည်အသွေးကို ထိန်းသိမ်းကြိတ်ခွဲနိုင်တဲ့အပြင် နိုင်ငံခြားကိုပို့နိုင်တဲ့ အရည်အသွေးမြင့်ဆန်တွေကို ကြိတ်ခွဲနိုင်ပါတယ်။ အခြားဆန်စက်တွေ၊ ဟာလာစက်တွေနဲ့မတူပါဘူး။ နိုင်ငံတကာမှာ အသုံးများတဲ့ဆန်စက်ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံကနေ ထွက်ရှိလာတဲ့ မျိုးကောင်းမျိုးသန့်နဲ့အထွက်တိုး စပါးတွေကနေ အရည်အသွေးပြည့်မီတဲ့ဆန်တွေထုတ်လုပ်ပြီး နိုင်ငံတကာကို တင်ပို့နိုင်ဖို့ရည်ရွယ်ပြီး ရင်းနှီးမြှုပ်နှံထားတာဖြစ်ပါတယ်။ စက်ရုံအနေနဲ့ စက်တပ်ဆင်မှုပြီးစီးနေပြီဖြစ်ပြီး စမ်းသပ်လည်ပတ်နေပါပြီ။ ဒါ့အပြင် စပါးအခြောက်ခံစက်နဲ့ သိုလှောင်ရုံတွေကိုလည်း နိုင်ငံခြားကနေတင်သွင်းထားပြီးပါပြီ" ဟု ပြောပြသည်။

တောင်သူပညာပေးဇေ ၅၀၀ စိုက်ကွင်းကြီးသည်ကား တောင်သူများအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာနည်းစနစ်များ၊ အသိပညာများကို တစ်ထိုင်တည်းဖြင့် ရရှိစေနိုင်သည့် ပညာပေးစခန်းကြီးဖြစ်သည်။ နိုင်ငံတစ်ဝန်း အနယ်နယ်အရပ်ရပ်မှ မိဘပြည်သူများ၊ တောင်သူဦးကြီးများ၏လူနေမှုဘဝမြင့်မားလာစေရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာပညာရပ်များ ဝေငှပေးနေမှုအား မုဒိတာပွားနိုင်ရန် မျှဝေပေးလိုက်ရပါသည်။ ။

ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

နေပြည်တော် ဩဂုတ် ၉

ဂေါတမဘုရားအလောင်းတော် ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောစသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာတစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် သံဝေဇနီယသုံးဌာနကို နေပြည်တော် သတ္တဌာနအနီး ပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင် စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန်(နေပြည်တော်ကောင်စီဝင်) ဖုန်း ၀၆၇-၀၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဖုန်း ၀၆၇-၄၃၂၁၁၆၊ ဦးဝင်းဌေး (အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၀၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း ၀၆၇-၄၁၄၂၀၂၊၀၆၇- ၄၁၄၂၀၄၊ စီမံရေးရာဌာနမှူး ဖုန်း ၀၉-၆၄၀၀၃၉၄ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

မိုင်းရှူးမြို့နယ်၌ မြေပြို

နေပြည်တော် ဩဂုတ် ၉

ရှမ်းပြည်နယ် မိုင်းရှူးမြို့နယ် မိုင်းစံမြို့နယ်ခွဲ ဟိုဆိုင်ကျေးရွာအုပ်စု ဝမ်ကမ်အခြေခံပညာအထက်တန်းကျောင်းတွင် ယနေ့နံနက် ၁၀ နာရီခွဲက မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွားခဲ့ကြောင်း၊ မြေပြိုမှုကြောင့် ကိုးတန်းကျောင်းသူ နှစ်ဦး၊ သုံးတန်းကျောင်းသူ တစ်ဦး သေဆုံးပြီး ၁၂ ဦး ဒဏ်ရာများရရှိခဲ့သဖြင့် ဝမ်ကမ်ဆေးရုံ၌ ဆေးကုသပေးလျက်ရှိကြောင်း သိရှိရသည်။

စန်းစန်းယဉ်(မိုင်းရှူး)

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ဩဂုတ်လအတွင်းရွာမည့်မိုးဖြင့် စပါးနှင့်ယာသီးနှံ အောင်မြင်စွာစိုက်ပျိုးနိုင်ရေး

ဆင်းသိဟ

နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် သီးနှံမျိုးစုံကို စိုက်ပျိုးလျက်ရှိရာ စပါးသီးနှံသည် အရေးပါသည့် နိုင်ငံတော်သီးနှံဖြစ်သည်။ အစေ့ထုတ်ပြောင်း၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ မတ်ပဲ၊ ချည်မျှင်ရှည်ဝါနှင့် ကြံသီးနှံတို့သည်လည်း နိုင်ငံတော်အတွက်အရေးကြီးသည့် အဓိကသီးနှံများဖြစ်သည်။

စပါးသီးနှံကို ပြည်ထောင်စုတစ်ဝန်း၌စိုက်ပျိုးသည်။ ယခုနှစ်ဇူလိုင်လကုန်ထိမိုးရွာသွန်းမှုအပေါ် မူတည်ပြီး မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးစပါးကို အချိန်မှန်စိုက်ပျိုးနိုင်သည်။ သို့သော် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့တွင်မူ အချို့အနည်းစုသာ ပျိုးထောင်စိုက်ပျိုးနိုင်ပြီး ဒေသအများစုတွင် မိုးစပါးစိုက်ပျိုးရန်ပျိုးမထောင်ရသေးသည်များရှိကြောင်း သိရသည်။

ယခင်နှစ်များက အတွေ့အကြုံအရ ဩဂုတ်လတွင်မိုးကောင်းလေ့ရှိသည်။ မြန်မာနိုင်ငံအလယ်ပိုင်းရှိ လယ်သမားအများစုသည် ထိုမိုးဖြင့်စပါးစိုက်နိုင်သည်။ ပဲတီစိမ်း၊ မြေပဲစသည့် ယာသီးနှံတစ်မျိုးမျိုးကိုလည်း ထိုမိုးကိုစောင့်၍ စိုက်လေ့ရှိသည်။ ဇွန်၊ ဇူလိုင်မည်မျှမိုးခေါင်ပါစေ ဩဂုတ်လတွင် သီးနှံစိုက်ပျိုးနိုင်လောက်သည့် မိုးရွာမည်ဟုမှန်းဆပြီးဖြစ်သည်။

မိုးစပါးစိုက်ပျိုးအောင်မြင်ရေး

ဩဂုတ်လတွင် ရွာမည့်မိုးဖြင့် မိုးစပါးစိုက်မည့်လယ်သမားများ၌ အခြေအနေအမျိုးမျိုးရှိကြောင်းသိရသည်။ ဇူလိုင်တွင်ရွာသောမိုးဖြင့် ပျိုးထောင်ပြီးသည်များရှိသည်။ ပျိုးသက်ကမိုးရွာ၍စိုက်ခင်းပြင်ချိန်တွင် ပုံမှန်ထက်ကြီးနေမည်။ လက်ရှိပျိုးကိုစိုက်ရလျှင် ကောင်းနိုးနိုး၊ ထပ်မံပျိုးထောင်စိုက်ရလျှင် ကောင်းနိုးနိုး သို့လောသို့လော စဉ်းစားဖွယ်ရာများဖြစ်နိုင်ပါသည်။

လက်ရှိပျိုးကို ယခုဩဂုတ်လအတွင်း ရွာသွန်းသောမိုးဖြင့်စိုက်ခင်း သမန်းပြင်ပြီးချက်ချင်းစိုက်ပျိုးခြင်းသည် အကောင်းဆုံးဖြစ်သည်။ သို့သော် ပျိုးသက်ရက် ၆၀ ကျော်သောပျိုးကိုမူ အသုံးမပြုသင့်ပေ။ ပျိုးသက် ၄၅ ရက်သားပျိုးကိုစိုက်ပျိုးခြင်းသည် ပုံမှန်ပျိုးသက်ကိုစိုက်ပျိုးသကဲ့သို့ စပါးထွက်နိုင်ကြောင်း သုတေသနရလဒ်များရှိပါသည်။ ပျိုးသက် ၄၅ ရက်ထက်ကျော်လွန်သောပျိုးကိုစိုက်ပျိုးပါက ပုံမှန်စပါးအထွက်ကိုမမျှော်လင့်နိုင်သော်လည်း သင့်တင့်လက်ခံနိုင်သော စပါးအထွက်ကိုရရှိနိုင်ပါသည်။

လက်ရှိပျိုးသည် ဇူလိုင်လအတွင်းကပျိုးထောင်ခဲ့ခြင်းကြောင့် ယခုမှပျိုးထောင်စိုက်ပျိုးမည့် စပါးခင်းထက် အချိန်စော၍ ရိတ်သိမ်းနိုင်မည်။ ဆောင်းသီးနှံစိုက်ရန်အချိန်မီသဖြင့် မြေတွင်းကြွင်းကျန်အစိုဓာတ်ဖြင့် သီးထပ်လိုက်နိုင်ခြင်း အကျိုးကိုရရှိနိုင်ပါသည်။

လယ်မြေဖြစ်၍ စပါးစိုက်လိုသည်။ ဇွန်၊ ဇူလိုင်ရွာသည့်မိုးက ပျိုးထောင်ရေမရ။ ပျိုးထောင်ရန်မိုးကိုသာ မျှော်နေရသည်များလည်း ကြားသိရသည်။ ဩဂုတ်လတွင် ရွာသည့်မိုးဖြင့် ပျိုးထောင်ပါက ပျိုးသက် ၂၀ မှ ၃၀ ရက်သားရှိချိန် စိုက်ခင်းပြင်ရန် မိုးကို ထပ်မံမျှော်ရပေဦးမည်။ သက်တမ်းတိုသည့်စပါးမျိုးကို အသုံးပြုစေကာမူ ဩဂုတ်လတွင် မျိုးစေ့မြေကျသဖြင့် နောက်မိုးမကောင်းလျှင် စပါးအောင်ပါမည်လား တွေးပူစရာဖြစ်ပါသည်။ ကြဲပက်၍ဖြစ်စေ၊ အတန်းလိုက်ဖြစ်စေ တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးလျှင် အသက်ရက်တစ်ပတ်မှ ၁၀ ရက်စော၍ပေါ်မည်။ ပျိုးထောင် ကောက်စိုက်စရိတ်လည်း သက်သာမည်။ စိုက်ခင်းရေရရှိရေး ပူပင်စရာမလိုတော့။ မိုးမျှော်ရမှုနည်းပါးမည်။ ရွေးချယ်ရန်နည်းလမ်းများဖြစ်ပါသည်။

သက်လျှင်အထွက်ကောင်းစပါးမျိုးများသည် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် ယခုကဲ့သို့ စိုက်ချိန်နောက်ကျစိုက်ပျိုးရသည့် အခြေအနေတွင် မြန်မြန်ရိတ်သိမ်းနိုင်ရေး၊ ရွာသွန်းမည့်မိုးရေကို ကာလရှည်ကြာစွာ မျှော်ကိုးရမှုနည်းပါးရေးတို့အတွက် လွန်စွာအသုံးဝင်သည်။ ရွှေသွယ်ရင်၊ ရေဆင်းလုံးသွယ်၊ ဆင်းနွယ်ရင်၊ သုခရင်စသည့် စပါးမျိုးများသည် အသက်ရက် ၁၀၀ ခန့်ဖြင့် ရိတ်သိမ်းနိုင်မည့် အသုံးပြုသင့်သည့် မျိုးများဖြစ်သည်။

မိုးလယ်ယာသီးနှံများ စိုက်ပျိုးအောင်မြင်ရေး

မိုးဦးယာသီးနှံများကို အားထားစိုက်ပျိုးလေ့ရှိသော မြန်မာနိုင်ငံအလယ်ပိုင်းဒေသများအတွက် ယခုနှစ် မိုးခေါင်သည်ဟုဆိုနိုင်ပါသည်။ အစိုဓာတ်မမိသဖြင့် စိုက်ပျိုးနိုင်မည့်မိုးကို စောင့်ရင်းစောင့်ရင်း ယခုထိ မည်သည့်သီးနှံမျှ စိုက်ပျိုးနိုင်ခြင်းမရှိသည့် ယာမြေများရှိနေသေးကြောင်းသိရသည်။ အချို့မှာ ရွာသမျှမိုးဖြင့် နှမ်း၊ ပြောင်း၊ ပဲမျိုးစုံစသည့် ယာသီးနှံ တစ်မျိုးမျိုးကို စိုက်ပျိုးနေသော်လည်း စိုက်ပြီးပင်ဖြစ်ထွန်းချိန် မိုးခေါင်၍ ပျက်စီးရသည်များလည်းရှိသည်။ မမျှော်လင့်ဘဲ သွန်ချသလို နေရာကွက်၍ မိုးကြီးမှုကြောင့် ရေဝပ်ကာ ပျက်စီးရသည်လည်းရှိသည်။ ဇွန်၊ ဇူလိုင် ကုန်သည်အထိ မည်သည့် ယာသီးနှံမျှ မစိုက်ပျိုးရသေး၍လည်းကောင်း၊ စိုက်ပြီးမိုးခေါင်ခြင်း၊ မိုးကြီးရေဝပ်ခြင်းကြောင့်ပျက်စီး၍လည်းကောင်း၊ မိုးဦးယာသီးနှံ လက်လွတ်ရခြင်းကို မိုးလယ်ယာသီးနှံဖြင့် အစားထိုးရန်ဖြစ်ပါသည်။

> **ယာသီးနှံစိုက်ပျိုးနိုင်သည့် အစိုဓာတ် ရရှိလျှင် ရရှိချင်း မိုးလယ်ယာသီးနှံ တစ်မျိုးမျိုးကို အမြန်စိုက်ပျိုးရန် ဖြစ်သည်။ စိုက်ပျိုးမည့် ယာသီးနှံသည် သက်လျှင်အထွက်ကောင်း မိုးခေါင်ခံမျိုးဖြစ်သင့်သည်။ ပဲတီစိမ်း၊ နှမ်းလျှင်၊ စကမြေပဲစသည်ဖြင့် ဒေသအလိုက် သင့်တော်ရာ စိုက်နိုင်သည်။**

ယာသီးနှံစိုက်ပျိုးနိုင်သည့် အစိုဓာတ်ရရှိလျှင်ရရှိချင်း မိုးလယ်ယာသီးနှံတစ်မျိုးမျိုးကို အမြန်စိုက်ပျိုးရန်ဖြစ်သည်။ စိုက်ပျိုးမည့်ယာသီးနှံသည် သက်လျှင်အထွက်ကောင်း မိုးခေါင်ခံမျိုးဖြစ်သင့်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး အချို့ဒေသများတွင် ယခင်ကလည်း ဇူလိုင်မိုးခေါင်ကာလပြီးမှသာ မိုးလယ်ယာသီးနှံစိုက်သည့် အတွေ့အကြုံရှိပြီးဖြစ်သည်။ ပဲတီစိမ်း၊ နှမ်းလျှင်၊ စကမြေပဲစသည်ဖြင့် ဒေသအလိုက် သင့်တော်ရာစိုက်နိုင်သည်။

ယာသီးနှံ-ယာသီးနှံပုံစံချမှတ်စိုက်ပျိုးရေး

မိုးခေါင်သည်ဟု ယေဘုယျအားဖြင့် ဆိုနိုင်သော်လည်း ရွာသွန်းသမျှမိုးအစိုဓာတ်ဖြင့် နှမ်း၊ ပြောင်း၊ ပဲတီစိမ်း၊ နေကြာစိုက်ပျိုးကာ အောင်မြင်သည့် ယာမြေများလည်းရှိကြောင်း သိရသည်။ ယခုအခါ ရိတ်သိမ်းဆဲ သို့မဟုတ် ရိတ်သိမ်းပြီးချိန်ဖြစ်သည်။ ဩဂုတ်လတွင် ရွာမည့်မိုးဖြင့် သီးထပ် သီးနှံတစ်မျိုးမျိုးကိုစိုက်ပျိုးကာ ယာသီးနှံပြီး ယာသီးနှံ သီးနှံပုံစံကိုချမှတ်ဆောင်ရွက်နိုင်သည်။မိုးလယ်သီးထပ်စိုက်ပျိုးသင့်သည့် သီးနှံများမှာ ပဲတီစိမ်း၊ နှမ်းလျှင်၊ မြေပဲစသည်တို့ဖြစ်သည်။ ဤသီးနှံများကို စိုက်ပျိုး၍ နှမ်းလျှင်- ပဲတီစိမ်း၊ နှမ်းလျှင်-မြေပဲ၊ ပဲတီစိမ်း- မြေပဲ၊ ပဲတီစိမ်း-နှမ်းလျှင် စသည့် ယာသီးနှံ-ယာသီးနှံပုံစံများမှာ ဖြစ်ထွန်းအောင်မြင်သည့် သီးနှံပုံစံများ ဖြစ်သည်။

သီးထပ်စိုက်မည့် ယာသီးနှံများသည် အသက်လျှင်ရန်လိုသည်။ အထွက်ကောင်းရန်လိုသည်။ မိုးခေါင်ခံရန်လိုသည်။ ထွန်ရေးပြုပြင်မှုလျှင်မြန်စွာဖြင့် အချိန်ကိုအကျိုးရှိစွာ အသုံးချစိုက်ပျိုးရန်ဖြစ်သည်။ မိုးဦး၊ မိုးလယ် မိုးရွာသွန်းမှုအဆင်ပြေသည့် ယာမြေများတွင် ဤသို့ ယာသီးနှံ-ယာသီးနှံပုံစံအောင်မြင်ခြင်းဖြင့် မိုးဦးတစ်သီးသာမက မိုးလယ် တစ်သီးပါ အောင်မြင်သဖြင့် နှစ်သီးစားနိုင်သည့် အခြေအနေဖြစ်သည်။

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသည် မူလကပင်မိုးနည်းပါးသည့် ဒေသဖြစ်သည်။ ဇူလိုင်လတွင် မိုးခေါင်မှုကြောင့် စိုက်ပျိုးရေးလုပ်ငန်း အဟန့်အတားများကြုံတွေ့ခဲ့ရရာ ဩဂုတ်လတွင် ရွာသွန်းမည့် မိုးဖြင့် အကျိုးရှိစွာအသုံးချနိုင်ရန်ဖြစ်သည်။ ပြောင်းလဲသည့် မိုးရွာသွန်းမှုနှင့်အညီ လယ်မြေများတွင် စပါးသီးနှံကို အောင်မြင်စွာစိုက်ပျိုးနိုင်ရေး၊ ယာမြေတွင် မိုးလယ်ယာသီးနှံများကို တစ်သီးစားသာမက နှစ်သီးစားနိုင်ရေး နည်းစနစ်မှန်ဖြင့် ဆောင်ရွက်နိုင်စေရန် အသိပေးရေးသားလိုက်ရပါသည်။ ။

သိန်းကိုးရာကျော်ခိုးမှု ရဲတပ်ဖွဲ့က နှစ်ရက်အတွင်းဖော်ထုတ်နိုင်

ရန်ကုန် ဩဂုတ် ၉

လှိုင်သာယာမြို့နယ် အရှေ့တိုးတက်မှု အထည်ချုပ်ကုမ္ပဏီရုံးရှိ ငွေထိန်းခန်းအတွင်း၌ ကြွပ်ကြွပ်အိတ်များဖြင့် ထုပ်လျက် ဗီရိုအတွင်း ထည့်ထားသော ငွေကျပ် ၉၈၄၈၀၀၀၀ မှာ ခိုးယူခံရ၍ ပျောက်ဆုံးနေကြောင်း သိရှိရသဖြင့် ၎င်းကုမ္ပဏီ၏မန်နေဂျာ ဒေါ်မြမြဝင်းက စုံစမ်းဖော်ထုတ်အရေးယူပေးပါရန် ဩဂုတ် ၄ ရက် နံနက် ၉ နာရီက တိုင်တန်းသဖြင့် လှိုင်သာယာမြို့မရဲစခန်းက အမှုဖွင့်စုံစမ်းခဲ့သည်။

အဆိုပါ အမှုနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး တပ်ဖွဲ့ဝင်များ၊ မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး အထူးမှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များ၊ လှိုင်သာယာမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ စုံစမ်းဖော်ထုတ်ခဲ့ရာ ဩဂုတ် ၅ ရက်က ကျော်ရဲလွင်(ခ) ကျော်ဇင်ဟိန်း ကုမ္ပဏီစက်ပြင်ဝန်ထမ်း တွံတေးမြို့နယ်နှင့် အောင်ကိုကို(ခ)သန်းလှိုင် စက်ချုပ်ဝန်ထမ်း စက်မှုဇုန်(၄) လှိုင်သာယာမြို့နယ်နေသူတို့ နှစ်ဦးကို နှစ်ရက်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့အား စစ်ဆေးချက်များအရ ၎င်းတို့နှစ်ဦးသည် ဩဂုတ် ၃ ရက် ညနေတွင် ကုမ္ပဏီမှ အပ်ချုပ်စက်တစ်လုံးပျက်၍ နှစ်ယောက်အတူပြင်နေစဉ် ငွေထိန်းခန်း၌ ထားရှိသောငွေများကို ခိုးယူရန်တိုင်ပင်ခဲ့ကြပြီး စက်ရုံဆင်းချိန်တွင် ထွက်ခွာခြင်းမပြုဘဲ ပုန်းအောင်းနေခဲ့ကြကြောင်း၊ ဝက်အူလှည့်ဖြင့် တံခါးများကိုဖွင့်ကာ ရုံးခန်းအပြင်တံခါး၌ တပ်ဆင်ထားသော CCTV ကို အခြားတစ်ဖက်သို့လှည့်ထားခဲ့ပြီး ငွေထိန်းခန်းအတွင်းမှ ငွေများကို ပီနံအိတ်နှစ်လုံးဖြင့်ထည့်၍ ခိုးယူခဲ့ကြောင်း၊ လုံခြုံရေးအစောင့်မရှိသော ဂိတ်မှတစ်ဆင့် အပြင်သို့သယ်ယူကာ ကိုင်းတောအတွင်း ဝှက်ထားခဲ့ပြီး ဆိုင်ကယ်များဖြင့် ပြန်လာသယ်ယူ၍ တွံတေးမြို့နယ်ရှိ ကျော်ရဲလွင်(ခ) ကျော်ဇင်ဟိန်း၏နေအိမ်တွင် သိမ်းဆည်းထားခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

လှိုင်သာယာမြို့နယ်မှ ပျောက်ဆုံးသွားသော ငွေများနှင့် အတူ ဆွဲကြိုး၊ ဆွဲသီး၊ ဟန်းဖုန်း ခိုးယူသွားသူများကို ဖော်ထုတ်ဖမ်းဆီးရမိစဉ်။

အဆိုပါအမှုမှ ခိုးယူခံရသောငွေများအနက် ငွေကျပ် ၉၀၉၈၀၀၀၀ နှင့် ခိုးယူရရှိသည့် ငွေများဖြင့် ဝယ်ယူထားသော ရွှေဆွဲကြိုးနှစ်ကုံး၊ ဆွဲသီးနှစ်ခု၊ ဖုန်းနှစ်လုံးတို့ကို ပြန်လည်သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

စိုးဝင်း(SP)

ဥပဒေဘောင်အတွင်း
နေထိုင်ခြင်း
ဘေးကင်းရန်ကွာ
စိတ်ချမ်းသာ

ဂျုံးဂျုံးကျတံတား အသစ်ဆောက်လုပ်မည်

မော်လမြိုင်ကျွန်း ဩဂုတ် ၉

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်း-ရန်ကုန်အဝေးပြေးမော်တော်ကားလမ်းမကြီးတွင် အရေးပါသည့်မော်လမြိုင်ကျွန်း မြို့ဝင်/မြို့ထွက်ရှိ ဂျုံးဂျုံးကျကျေးရွာ ဂျုံးဂျုံးကျတံတားကြံ့ခိုင်မှုအခြေအနေနှင့် တံတားသစ် ဆောက်လုပ်နိုင်ရေးများကို ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းတန်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုကော်မတီ အတွင်းရေးမှူး ဦးခင်မောင်ဇင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းမော်လမြိုင်ကျွန်း-ရန်ကုန် အဝေးပြေးကားလမ်းမကြီးပေါ်တွင် နေ့စဉ်အဝေးပြေးမော်တော်ယာဉ်များ၊ ကိုယ်ပိုင်မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ၊ တုတ်တုတ်ဆိုင်ကယ်များနှင့် ယာဉ်မျိုးစုံ ဖြတ်သန်းမောင်းနှင်လျက်ရှိရာ ယခုအခါ တံတားကြံ့ခိုင်မှု အနည်းငယ်ယိုယွင်းစပြုနေပြီဖြစ်သဖြင့် ဂျုံးဂျုံးကျတံတားကို ပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာဆက်သွယ်နိုင်စေရေးအတွက် အသစ်ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(မော်ကျွန်း)

မိုင်းဖြတ်၌ ရေကြီး လယ်မြေအချို့ပျက်စီး

မိုင်းဖြတ် ဩဂုတ် ၉

မိုင်းဖြတ်မြို့နယ် မိုင်းဟဲကျေးရွာအုပ်စုအတွင်း ဩဂုတ် ၄ ရက်နှင့် ၅ ရက်က ရွာသွန်းခဲ့သော မိုးကြောင့် မယ်ဟုတ်ချောင်းနှင့် ပုံဖာချောင်းရေကြီး၍ လယ်မြေဧက ၁၀၀ ဒသမ ၃၅ ဧက ရေနစ်မြုပ်ခဲ့ပြီး ဩဂုတ် ၆ ရက် ရေကျချိန်တွင် ဟိုခန့်၊ ရှေခင်၊ နမ့်ဟွေယွန်းနှင့် နမ့်ဟွေလုံကျေးရွာရှိ တောင်သူ ၁၃ ဦးပိုင် လယ်မြေဧက ၂၉ ဒသမ ၄၀ သဲများဖုံးလွှမ်းပြီး ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ ပျက်စီးသွားသော လယ်မြေများ ပြန်လည်စိုက်ပျိုးနိုင်ရေးနှင့် စိုက်ပျိုး၍မရနိုင်သော လယ်မြေများတွင် အစားထိုးသီးနှံများစိုက်ပျိုးနိုင်ရေး အတွက် ဩဂုတ် ၇ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးညွှန့်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသန်းထွန်းလွင်နှင့် မြို့နယ်မြေစာရင်းဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးကောင်းမြတ်မင်းတို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သန်းဇော် (မိုင်းဖြတ်)**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် ပီတန်းအားကစားနည်းအကြောင်း

ကိုငွေး(ကနောင်)

မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်း(၃၃) မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ပီတန်း (Petanque) အားကစားနည်းလည်း တစ်မျိုးအပါအဝင် ဖြစ်ပါသည်။ ပီတန်းအားကစားနည်းဆိုသည်ကို တစ်ကြိမ်တစ်ခါမျှ မကြားဖူးသည့်သူများအနေဖြင့်လည်းကောင်း၊ အနည်းအကျဉ်းလောက်သာ သိရှိသူများအနေဖြင့်လည်းကောင်း ပိုမိုသိရှိလိုကြသဖြင့် မကြာခဏဆက်သွယ်မေးမြန်းလာရာ အများပြည်သူများ ပိုမို၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် လိုအပ်လာပါသည်။

တိုက်တိုက်ဆိုင်ဆိုင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်းတွင် ဩဂုတ် ၉ ရက်က ပီတန်း (Petanque) အားကစားပြိုင်ပွဲအားကျင်းပခဲ့ပြီး၊ ပြိုင်ပွဲတွင် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက "အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများကျင်းပခြင်းက အရှေ့တောင်အာရှဒေသတွင်းနိုင်ငံများမှ အားကစားသမားများအနေဖြင့် အာရှအဆင့်၊ ကမ္ဘာ့အဆင့်နှင့် အိုလံပစ်အားကစားပြိုင်ပွဲများတွင် အဆင့်အတန်းမြင့်မြင့် ပါဝင်ယှဉ်ပြိုင်နိုင်စေရန်၊ ဒေသတွင်းအားကစားသမားများ၏အားကစားအရည်အသွေး တိုးတက်မြင့်မားလာစေရန် ဆိုသည့်ရည်မှန်းချက်များနှင့်ကျင်းပခြင်းဖြစ်သကဲ့သို့ အရှေ့တောင်အာရှနိုင်ငံများအကြား အကြောင်းကိစ္စရှိလာပါက အတူတကွပူးပေါင်းလက်တွဲဖြေရှင်းဆောင်ရွက်တတ်သော အလေ့အကျင့်များ၊ အတွေ့အကြုံများရရှိစေရန်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ရရှိစေရန် တစ်နိုင်ငံစီ၏ရိုးရာယဉ်ကျေးမှုများကို အပြန်အလှန် လေးစားနားလည်တတ်သည့် အစဉ်အလာကောင်းများရရှိစေရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်ကြောင်း။

လာအိုနိုင်ငံတွင်ကျင်းပသည့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပီတန်းအားကစားနည်းကို ထည့်သွင်းကျင်းပခဲ့ရာ မြန်မာနှင့် တီမောနိုင်ငံတို့မှလွဲ၍ ကျန်(၉) နိုင်ငံစလုံး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ ပြင်သစ်နိုင်ငံတွင် ပီတန်း (Petanque) အပျော်တမ်းအားကစားသမား (၁၇)သန်းကျော်အထိ ကျယ်ပြန့်ထွန်းကားလျက်ရှိကြောင်း၊ ယခုဆိုလျှင် ဥရောပ ပီတန်းအားကစားအဖွဲ့ချုပ်၊ ကမ္ဘာ့ပီတန်းအားကစားအဖွဲ့ချုပ်များအထိ ဖွဲ့စည်းနိုင်ခဲ့ကြပြီး၊ ကမ္ဘာ့ပီတန်းအားကစားပြိုင်ပွဲများကိုပါ ကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း။

အရှေ့တောင်အာရှ ဒေသတွင်းနိုင်ငံများအနေဖြင့်လည်း ပီတန်းအားကစားနည်းကို ထည့်သွင်းကျင်းပရန် တိုက်တွန်းလာသည့်အတွက် မြန်မာပြည်သူလူထုအကြား ပျံ့နှံ့နေသော ကျောက်ဒိုးပစ်အားကစားနည်း၊ ထွေခင်းအားကစားနည်းများနှင့် ဆင်တူပြီး လူထုအကြား ပြန့်ပွားလွယ်နိုင်သည့် အားကစားနည်းတစ်ခုဖြစ်၍ ထည့်သွင်းကျင်းပခဲ့ရခြင်းဖြစ်ကြောင်း၊ ယင်းပြိုင်ပွဲကြီးတွင် အားကစားသမား မောင်/မယ်များအနေဖြင့် မိမိတို့တွင်ရှိသောအရည်အချင်းများကို အစွမ်းကုန်ထုတ်သုံးပြီး အောင်မြင်မှုရရှိအောင် ကြိုးစားယှဉ်ပြိုင်သွားကြရန်" တိုက်တွန်းမှာကြားခဲ့သည်။

ပရိသတ်အခိုင်အမာရှိ

ပီတန်းအားကစားနည်းသည် ၂၀၀၁ ခုနှစ်မှစ၍ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပုံမှန်ထည့်သွင်းကျင်းပနေသော အားကစားနည်းဖြစ်သည်။ ယင်းအားကစားနည်းကို လာအို၊ ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့တွင် ပိုမိုလူသိများသည်။ ကစားပုံမှာ မြန်မာပြည်တွင်း ကစားလေ့ရှိသော "ဂေါ်လီ"ပစ်ကစားခြင်းနှင့် ခပ်ဆင်ဆင်တူသည်။ သတ္တုဖြင့်ပြုလုပ်ထားသော လုံးဝန်းသည့် အရာဝတ္ထုကို ပစ်ကစားရခြင်းဖြစ်သည်။ယင်းအားကစားနည်းသည်ပြင်သစ်နိုင်ငံ၌ အစပြုခဲ့သည်ဟုဆိုပြီး ပစ်ကစားခြင်းအား ဘိုလီစ် (Boules) ဟု ပြင်သစ်လိုသုံးနှုန်းသည်။ ပီတန်းအားကစားသည် အီတလီ၌လည်း အတန်အသင့် လူသိများသော ကစားနည်းဖြစ်သည်။ အီတလီလို ဘိုစီ (Bocce) ဟုခေါ်သည်။ ပြင်သစ်၊ အီတလီတို့အပြင် ခရိအေးရှား၊ စပိန် စသော ဥရောပနိုင်ငံများနှင့် ပြင်သစ်ကိုလိုနီဖြစ်ခဲ့သော နိုင်ငံများတွင် ပီတန်းအားကစားသည် ပရိသတ်အခိုင်အမာရှိကြောင်း သိရသည်။ မြန်မာအားကစားလောကနှင့် ပီတန်းအားကစားနည်းမှာမူ အတန်ငယ်စိမ်းလျက် ရှိသည်။ သို့သော် ပီတန်းအားကစားအပေါ် အထင်သေး၍တော့မရ။ ယင်းအားကစားသည် ပြင်သစ်တစ်နိုင်ငံတည်းမှာပင် ကစားသူ ၁၇ သန်းခန့်ရှိနေပြီဟု ဆိုသည်။

အားကစားနည်းအများစုသည် ဂရိခေတ်ဟောင်းကာလနှင့် ဆက်စပ်မှုရှိနေသကဲ့သို့ ပီတန်းအားကစားနည်းသည်လည်း ဂရိခေတ်ဟောင်းမှ ပုံရိပ်အပိုင်းအစတစ်ခုဖြစ် နေပြန်သည်။ ဂရိခေတ်ဟောင်း သမိုင်းအထောက်အထားများ၌ ဒင်္ဂါးစေ့ကိုပစ်ကစားခြင်း၊ ယင်းနောက် ထွေပြား(ကျောက်ပြား) ကို ပစ်ကစားခြင်းနှင့်နောက်ဆုံး၌ လုံးဝန်းသောကျောက်တုံး (Stone Ball) ကို ပစ်ကစားခြင်းများကို တွေ့ရှိရသည်။ ယင်းကစားနည်းကို ဂရိတို့က (Spheristics) ဟုခေါ်သည်။ ယင်းအားကစားနည်းကိုပင် ရောမအင်ပါယာ၌လည်း ပြုပြင်မှုအချို့ပြုလုပ်ကာ ကစားခဲ့ကြောင်း သိရသည်။ ရောမသားတို့ ကစားပုံမှာ မျက်မှောက်ကာလ ပီတန်းအားကစားနည်းနှင့် ပိုမိုနီးစပ်မှုရှိလာသည်။ (Target) အဖြစ် အရာဝတ္ထုတစ်ခုကို နေရာချထားပြီး ယင်းအရာဝတ္ထုနှင့် နီးနိုင်သမျှနီးအောင် ကျောက်လုံး (Stone Ball) ကို ပစ်ကစားခြင်းဖြစ်သည်။ ရောမအင်ပါယာခေတ်နောက်ပိုင်းတွင်လည်း အီတလီ၌ ယင်းကစားနည်း ဆက်ရှိနေခဲ့သည်။ သို့သော် ကျောက်တုံးအစား သစ်သားလုံး (Wood Ball) ဖြင့် အစားထိုးခဲ့ကြသည်။ ပီတန်းဟူသောအမည်မှာမူ ထိုစဉ်က အသုံးပြုခြင်းမရှိသေးပေ။ ဘိုလီစ် (Boules) ဟုသာ လူသိများခဲ့ပြီး တဖြည်းဖြည်းခြင်း ဥရောပတစ်လွှားပျံ့နှံ့သွားခဲ့သည်ဟု ဆိုသည်။ (၁၉)ရာစုတွင် အင်္ဂလန်သို့ ရောက်ရှိလာပြီး (Bolws) သို့မဟုတ် (Lawn Bowling) ဟု ခေါ်သည်။

၁၉၀၀ ပြည့်နှစ်ဝန်းကျင်သို့ ရောက်သောအခါတွင်မူ အခြားအခေါ်အဝေါ်များ မေ့မှိန်သွားခဲ့ပြီး ပီတန်း (Petanque) ဟုသုံးစွဲလာခဲ့ကြသည်။ စည်းမျဉ်း စည်းကမ်းအသစ်များကိုလည်း ရေးဆွဲထုတ်ပြန်ခဲ့ကြသည်။ စည်းမျဉ်းသစ်များဖြင့် ကျင်းပသော ပထမဆုံးပြိုင်ပွဲမှာ ၁၉၁၀ ခုနှစ်တွင် ဖြစ်သည်။

နိုင်ငံတကာပီတန်းအဖွဲ့ချုပ် (International Petanque Federation) ကို ၁၉၅၈ ခုနှစ်၌ ပြင်သစ်နိုင်ငံ၊ မာဆေးမြို့တွင် တည်ထောင်သည်။ ၂၀၁၂ အထိအဖွဲ့ဝင် ၅၂ နိုင်ငံ ရှိနေပြီဖြစ်သည်။ ပထမဆုံး ကမ္ဘာ့တံခွန်စိုက် ပီတန်းပြိုင်ပွဲကို ၁၉၅၉ ခုနှစ်တွင် စတင်ကျင်းပနိုင်ခဲ့သည်။ သို့သော် နောက်ပိုင်းတွင် ပုံမှန်ကျင်းပနိုင်ခြင်းမရှိခဲ့ဘဲ ၂၀၀၀ ပြည့်နှစ် ရောက်ရှိမှသာ နှစ်စဉ်ပြန်လည် ကျင်းပပြုလုပ်ခဲ့သည်။ ထူးခြားချက်အဖြစ်၂၀၀၇ ခုနှစ်၊ ကမ္ဘာ့တံခွန်စိုက် ပီတန်းပြိုင်ပွဲကို ထိုင်းနိုင်ငံပတ္တရားကမ်းခြေတွင် ကျင်းပရာ နိုင်ငံပေါင်း ၅၀ မှ အသင်းပေါင်း ၅၂ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပီတန်းအားကစားတွင် တစ်ဦးချင်း (Individual)နှင့် အသင်းအလိုက် (Team) ပွဲစဉ်များပါဝင်သည်။ အသင်းလိုက်တွင် နှစ်ယောက်တွဲ၊ လေးယောက်တွဲနှင့် ခြောက်ယောက်တွဲ အသင်းအလိုက်အဖြစ် ထပ်မံခွဲခြားထားသည်။ ပြိုင်ပွဲကျင်းပသော မြေပြင်အနေအထားသည် ညီညာသော သဲမြေအမျိုးအစား ဖြစ်သည်။ Boule ဟုခေါ်သော ပစ်ဘောများကို (Jack) ဟု ခေါ်သော တည်ဘော (Target Ball) ဆီသို့ ပစ်ကစားခြင်းဖြစ်သည်။ တည်ဘောနှင့် နီးနိုင်သမျှနီးကပ်အောင်ပစ်ခြင်းဖြင့် အမှတ်ရရှိမည်ဖြစ်သည်။ ၁၃ မှတ်သို့ ဦးစွာရောက်ရှိသူ သို့မဟုတ် ဦးစွာရောက်ရှိသော အသင်းက အနိုင်ရမည်ဖြစ်သည်။ ပွဲစဉ်အမျိုးအစားအလိုက် Boule ပစ်ခွင့်ရှိသော အကြိမ်အရေအတွက် ကွဲပြားသည်။

တစ်ဦးချင်းပွဲစဉ်များတွင် တစ်ဦးလျှင် သုံးကြိမ်၊ နှစ်ယောက်တွဲ ပွဲစဉ်များတွင်လည်း တစ်ဦးလျှင် သုံးကြိမ်၊ သုံးယောက်တွဲနှင့် အထက်ပွဲစဉ်များတွင် တစ်ဦးလျှင် နှစ်ကြိမ်ပစ်ခွင့်ရှိသည်။ မည်သူကစ၍ Boule ပစ်ရမည်ဆိုသည်အား ပွဲမစမီတွင် ခေါင်း/ပန်းလှန်၍ ဆုံးဖြတ်သည်။ Boule ပစ်ခွင့်ရသော ကစားသမား သို့မဟုတ် အသင်းက မြေပြင်တွင် စက်ဝိုင်းတစ်ခု ရေးဆွဲရသည်။ ယင်းစက်ဝိုင်းတွင်းမှနေ၍ (Target Ball) ကို နေရာချထားရသည်။ ယင်းကို (Jack) ဟုလည်းခေါ်သည်။ စက်ဝိုင်းမှ ခြောက်မီတာနှင့် ၁၀ မီတာအတွင်း အကွာအဝေးတွင်ဖြစ်ရမည်။ ယင်းနောက်တွင် ပထမစသူ၏ ပထမ Boule ပစ်ချက်ဖြင့် ယှဉ်ပြိုင်ခြင်းကိုစတင်သည်။ Boule ပစ်ရာတွင် ပစ်သူ၏ ခြေထောက်အစုံသည် စက်ဝိုင်းအတွင်း၌သာရှိနေရန် လိုအပ်သည်။

ထို့အပြင် Boule မြေသို့မကျမချင်း စက်ဝိုင်းအပြင်သို့ ထွက်ခွင့်မရှိပေ။ First Team သို့မဟုတ် First Player ၏ ပထမ Boule ပစ်ချက်အပြီးတွင် Second Team၊ Second Player ၏ အလှည့်ဖြစ်သည်။ ရည်မှန်းချက်မှာ Jack နှင့် နီးနိုင်သမျှ အနီးဆုံးနေရာသို့ Boule ရောက်ရှိရန်ဖြစ်သည်။ အမှတ်ပေးပုံမှာ Jack နှင့်နီးကပ်ခြင်းအပေါ်မူတည်၍ တစ်မှတ် သို့မဟုတ် နှစ်မှတ်ပေးသည်။ အသင်းတစ်သင်း သို့မဟုတ် ကစားသမားတစ်ဦးသည် ၁၃ မှတ်ရရှိချိန်၌ ပွဲပြီးဆုံးပြီဖြစ်သည်။ ဆိုလိုသည်မှာ Petanque အားကစားနည်းတွင် ၁၃ မှတ်ရရှိလျှင် အနိုင်ရမည်ဖြစ်သည်။ Petanque အားကစားနည်း၏ အရေးကြီးသော နည်းစနစ်ပိုင်းဆိုင်ရာ အချက်သုံးခုကို တင်ပြလိုပါသည်။ ယင်းတို့မှာ ပြိုင်ဘက်၏ Boule အား အဝေးသို့ရောက်ရှိစေရန် ဒိုးတိုက်ခြင်း၊ Jack နှင့် နီးနိုင်သမျှ နီးအောင် ကြိုးပမ်းခြင်းနှင့် Jack နှင့်အတူ မိမိ Bouleကို ပြိုင်ဘက်၏ Boule နှင့်ဝေးကွာသော နေရာသို့ရောက်ရှိစေရန် ကြိုးပမ်းခြင်းတို့ဖြစ်ပါသည်။

ထိုးဖောက်ပျံ့နှံ့

Petanque အားကစားသည် ဥရောပ၌ စတင်ခဲ့ပြီး ဥရောပသားများ နှစ်ခြိုက်စွာကစားနေသော အားကစားနည်းတစ်ရပ်ဖြစ်သော်လည်း ယခုအခါတွင် အရှေ့တောင်အာရှသို့ ထိုးဖောက်ပျံ့နှံ့ရောက်ရှိလာပြီဖြစ်ပါသည်။ အရှေ့တောင်အာရှနိုင်ငံများအနက် ထိုင်း၊ လာအိုနှင့် ကမ္ဘောဒီးယားတို့သည် Petanque အားကစားနည်းနှင့် အကျွမ်းတဝင်ရှိကြသည်။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် Petanque အားကစားနည်း၌ ရွှေတံဆိပ် ၁၁ ခု ချီးမြှင့်မည်ဖြစ်ကြောင်း၊ ပီတန်းအားကစားနည်းအကြောင်း သိကောင်းစရာများကို စုစည်းကောက်နုတ် တင်ပြလိုက်ရပါသည်။

တိုင်းရင်းဆေး(ရှမ်းဘာသာ)သင်တန်းဖွင့်

ကျောက်မဲ ဩဂုတ် ၉ (ရှမ်းဘာသာ) သင်တန်းဖွင့်ပွဲကို ပထမအကြိမ် တိုင်းရင်းဆေး ကျောက်မဲမြို့နယ် မွေတော်ကျေးရွာရှိ ကျားငါးကောင်တိုင်းရင်းဆေးဝါးစက်ရုံခန်းမတွင် ဩဂုတ် ၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။**(ဝဲပုံ)**

အမှာစကားပြောကြား

အခမ်းအနားတွင် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းမောင်၊ ရှမ်းစာပေပညာရှင်ဆရာကြီး ဦးစိုင်းဖ၊ ပေါင်းကူးမေတ္တာတိုင်းရင်းဆေးဆရာ ဦးစိုင်းအောင်ကြည်၊ ဆရာဦးစိုင်းမွန်းတို့က အမှာစကားပြောကြားကြသည်။

ယင်းသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၅ ရက်ကြာမြင့်မည်ဖြစ်သည်။ **(၀၉၀)**

ဝဏ္ဏသိဒ္ဓိအဆင့်မြင့်အားကစားကွင်းအတွင်း ထိုင်ခုံဖျက်ဆီးခဲ့သူများအား ထိန်းသိမ်းစစ်ဆေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၉

ဩဂုတ် ၄ ရက် ညနေပိုင်းက နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ဝဏ္ဏသိဒ္ဓိ အဆင့်မြင့် အားကစားကွင်းတွင် နေပြည်တော် FC ဘောလုံးအသင်းနှင့် ရန်ကုန်ယူနိုက်တက် FC ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ် နှစ်ဖက်ပရိသတ်များ ကွင်းအတွင်းသို့ ဝင်ရောက်၍ ထိုင်ခုံများအား ရိုက်ချိုးဖျက်ဆီးခဲ့မှုဖြစ်စဉ်နှင့် ပတ်သက်၍ ထိုင်ခုံဖျက်ဆီးခဲ့သူများ ဖြစ်ကြသည့် ပျဉ်းမနားမြို့နေ စိုးမိုးကျော်(ခ) ဖိုးတရုတ် (အဖ) ဦးခင်မောင်ရွှေ၊ တင်နိုင်လင်း (အဖ) ဦးထွေးမောင်၊ ကိုကိုအောင် (အဖ) ဦးသောင်းထိုက်၊ ကိုကြီး(ခ) ဝင်းနိုင် (အဖ) ဦးတင်ရွှေ၊ အောင်ထွန်းသိန်း (အဖ) ဦးညွန့်စိန်၊ စိုးမြတ်အောင် (အဖ) ဦးခင်အောင်၊ နောင်နောင်ကျော်ဝင်း(အဖ) ဦးကျော်ဝင်း၊ ဇော်မျိုး(အဖ)ဦးတင်ရွှေ၊ မျိုးသန်း(အဖ)ဦးချစ်တင်၊ နေလင်းထွန်း(အဖ) ဦးထွေးမောင်၊ နေရှင်းသန့်(အဖ) ဦးအေးသက်နှင့် မျိုးမြင့်ဝေ(အဖ) ဦးညွှန့်ဝေတို့အား ဩဂုတ် ၇ ရက်တွင် နယ်မြေခံရဲစခန်းက ထိန်းသိမ်းစစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

စစ်တွေမြို့နယ်၌ အလောင်းတစ်လောင်းတွေ့ရှိရာမှ ရဲတပ်ဖွဲ့ဝင်များအား အကြမ်းဖက်မှုအချို့ပြုလုပ်လာခဲ့သဖြင့် သက်ဆိုင်ရာက ထိန်းသိမ်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၉

ယနေ့နံနက် ၈နာရီခန့်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့နယ် မှန်စီကျေးရွာ မှန်စီချောင်းဝတွင် အလောင်းတစ်လောင်းတွေ့ရှိခဲ့ကြောင်း၊ အဆိုပါအလောင်းအား ရဲတပ်ဖွဲ့ဝင်များက မှုခင်းဆိုင်ရာစစ်ဆေးမှုများ ပြုလုပ်စဉ် ပတ်ဝန်းကျင်ကျေးရွာများမှ ဘင်္ဂါလီလူမျိုးများက လာရောက်ကြည့်ရှုခဲ့ကြောင်း၊ ကြည့်ရှုသူအင်အား ၅၀၀ ခန့်ဖြစ်လာသဖြင့် ရဲတပ်ဖွဲ့ဝင်များက လူစုခွဲရန် ပြောကြားစဉ် အာလန် (၁၆ နှစ်) က ဒုတိယရဲမှူးငွေးဝင်းအား ဝင်ရောက်ရိုက်နှက်ခဲ့ကြောင်း၊ ကျန်လူများကလည်း ရဲတပ်ဖွဲ့ဝင်များအား ရန်ပြုခဲ့ကြသဖြင့် ရဲတပ်ဖွဲ့ဝင်များက ရော်ဘာကျည်ဖြင့် သတိပေးပစ်ခတ်တားဆီးခဲ့ကြောင်း သိရှိရသည်။

ပစ်ခတ်လူစုခွဲမှုကြောင့် သုံးဦး ဒဏ်ရာရရှိခဲ့သော်လည်း စိုးရိမ်ဖွယ်မရှိကြောင်း၊ ပြန်လည်ဆုတ်ခွာသွားသောလူအုပ်စုများက အုန်းတောကြီးရဲကင်းအား မီးရှို့ခဲ့သဖြင့် ယာယီလူနေတဲလေးလုံး မီးလောင်ပျက်စီးခဲ့ကြောင်း၊ မီးရှို့ဖျက်ဆီးသူ ရှစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဩဂုတ် ၄ ရက် နံနက် ၉ နာရီ ၄၅ မိနစ်ခန့်တွင် ဘုမေကျေးရွာအုပ်စု ကော်ကာဒီရွာနှင့် သုံးဖာလုံခန့်အကွာ ပင်လယ်ဝတွင် ငါးဖမ်းလှေတစ်စင်း နစ်မြုပ်ခဲ့ရာ လှေပေါ်ပါသူ ဘင်္ဂါလီ ခုနစ်ဦးအနက် အဒူရော်ရှိ (၃၄နှစ်) ဆိုသူ တစ်ဦးပျောက်ဆုံးခဲ့ကြောင်း၊ ယခုတွေ့ရှိရသော အလောင်းမှာ ရေနစ်သေဆုံးသော အလောင်းဖြစ်နိုင်သဖြင့် အတည်ပြုနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ် ဖြစ်ပွားခဲ့သည့်နေရာအနီးရှိ ဘောဒူဖရွာတွင် စုဝေးနေသော လူအုပ်စုအား ရခိုင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူးတို့နှင့်အတူ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) အဖွဲ့မှ တာဝန်ရှိသူများက အခြေအနေကို ထိန်းသိမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

● ရှေ့ဖုံးမှ

ထို့အပြင် ထိုင်းနိုင်ငံမှ ရော်ဘာစိုက်ပျိုးရေးနှင့် ထုတ်လုပ်ရေးဆိုင်ရာ နည်းပညာများလည်း ရရှိနိုင်မည်ဖြစ်သည့်အပြင် သင်တန်းများလည်း ပေးသွားရန်အစီအစဉ်ရှိသည်ဟု မြန်မာမဟာနေကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ခင်စိုးစိုးမော်က ပြောကြားသည်။

ထို့အပြင် မြန်မာနိုင်ငံရှိ ထိုင်းသံရုံးမှ စီးပွားရေးတာဝန်ခံကလည်း "ထိုင်းနှင့် မြန်မာနှစ်နိုင်ငံအကြား ချစ်ခင်ရင်းနှီးမှုရှိပြီး လူမှုရေးအခြေခံအမြင်လည်းတူညီကြရာ စီးပွားရေးပူးပေါင်းဆောင်ရွက်ရာတွင် အကျိုးဖြစ်ထွန်းမှု များစွာရှိပါကြောင်း၊ ယခု အဆင့်မြင့်နည်းပညာဖြင့် ရော်ဘာ စိုက်ပျိုးခြင်း၊ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းမှုမှာ ထူးခြားသောအောင်မြင်မှုဖြစ်ပါကြောင်း" ပြောကြားသည်။ **(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း

❖ ရှေ့ဖုံးမှ

ရရှိခံစားနိုင်အောင် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့်ကာလဖြစ်ပါကြောင်း၊ ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျန်သောလ ၃၀ တွင် လက်တွေ့အကောင်အထည်ဖော်မည့် (Integrated Action Plan) ရေးဆွဲပြီး လက်တွေ့မြေပြင်၌ အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ပြည်ထောင်စုဝန်ကြီးဌာနက သပ်သပ်၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရကသပ်သပ်ရေးဆွဲ ဆောင်ရွက်ခြင်းမျိုး မဟုတ်ဘဲ ပြည်သူများအတွက် ဦးစားပေးလိုအပ်ချက်များကို အတူတကွပူးပေါင်းစီမံဆောင်ရွက်ရန် လိုအပ်လာသည့်အတွက် ယခုကဲ့သို့ တွေ့ဆုံမှာကြားရခြင်းဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်သစ်စနစ်သစ်တစ်ခုကို စတင်ပြုပြင်ပြောင်းလဲရသော တာဝန်ထမ်းဆောင်ရာတွင် မဟာဗျူဟာလုပ်ငန်းစဉ်အဖြစ် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု၊ အစိုးရအုပ်ချုပ်ရေးယန္တရားတိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲမှု၊ ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲတိုးတက်ဖွံ့ဖြိုးအောင် ပြုပြင်ပြောင်းလဲမှုစသောပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ် (၄) ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုပြုပြင်ပြောင်းလဲမှုလုပ်ငန်းများသည် ပြည်သူက ပြုပြင်ပြောင်းလဲစေချင်သော လုပ်ငန်းများဖြစ်ပါကြောင်း၊ ပြည်သူ့ဆန္ဒသည် အစိုးရ၏ဆန္ဒ၊ ရည်ရွယ်ချက်များပင်ဖြစ်ပါကြောင်း။

ထိုပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ် (၄)ရပ်ထဲတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုများကို သိသိသာသာတိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် အစိုးရအုပ်ချုပ်ရေးယန္တရား၏ စီမံခန့်ခွဲအုပ်ချုပ်လုပ်ကိုင်မှုစွမ်းဆောင်ရည်ကောင်းရန် လိုအပ်သကဲ့သို့ နိုင်ငံစီးပွားရေးတစ်ခုလုံး၏ ၉၀ ရာခိုင်နှုန်းခန့်ကို ပုဂ္ဂလိကကဏ္ဍက လုပ်ကိုင်နေခြင်းဖြစ်သည့်အတွက် ပုဂ္ဂလိကကဏ္ဍ၏ လုပ်ကိုင်နိုင်စွမ်းမြင့်မားရန် လိုအပ်ပါကြောင်း။

နိုင်ငံတကာပြုပြင်ပြောင်းလဲမှု (Reform) အတွေ့အကြုံများအရ အစိုးရယန္တရားအတွင်းတွင်ရော အစိုးရယန္တရားပြင်ပကပါ အတားအဆီး အခက်အခဲများနှင့် စိန်ခေါ်မှုများစွာ တွေ့ကြုံရသည်မှာ ဓမ္မတာဖြစ်ပါကြောင်း၊ ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ရှိသည့် သန့်ရှင်းသောအစိုးရဖြစ်ရေး မူဝါဒချမှတ်ဆောင်ရွက်ခဲ့သော်လည်း ပြီးခဲ့သောလ ၃၀ အတွင်း အစိုးရဌာနအချို့နှင့် ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းဝင်အချို့၏ ပြုပြင်ပြောင်းလဲအုပ်ချုပ်မှုစွမ်းဆောင်ရည်အားနည်းခြင်း၊ ပွင့်လင်းမြင်သာမှုမရှိခြင်း၊ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒလိုအပ်ချက်များကို တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် လုပ်ဆောင်ပေးမှုအားနည်းခြင်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းစည်းမျဉ်းနှင့်အညီ လုပ်ဆောင်ရန် အားနည်းခြင်း၊ အဂတိလိုက်စားခြင်းတို့ကြောင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များအပါအဝင် ဌာနဆိုင်ရာအရာရှိအချို့ကို တာဝန်မှအနားပေးခြင်း၊ ပြောင်းရွှေ့ခြင်း၊ အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရပါကြောင်း။

ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများသည် အစိုးရအဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များဖြစ်ကြပြီး အစိုးရအဖွဲ့တစ်ဖွဲ့လုံး၏ ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် ညှိနှိုင်းပူးပေါင်း ဝိုင်းဝန်းအကောင်အထည်ဖော်ကြရမည့် ပုဂ္ဂိုလ်များဖြစ်ပါကြောင်း၊ သို့ရာတွင် အချို့သောဌာနဆိုင်ရာပုဂ္ဂိုလ်များသည် မိမိတို့တာဝန်ယူရသော ဝန်ကြီးဌာနလုပ်ပိုင်ခွင့်ကို ဆုပ်ကိုင်ထားပြီး အခြားဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းမှုအားနည်းခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များသို့ လုပ်ပိုင်ခွင့်ခွဲဝေပေးမှုမရှိဘဲ ဗဟိုမှတိုက်ရိုက်အမိန့်ပေး ကွပ်ကဲသည့်စနစ်ကျင့်သုံးနေခြင်း၊ လက်အောက်သို့ လုပ်ပိုင်ခွင့်အာဏာ ဖြန့်ခွဲမှုမရှိခြင်းစသော အားနည်းချက်များရှိနေဆဲဖြစ်သည်ကို တွေ့ရှိရသည့်အတွက် မိမိတို့၏စိတ်ခံတ် (Mind-set) ပြင်ပြီး ဌာနက တာဝန်ယူရသည့် လုပ်ငန်းကဏ္ဍများ အဆင်ပြေချောမွေ့တိုးတက်အောင် ပြုပြင်ပြောင်းလဲ ဆောင်ရွက်ကြပါဟု မှာကြားလိုပါကြောင်း၊ သို့မှသာလည်း ပြည်သူ့ဝန်ကို ဆောင်ရွက်ပေးသော ပြည်သူ့ဝန်ထမ်းကောင်းများဖြစ်လာပြီး ပြည်သူ့အကျိုး သယ်ပိုးထမ်းဆောင်နိုင်မည်ဖြစ်ပါကြောင်း။

ကျန်သည့်လ ၃၀ အတွင်း ပြည်သူများ၏ စားဝတ်နေရေး၊ လူမှုစီးပွားရေး ဦးစားပေးလိုအပ်ချက်များဖြစ်သော -

- လျှပ်စစ်မီးရရှိရေး၊
- သောက်သုံးရေနှင့် စိုက်ပျိုးရေလုံလောက်စွာရရှိရေး၊
- အလုပ်အကိုင်များတိုးတက်ရရှိနိုင်မည့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ၊ စက်မှုဇုန်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး တို့ကို ဦးစားပေးဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း။

ယင်းလုပ်ငန်းများကို ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ ညှိနှိုင်းပြီး ပြည်သူလူထုသိသိသာသာ ရရှိခံစားနိုင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

နိုင်ငံဖွံ့ဖြိုးမှုအကျိုးရလဒ် (Quick Win) ရအောင်ဆောင်ရွက်နိုင်မည့် အဓိကမောင်းနှင်အားကဏ္ဍများဖြစ်သော-

- လူဦးရေရာခိုင်နှုန်းအများဆုံး မှီခိုလုပ်ကိုင်နေကြသော စိုက်ပျိုးရေးကဏ္ဍ မြှင့်တင်ရေးနှင့် တောင်သူလယ်သမားများ၏ ဝင်ငွေတိုးပွားပြီး ဆင်းရဲမှုလျှော့ချနိုင်မည့်လုပ်ငန်း။
- အချိန်တိုအတွင်း စီးပွားရေးတိုးတက်အောင် ဆောင်ရွက်နိုင်မည့် ခရီးသွားလုပ်ငန်း။
- နိုင်ငံစီးပွားရေးမောင်းနှင်အားဖြစ်သော ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ရည်မှန်းချက် (Target) ထားပြီး တိုးတက်အောင် ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးလိုအပ်ချက်နှင့် ပြည်သူတို့၏ လူမှုစီးပွားရေး ဦးစားပေးလိုအပ်ချက်များကို အကောင်အထည်ဖော်သည့် နေရာတွင် ငွေကြေးအရင်းအနှီးနှင့် နည်းပညာဖြည့်ဆည်းနိုင်မှသာ ထိရောက်အောင်မြင်မည်ဖြစ်ပါကြောင်း။

ပြည်တွင်းပြည်ပ ငွေကြေးအရင်းအနှီးများ စီးဝင်ရင်းနှီးမြှုပ်နှံနိုင်ရန် ဘဏ်လုပ်ငန်းနှင့် အသေးစားငွေချေးလုပ်ငန်းဖွံ့ဖြိုးရေး၊ ငွေကြေးဈေးကွက်ဖွံ့ဖြိုးရေးနှင့် တည်ငြိမ်ရေးအတွက် ဘဏ္ဍာရေးဝန်ကြီးဌာန ဗဟိုဘဏ်နှင့် သက်ဆိုင်သော အဖွဲ့အစည်းအားလုံးပူးပေါင်းပြီး လိုအပ်သောလုပ်ငန်းကဏ္ဍနှင့် နယ်ပယ်ဒေသအလိုက် အထူးလုပ်ငန်းအဖွဲ့များဖြင့်ကွင်းဆင်းပြီး အဆင်ပြေအောင် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတဦးသိန်းစိန် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဒုတိယဝန်ကြီးများအား တွေ့ဆုံအမှာစကားပြောကြားသည့် အခမ်းအနားသို့ တက်ရောက်သူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ဘဏ်လုပ်ငန်းများ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသာမက အစိုးရ၊ ပုဂ္ဂလိကယန္တရားတစ်ခုလုံး ဆက်သွယ်ဆောင်ရွက်မှု လျင်မြန်ချောမွေ့ရေးအတွက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာကဏ္ဍကို အရင်းအနှီးနှင့် နည်းပညာများရင်းနှီးမြှုပ်နှံပြီး ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဦးစားပေးရမည့်လုပ်ငန်းတစ်ခုအနေဖြင့် အာဆီယံပြတင်းတစ်ပေါက်စနစ် (ASEAN SINGLE WINDOW) ကျင့်သုံးရေးအတွက် e-government လုပ်ငန်းအကောင်အထည်ဖော်မှုကို တစ်နှစ်အတွင်းပြီးစီးအောင် ရည်မှန်းအကောင်အထည်ဖော်ရန် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနက ဦးဆောင်ပြီး ဌာနအားလုံး ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

မိမိတို့နိုင်ငံ ဖွံ့ဖြိုးမှုနိမ့်ကျရခြင်းမှာ အရင်းအနှီးနှင့်နည်းပညာမရှိသည့်အတွက် ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးဆဲ၊ ဖွံ့ဖြိုးပြီး နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ပြီး အရင်းအနှီးနှင့် နည်းပညာစီးဝင်အောင် ကြိုးပမ်းကြသကဲ့သို့ အခြားနိုင်ငံထက် ဖွံ့ဖြိုးမှုနောက်ကျနေသော မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများစီးဝင်လာအောင် ကြိုးပမ်းပြီး ပြည်သူများအလုပ်အကိုင် အခွင့်အလမ်းရရှိရေးဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဤနေရာတွင် လျှပ်စစ်မီးအပါအဝင် အခြေခံအဆောက်အအုံများ ပြည့်စုံလုံလောက်မှသာလျှင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ရရှိလာမည်ဖြစ်သည့်အတွက် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသအလိုက် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လျင်မြန်ချောမွေ့ပြီး အဆင့်ဆင့်ကုန်ကျစရိတ်များ သက်သာမှသာ အာဆီယံဒေသအတွင်း လွတ်လပ်သောကုန်သွယ်မှုသာမက နိုင်ငံတကာကုန်သွယ်မှုမှာ ဈေးကွက်ယှဉ်ပြိုင်ဝင်ရောက်နိုင်စွမ်းရှိမည်ဖြစ်သည့်အတွက် ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း အခြေခံအဆောက်အအုံများနှင့် ပို့ဆောင်ရေးကဏ္ဍကို တွက်ချက်ဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း။

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် လုပ်ငန်းကဏ္ဍအသီးသီးအတွက် လူသားအရင်းအမြစ် လိုအပ်ချက်များရှိလာသည့်အတွက် လတ်တလော အခြေအနေအတွက်သာမက ရေရှည်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တစ်ချိန်တည်း တစ်ပြိုင်တည်း ကဏ္ဍအလိုက်ရော၊ ဒေသအလိုက်ပါ စုစည်းလေ့ကျင့်မွေးထုတ်သွားနိုင်ရေး စီမံသွားကြရမည်ဖြစ်ပါကြောင်း၊ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍတွင် ဘတ်ဂျက်အသုံးစရိတ် ပိုမိုခွင့်ပြုသုံးစွဲနေသည့်အပေါ်တွင် အကျိုးရှိထိရောက်အောင် ဦးစားပေးမှန်ကန်အောင် ရွေးချယ်စီမံရန် မှာကြားလိုပါကြောင်း၊ ပညာရေးစနစ်နှင့် ကျန်းမာရေးစနစ်သည် တစ်မျိုးသားလုံး၏ အနာဂတ်မျိုးဆက်သစ်များကို ပြောင်းလဲနေသော ကမ္ဘာ့အခြေအနေများကိုအမီလိုက်နိုင်အောင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် အလေးထားပြောကြားလိုပါကြောင်း။

ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် (၄)ရပ်နှင့် အထက်ကပြောကြားခဲ့သည့် ဦးစားပေးလုပ်ငန်းများကို ကျန်သောလ ၃၀ အတွင်း ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက သာမန်သမားရိုးကျ ယခင်လုပ်ရိုးလုပ်စဉ်အတိုင်း လုပ်မည်ဆိုလျှင် ပြည်သူများ၏ လူမှုစီးပွားရေး လိုအင်ဆန္ဒအကျိုးရလဒ်ရရန် ခဲယဉ်းမည်ဖြစ်ပါကြောင်း၊ နိုင်ငံအုပ်ချုပ်ရေးယန္တရား၏ ထိပ်ပိုင်းမှစပြီး အောက်ခြေအထိ ဘုရင့်နောင် ဖောင်ဖျက်သကဲ့သို့ နောင်ရိုးစိတ်ဓာတ်ဖြင့် အဆင့်ဆင့်စုဖွဲ့ပြီး အားကြိုးမာန်တက် စီမံဆောင်ရွက်မှ ရည်မှန်းချက်တာဝန်များ ပြီးမြောက်အောင်မြင်ပြီး ပြည်သူများ၏ လူမှုစီးပွားရေးလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ယခင်က စီမံကိန်းကော်မရှင်ကသာ ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်လမ်းညွှန်ဆောင်ရွက်ခဲ့ရာမှ ယနေ့ကစပြီး နိုင်ငံတော်အဆင့် ပြုပြင်ပြောင်းလဲရေး ဦးဆောင်ကော်မတီကို သီးခြားဖွဲ့စည်းပြီး မိမိကိုယ်တိုင် ဦးဆောင်အာရုံစိုက် လမ်းညွှန်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများသည်လည်း လုပ်ငန်းကဏ္ဍအလိုက် လက်တွေ့အောင်မြင်ပြီးမြောက်သည်အထိ ဦးဆောင်ဆွေးနွေးညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးမည့် (Delivery Unit / Task Force) များနှင့် အလယ်အလတ်အဆင့်မှ လုပ်ငန်းအကောင်အထည်ဖော်မယ့်လုပ်ငန်းအဖွဲ့ (Working Group) များဖွဲ့စည်းပြီး မြေပြင်ကွင်းဆင်း၍ အပြန်အလှန် ညှိနှိုင်းဆွေးနွေးအကောင်အထည်ဖော်သွားကြရန် မှာကြားလိုပါကြောင်း၊ ဆွေးနွေးညှိနှိုင်းရာတွင်လည်း အစည်းအဝေးတစ်ရက်လုပ်ရုံဖြင့် ညှိနှိုင်းသောပုံစံမဟုတ်ဘဲ လုပ်ဆောင်မည့်အစီအမံ၊ ဆုံးဖြတ်ချက် အဖြေထွက်သည်အထိ တစ်နေရာတည်းတွင်ဆုံပြီး ၃/၄/၅ ရက်၊ ရက်သတ္တတစ်ပတ်၊ နှစ်ပတ်အချိန်ယူပူးပေါင်းညှိနှိုင်းသည့် ပုံစံဖြင့် ဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း၊ ယင်းအဖွဲ့အစည်းများသည် ပြည်တွင်းပြည်ပ ပညာရှင်အဖွဲ့အစည်းများ၊ပုဂ္ဂလိကအသင်းအဖွဲ့များ၊ အရပ်ဘက်လူထုအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ်ဆွေးနွေးညှိနှိုင်းခြင်း၊ ပြည်သူ့အသံနှင့် ဆန္ဒသဘောထားရယူခြင်းများ ဆောင်ရွက်ကြပြီး လက်တွေ့ကျကျ ပြည်သူ့လိုအပ်ချက် ဦးစားပေးလုပ်ငန်းများကို လ ၃၀ အတွင်း ပြည်သူများအတွက် အကျိုးရလဒ် ရရှိခံစားနိုင်ရေးအတွက် ပြီးမြောက်အောင်မြင်အောင် ကြိုးစားလုပ်ကိုင်သွားကြရန် အထူးအလေးထားမှာကြားလိုပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၏ အစီအမံ (Action Plan) များသည် သီးခြားစီရေးဆွဲဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ပြည်သူများအတွက် အဓိကလိုအပ်သော ဦးစားပေးလုပ်ငန်းများနှင့် ဦးစားပေးဖြည့်ဆည်းပေးရမည့်နယ်ပယ်ဒေသများကို ညှိနှိုင်းရွေးချယ်ပြီး ဘတ်ဂျက်၊ နိုင်ငံခြားအကူအညီ အထောက်အပံ့ချေးငွေ၊ ရင်းနှီးမြှုပ်နှံမှုတို့ကို လူအားငွေအား စုစည်းအကောင်အထည်ဖော်ရမည်ဖြစ်သည့်အတွက် လုပ်ငန်းကဏ္ဍအလိုက် လက်တွေ့အောင်မြင်ပြီးမြောက်သည်အထိ ဦးဆောင်ဆွေးနွေးညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးမည့် (Delivery Unit / Task Force) များ၏ စွမ်းဆောင်ရည်ကို ကောင်းမွန်အောင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များက အလေးထား စီမံပေးရန်ဖြစ်ပါကြောင်း။

ဘတ်ဂျက်ခွဲဝေသုံးစွဲရာတွင်လည်း ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ပြီး ပြည်သူများ၏ လူမှုစီးပွားရေးတိုးတက်အောင် လက်တွေ့အကောင်အထည်ဖော်ပေးနေရသော တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဘတ်ဂျက်အချိုးကို နယ်မြေအခြေအနေဖြင့်လုပ်ငန်းသဘာဝပေါ်မူတည်ပြီး ပိုမိုခွဲဝေပေးနိုင်ရေး ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

အလားတူ အစိုးရအုပ်ချုပ်ရေးယန္တရား တိုးတက်ကောင်းမွန်ရေးအတွက် ပြုပြင်ပြောင်းလဲမှုတစ်ရပ်ဖြစ်သည့် အစိုးရဌာနစီးပွားရေးလုပ်ငန်းများကို ပြန်လည်စိစစ်သုံးသပ်ပြီး ဘတ်ဂျက်အသုံးစရိတ်လိုငွေ လျှော့နည်းရေးနှင့် စီးပွားရေးလုပ်ငန်းစွမ်းဆောင်ရည် တိုးတက်ရေးတို့အတွက် (Corporatization, Privatization) လုပ်ဆောင်ရန် အစီအစဉ်ရှိသော ဌာနများအနေဖြင့် ဥပဒေမူဘောင်ရေးဆွဲပြဌာန်းရေးနှင့် လုပ်ငန်းစီမံကိန်းရေးဆွဲတင်ပြပြီး လာမည့်ဒီဇင်ဘာ ဘဏ္ဍာရေးကော်မရှင်အစည်းအဝေးတွင် ဘဏ္ဍာရေးအစီအမံ(Financial Plan) တင်ပြဆောင်ရွက်နိုင်အောင် စီမံကြရန် မှာကြားလိုပါကြောင်း။

နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ကြိုးပမ်းရာတွင် နယ်မြေလုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုရှိအောင် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ပြီးခဲ့သောကာလ ပဋိပက္ခဖြစ်စဉ်များကို ပြန်သုံးသပ်ကြည့်လျှင် အသေးအဖွဲ့ခိုက်ရန်ဖြစ်ပွားမှု၊ လူအုပ်စုဖွဲ့ရမ်းကားမှုများတွင် လက်ဦးမှုရယူတားဆီးထိန်းသိမ်းနိုင်မှုရှိရန် အရေးကြီးသည်ကိုတွေ့ရှိရသည့်အတွက် ဒေသတွင်ရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်လုံခြုံရေး အင်အားများကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ တိုက်ရိုက်ကွပ်ကဲအမိန့်ပေးဆောင်ရွက်ကြရန် တာဝန်ပေးအပ်ပါကြောင်း၊ ထိုသို့ ကွပ်ကဲရာမှာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရက မိမိတို့လမ်းညွှန်စီမံသောကိစ္စရပ်များကို ပြည်ထဲရေးဝန်ကြီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ အသိပေးညှိနှိုင်းရမည်ဖြစ်ပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနကလည်း မြို့နယ်ရဲလုံခြုံရေးအင်အားနှင့် ထိန်းသိမ်းရန် မလုံလောက်သည့်အချိန်တွင် ပြည်ထဲရေးဝန်ကြီးဌာန တိုက်ရိုက်ကွပ်ကဲရသောရဲတပ်ရင်းအင်အားများထပ်ဆောင်းဖြည့်တင်းပေးပြီး နိုင်နိုင်နင်းနင်းကိုင်တွယ်ထိန်းသိမ်းနိုင်အောင် ဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအကြား အုပ်ချုပ်မှုကိစ္စများ အဆင်ပြေချောမွေ့စေရန်အတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များမှာ-

- တိုင်းဒေသကြီး၊ ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာများအား ပြည်ထောင်စု

ဝန်ကြီးဌာနများက တိုက်ရိုက်ကွပ်ကဲကြီးကြပ်ခြင်းမပြုဘဲ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက စီမံခန့်ခွဲ၊ လမ်းညွှန်၊ ကြီးကြပ်၊ စစ်ဆေးဆောင်ရွက်သွားရန်။

- ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက စွမ်းဆောင်ရည်အကဲဖြတ်ချက်အစီရင်ခံစာအား ပြုစု၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြပြီး ပြည်ထောင်စုဝန်ကြီးဌာနများသို့ မိတ္တူပေးလျက် ပြည်ထောင်စုဝန်ကြီးဌာနများက ရာထူးတိုးမြှင့်ရေးနဲ့ အပြောင်းအရွှေ့စီမံရာတွင် ယင်းအကဲဖြတ်ချက်အပေါ် မူတည်ဆောင်ရွက်ရန်။
- ပညာရေးဝန်ကြီးဌာနအနေဖြင့် မူလတန်းအဆင့် ဆရာ ဆရာမများ ခန့်ထားရာ၌ ဗဟိုမှ တိုက်ရိုက်ခန့်ထားခြင်းမပြုဘဲ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ အစီအစဉ်ဖြင့် ခန့်ထားခွင့်ပြုရန်။
- ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် သူနာပြု၊ သားဖွားဆရာမများ ခန့်ထားရာ၌ ဗဟိုမှ စုစည်းလေ့ကျင့်သော်လည်း ခန့်ထားရာ၌ တိုင်းဒေသကြီး၊ ပြည်နယ်အစီအစဉ်ဖြင့် ဒေသအလိုက် ဒေသခံများ ပြောင်းရွှေ့နေရာချထားနိုင်ရေးညှိနှိုင်းစီစဉ်ရန်နှင့် ဝေးလံခေါင်းပါးဒေသများအတွက် ဆရာဝန် ခန့်အပ်ချထားခြင်းကို ဗဟိုမှ တိုက်ရိုက်စီစဉ်သော်လည်း ပျက်ကွက်မှုများရှိနေသဖြင့် ဝေးလံခေါင်းပါးဒေသများအတွက် တိုင်းဒေသကြီး အစီအစဉ်ဖြင့် ဆရာဝန် လိုအပ်သောဒေသများအတွက် သတင်းစာတွင် ကြော်ငြာခေါ်ယူလျှောက်ထားစေပြီး ခန့်အပ်တာဝန်ပေးသည့်စနစ် ကျင့်သုံးရန်။
- ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများမှ တိုက်ရိုက်ခွင့်ပြုရသည့် လုပ်ငန်းများအနက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအစီအစဉ်ဖြင့် လုပ်ကိုင်ခွင့်ပေးနိုင်သည့် လုပ်ငန်းများအား ခွဲဝေပိုင်းခြားလုပ်ကိုင်ခွင့်ပြုရန်။

တိုင်းဒေသကြီး/ပြည်နယ်အစိုးရ ဝန်ကြီးချုပ်များကို အဓိကထားမှာကြားလိုသည်မှာ-

- မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် မြို့မိမြို့ဖများ ပါဝင်ဖွဲ့စည်းထားသော မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများသည် မြို့နယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်သူများ၏ လူမှုစီးပွားရေးလိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးသော အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းညှိနှိုင်းအကောင်အထည်ဖော်ရေးအဖွဲ့များဖြစ်သည့်အတွက် မြို့နယ်အတွက် ဦးစားပေးလုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးတတ်၊ လုပ်တတ်ကိုင်တတ်ရှိအောင် သင်ကြားလေ့ကျင့်ပေးရန် လိုအပ်ပါကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် မြို့နယ်အဆင့်သည် အခြေခံကျပြီး ပြည်သူများ၏တစ်ဦးကျဝင်ငွေ၊ သောက်သုံးရေလိုအပ်ချက်၊ လျှပ်စစ်မီးလိုအပ်ချက်၊ အလုပ်လက်မဲ့အရေအတွက်နှင့် အလုပ်အကိုင် အခွင့်အလမ်းဖန်တီးရေး၊ မြို့ကွက်ရွာကွက် အကျယ်အဝန်းနှင့် လူဦးရေတိုးပွားမှု၊ သိပ်သည်းမှုအရ မြို့ရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲပြီး လယ်မဲ့၊ ယာမဲ့၊ အိမ်မဲ့များစာရင်းကောက်ယူနေရာချထားရေး စသောလုပ်ငန်းတွေကို ထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်ရန် ကိန်းဂဏန်း စာရင်းဇယားများကို မြေပြင်စာရင်းကောက်ယူလေ့လာသုံးသပ်ဆွေးနွေး စီမံဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ဤနေရာတွင် တောင်သူလယ်သမားများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်းလုပ်ငန်းများကို အမြန်ပြီးပြတ်အောင် ဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ ၎င်းတို့ပိုင်ဆိုင်ခွင့်၊ ရောင်းချခွင့်၊ ပေါင်နှံခွင့်များရလာသည်နှင့်အမျှချေးငွေရရှိရေး၊ ငွေကြေးအရင်းအနှီးရရှိရေး ဆောင်ရွက်လာနိုင်မည်ဖြစ်သည့်အတွက် တောင်သူလယ်သမားများ၏ လူမှုစီးပွားရေးဘဝတိုးတက်လာမည်ဖြစ်၍ ဝိုင်းဝန်းဆောင်ရွက်ပေးကြပါဟု မှာကြား လိုပါကြောင်း။

မြို့နယ်ကော်မတီအသီးသီးအနေဖြင့် အစည်းအဝေးများကျင်းပရာတွင် ပြည်သူများက ရွေးချယ်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များကိုပါ ဖိတ်ကြားပြီး ပြည်သူများ၏ လူမှုစီးပွားရေးလိုအပ်ချက်များ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတား အခြေခံအဆောက်အအုံ လိုအပ်ချက်များအနက် ဦးစားပေးများကိုရွေးချယ်ပြီး မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လွှတ်တော်များသို့ အဆင့်ဆင့် တင်ပြသင့်သည်များကို ဘတ်ဂျက်၊ ငွေကြေး၊ ရင်းနှီးမြှုပ်နှံမှု အလားအလာပေါ် မူတည်ရွေးချယ်ပြီး ညှိနှိုင်းတင်ပြသည့် အစီအစဉ်များ ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

ထိုသို့ ပြည်သူများပူးပေါင်းပါဝင်သည့် ပြည်သူဗဟိုပြုဖွံ့ဖြိုးရေးအတွက် ရည်မှန်းဆောင်ရွက်နေသော ပြည်သူဗဟိုပြုအုပ်ချုပ်မှုစနစ်သစ်တစ်ရပ်ကို ပီပီပြင်ပြင် အကောင်အထည်ဖော်မှသာ အစိုးရအုပ်ချုပ်ရေးယန္တရား၏ ပွင့်လင်းမြင်သာရှိမှု၊ ပြည်သူ့အသံနှင့်ဆန္ဒကို သိရှိဦးစားပေး၍ ထိရောက်စွာ အကောင်အထည်ဖော်မှု၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ လိုက်နာဆောင်ရွက်လျက် လာဘ်ပေးလာဘ်ယူတားဆီးထိန်းသိမ်းနိုင်မှု၊ မြို့နယ်အေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးမှု၊ ဒေသဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာမည်ဖြစ်သည့်အတွက် အလေးထားဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း။

နိဂုံးချုပ်အားဖြင့် ဒီမိုကရေစီနိုင်ငံသစ်အဖြစ် ပြုပြင်ပြောင်းလဲကြိုးပမ်းကြသည့် ကမ္ဘာ့နိုင်ငံအချို့၏ အတွေ့အကြုံအရ စီးပွားရေးပိတ်ဆို့မှုဒဏ်မခံရဘဲ စီးပွားရေးအခြေခံ အထိုက်အလျောက်ရှိသည့် နိုင်ငံများသည်ပင် ရည်မှန်းသောအဆင့်ရောက်ရန် ၁၅ နှစ်၊ အနှစ် ၂၀ ကြာ ကြိုးပမ်းခဲ့ကြရသည်ကို တွေ့ရှိရပါကြောင်း။

ကမ္ဘာ့စီးပွားရေးဖိုရမ်ကျင်းပစဉ်က မက်ကင်ဆေးအဖွဲ့ကလေ့လာသုံးသပ်တင်ပြချက်အရ မြန်မာနိုင်ငံ၏ စီးပွားရေးအလားအလာသည် ကုန်ထုတ်လုပ်မှုနှစ်ဆ တိုးတက်အောင်ကြိုးပမ်းနိုင်လျှင် ၂၀၃၀ ပြည့်နှစ်တွင် စီးပွားရေးထုတ်လုပ်မှု ဒေါ်လာဘီလီယံ ၂၀၀ ထိ ရရှိမည်ဟု ခန့်မှန်းထားပါကြောင်း၊ ကုန်ထုတ်လုပ်မှု နှစ်ဆတိုးတက်ရေးအတွက် အခြေခံကျသော မြို့နယ်တိုင်းတွင် ကုန်ထုတ်လုပ်မှု နှစ်ဆတိုးအောင်ဆောင်ရွက်နိုင်မည့် ဦးစားပေးလုပ်ငန်းကဏ္ဍနယ်ပယ်များကို ကွင်းဆင်းလေ့လာသုံးသပ်ပြီး တိုးတက်အောင် အကောင်အထည်ဖော်နိုင်ရေး စီမံသွားကြရန် တိုက်တွန်းလိုပါကြောင်း။

အစီအမံများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းရှိသော တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ လက်လုပ်လက်စားများ၊ ဆင်းရဲသောပြည်သူများအတွက် လိုအပ်နေသည့် စားဝတ်နေရေးအဆင်ပြေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရန် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး စသော အခြေခံကျကျ လက်တွေ့ဖြည့်ဆည်းပေးနိုင်မည့် လုပ်ငန်းများကို ဦးစားပေးရွေးချယ်ပြီး ကျန်သည့်လ ၃၀ အတွင်း သိသာထင်ရှားသော အကျိုးရလဒ်များရရှိအောင်အကောင်အထည်ဖော် ကြိုးပမ်းသွားကြပါဟု ပြောကြားခဲ့သည်။ (သတင်းစဉ်)

ကယားလူမျိုးစုဒီမိုကရေစီပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၂၃/၂၀၁၃)
၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်
(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၉ ရက်)
ကယားလူမျိုးစု ဒီမိုကရေစီပါတီအား
နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

အမှတ်(၄၇)၊တော်ကြီးလမ်း၊ မင်္ဂလာရပ်ကွက်၊လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ်တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော ကယားလူမျိုးစု ဒီမိုကရေစီပါတီအား ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ကယားလူမျိုးစုဒီမိုကရေစီပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၆၅)ဖြစ်ပါသည်။

အမိန့်အရ
တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်တွင်းသတင်း

အစိုးရ၏ဆောင်ရွက်ချက်များသည် လွှတ်တော်မှပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ ဆောင်ရွက်နေ ပြည်သူ့အသံကိုနားထောင်၍ လုပ်ဆောင်နေခြင်းကို ကမ္ဘာကသိအောင်ပြောစေလို

နေပြည်တော် ဩဂုတ် ၉

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်အား လန်ဒန်မြို့ အခြေစိုက် The Elders အဖွဲ့အစည်း၏ ရှေ့ပြေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ The Elders အဖွဲ့အစည်းအနေဖြင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုများကို အားဖြည့်အကူအညီပေးနိုင်ရေး ဆောင်ရွက်ပေးရမည့်အချက်များကို သိရှိလို၍ လာရောက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ယနေ့အစိုးရ၏ ဆောင်ရွက်ချက်များသည် လွှတ်တော်မှ ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ ဆောင်ရွက်နေသည့် ပြည်သူ့အစိုးရဖြစ်ကြောင်း၊ ပြည်သူ့အသံကို နားထောင်၍ လုပ်ဆောင်နေခြင်းကို ကမ္ဘာကသိအောင် ပြောစေလိုကြောင်း၊ မိမိတို့ဝန်ကြီးဌာနမှ ဘာသာအားလုံးကို အခြေခံဥပဒေ၌ပါသည့်အတိုင်း တတ်နိုင်သမျှကူညီဆောင်ရွက်ပေးနေကြောင်း ပြောကြားခဲ့ပြီး ဘာသာရေး သာသနာရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာမောင်မောင်ငွေး၊ ဦးစိုးဝင်းနှင့် သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ဩဂုတ် ၉ ရက်က စင်ကာပူသမ္မတနိုင်ငံ၏ (၄၈)ကြိမ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် ဧည့်ခံပွဲ အခမ်းအနား တက်ရောက်လာသော ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chua Hlan Kong Robert နှင့် ဇနီးတို့က ဆီဒိုးနား ဟိုတယ်၌ ကြိုဆို နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသည့် မန္တလေးဘူတာကြီး

မေးမြန်းစုစည်း-သူရအောင်(မန်းမြေ)
ဓာတ်ပုံ-ထိန်နန်နော်(မနောမြေ)

ယနေ့အချိန်တွင် ပြည်သူဗဟိုပြုလုပ်ငန်းများကို နိုင်ငံတစ်ဝန်း၌ အရှိန်အဟုန်ဖြင့် ပြောင်းလဲကျင့်သုံးလျက်ရှိရာ မန္တလေးဘူတာကြီးကလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ဘူတာကြီး၏ ပြုပြင်ပြောင်းလဲဆောင်ရွက်နေမှုများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်အတွက် ဘူတာရုံပိုင်ချုပ်ကြီး ဦးကံစိန်ကို သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်-

မေး ။ ။ မီးရထားစီး ခရီးသည် ဝင်ထွက်မှုကို ရှင်းပြပေးပါဦး။

ဖြေ ။ ။ တစ်လကို ခရီးသည် တစ်သိန်း နှစ်သောင်းကနေ တစ်သိန်းခွဲလောက်ကို ဝန်ဆောင်မှုပေးနေပါတယ်။ ခရီးသွားနည်းတဲ့လတွေမှာဆို တစ်သိန်းလောက်ရှိပါတယ်။ ခရီးသွားများတဲ့လတွေမှာဆို တစ်သိန်းခွဲကျော်ရှိပါတယ်။ ခရီးသည်တွေ သွားလာမှု လုံခြုံအဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။

မေး ။ ။ နိုင်ငံခြားသား ခရီးသွားဧည့်သည်တွေကို ဘယ်လို ဝန်ဆောင်မှုပေးတယ်ဆိုတာလည်း ရှင်းပြပေးစေလိုပါတယ်။

ဖြေ ။ ။ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်တွေအတွက် အထူးတွဲဆိုတာမျိုးတော့ မရှိသေးပါဘူး။ အထူးတွဲစီစဉ်ပေးဖို့ တောင်းဆိုရင်တော့ စီစဉ်ပေးပါတယ်။ ရထားတစ်တွဲလုံးကို အထူးအစီအစဉ်နဲ့ ပြေးဆွဲတာတော့ နှစ်ကြိမ်လောက်ရှိပါတယ်။ ဒါလည်း ဝန်ကြီးဌာန အစီအစဉ်နဲ့ ဆောင်ရွက်ပေးခဲ့တာပါ။ နိုင်ငံခြားသား ခရီးသွားတွေအနေနဲ့ မန္တလေး-နောင်ပိန်၊ မန္တလေး-ပုဂံနဲ့ မန္တလေး-မြစ်ကြီးနား လမ်းတွေကို နေ့စဉ်သွားရောက်တာ များပါတယ်။ ခရီးသွားဧည့်သည်တွေ လုံခြုံစိတ်အေးချမ်းစွာ သွားလာနိုင်အောင် ဆောင်ရွက်ပေးနေတဲ့အပြင် ခရီးသွားတွေရဲ့ ဆန္ဒအရ လိုအပ်ချက်ပေါ် မူတည်ပြီးတော့လည်း အထူးတွဲတွေကို သက်ဆိုင်ရာ တာဝန်ရှိသူတွေနဲ့ ညှိနှိုင်းစီစဉ်ပေးသွားမှာပါ။

မေး ။ ။ မန္တလေး ဘူတာကြီးကနေ ပြေးဆွဲပေးနေတဲ့ ခရီးလမ်းကြောင်းတွေကို ရှင်းပြပေးပါဦး။

ဖြေ ။ ။ မန္တလေးကို ဗဟိုပြုပြီး ရန်ကုန်၊ မြစ်ကြီးနား၊ လားရှိုး၊ မုံရွာ၊ ပခုက္ကူနဲ့ ပုဂံခရီးစဉ်တွေကို ပြေးဆွဲပေးနေပါတယ်။ မန္တလေး-ရန်ကုန်ကို နံနက် ၆ နာရီ၊ ညနေ ၃ နာရီ ၁၅ မိနစ်နဲ့ ညနေ ၅ နာရီဆိုပြီး အမြန်ရထား သုံးစင်းပြေးဆွဲပေးပါတယ်။ မန္တလေး-ရန်ကုန် စာပို့ရထားကတော့ နံနက် ၈ နာရီမှာ ထွက်ပါတယ်။ မန္တလေး-မြစ်ကြီးနား လမ်းကြောင်းမှာဆိုရင် ပုံမှန်အနေနဲ့ နံနက် ၄ နာရီခွဲ၊ မွန်းလွဲ ၁ နာရီနဲ့ ညနေ ၄ နာရီ တို့ရှိတဲ့အပြင် မွန်းလွဲ ၂ နာရီ ၁၀ မိနစ်နဲ့ ည ၇ နာရီ ၄၅ မိနစ်မှာဆိုရင် အထူးအမြန်ဆိုပြီး စုစုပေါင်း ငါးစင်းပြေးဆွဲပေးပါတယ်။ မန္တလေး- နဘားကို နံနက် ၇ နာရီမှာ ပြေးဆွဲပေးပါတယ်။ မန္တလေး-ပုဂံလမ်းကြောင်းကိုတော့ နံနက် ၇ နာရီ မိနစ် ၂၀ နဲ့ ည ၉ နာရီဆိုပြီး နှစ်စင်းပြေးဆွဲပေးနေပါတယ်။

မန္တလေး-လားရှိုး လမ်းပိုင်းမှာ နံနက် ၄ နာရီတစ်စင်း ပြေးဆွဲပေးပါတယ်။ မန္တလေး-မုံရွာကို မွန်းလွဲ ၂ နာရီခွဲတစ်စင်း ပြေးဆွဲပေးပါတယ်။ မန္တလေး-ပခုက္ကူကို ညနေ ၆ နာရီ တစ်စင်းရှိပါတယ်။ မန္တလေး- မတ္တရာဆိုရင် နံနက် ၅ နာရီတစ်စင်းရှိပါတယ်။ ဒါတွေကတော့ မန္တလေးကို ဗဟိုပြုပြီး ပြေးဆွဲနေတာပါ။

မေး ။ ။ မန္တလေး- မြစ်ကြီးနား လမ်းပိုင်း အချိန်တွေ ပြောင်းလဲ ပြေးဆွဲမှုကို ရှင်းပြပေးပါဦး။

ဖြေ ။ ။ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုနဲ့အတူ မီးရထားစီးခရီးသည်တွေရဲ့ ဆန္ဒနဲ့ ခရီးသွားလာမှု ပိုမိုအဆင်ပြေမယ့် အချိန်တွေကို လေ့လာသုံးသပ်ပြီး ကချင်ပြည်နယ်ထဲမှာ နေ့ပိုင်း ပြေးဆွဲနိုင်အောင် ပြောင်းလဲပေးလိုက်တာဖြစ်ပါတယ်။ ဩဂုတ် ၁ ရက်ကစပြီး ပြေးဆွဲပေးနေပါတယ်။

မေး ။ ။ ပြောင်းလဲ လိုက်တဲ့ အချိန်တွေပေါ် ခရီးသွားတွေရဲ့အမြင်ကရော ဘယ်လိုရှိပါသလဲ။

ဖြေ ။ ။ မြစ်ကြီးနားလမ်းပိုင်းက မီးရထားကို အားထားသွားလာရတာ ဖြစ်တဲ့အတွက် ခရီးသည်တွေ အဆင်ပြေ ကျေနပ်မှုရှိတယ်လို့ သိရပါတယ်။

မေး ။ ။ ဘူတာကြီးကို အဆင့်မြှင့်တင် ဆောင်ရွက်နေတာနဲ့ ပတ်သက်ပြီး ရှင်းပြပေးပါဦး။

မန္တလေးဘူတာကြီးကို တွေ့မြင်ရစဉ်။

ဘူတာရုံပိုင်ချုပ်ကြီး ဦးကံစိန်။

ဖြေ ။ ။ မန္တလေးဘူတာကြီးမှာ ဝင်ထွက် သွားလာနေတဲ့ ခရီးသွားတွေ အဆင်ပြေချောမွေ့အောင် ကြိုးစားဆောင်ရွက်ပေးနေပါတယ်။ အဓိကထားပြီးလုပ်တာကတော့ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ပေါင်းပြီး ပြည်သူ့ဆက်ဆံရေးဌာနကို ဖွင့်လှစ်ပေးထားပါတယ်။ ခရီးသွားတွေရဲ့ လက်မှတ်ဝယ်ယူမှု အပါအဝင် လိုလားချက်တွေ၊ ပြုပြင်ပြောင်းလဲပေးရမယ့် အကြံပြုချက်တွေကို မှတ်တမ်းတင်ပြီး ချက်ချင်းဆောင်ရွက်ပေးနိုင်တာကို လက်ငင်းဆောင်ရွက်ပေးသလို အထက်ဌာနကို တင်ပြဆောင်ရွက်ရမယ့်အပိုင်းတွေလည်း နေ့ချင်းတင်ပြပေးပါတယ်။

ခရီးသည်တွေ သိရှိလိုတဲ့ အချက်တွေကို ကူညီဆောင်ရွက်ပေးနိုင်ဖို့ ရည်ရွယ်ပြီး ဒီဌာနကို ဖွင့်ထားတာဖြစ်ပါတယ်။ ဖုန်း- ၀၂-၃၅၀၆၉ ကိုလည်း ဆက်သွယ်အကူအညီ တောင်းနိုင်ပါတယ်။ ဘူတာအတွင်းမှာ ပြန်ကြားရေးဝန်ကြီးဌာနက စာပေရေချမ်းစင် ဖွင့်ပေးထားတဲ့အတွက် ခရီးသွားတွေကို အများကြီး အကျိုးပြုပါတယ်။

ပြည်တွင်းသတင်း

နို့စားနွားများနှင့် အသားတိုးနွားမွေးမြူ

မန္တလေး ဩဂုတ် ၉

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးဦးမြင့်သန်း၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအောင်ဌေးကျော်တို့ ဦးဆောင်လျက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာရန်နိုင်စိုး၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမြတ်ထွဋ်တို့လိုက်ပါ၍ ဩဂုတ် ၄ ရက် နံနက် ၈ နာရီက ပုသိမ်ကြီးမြို့နယ် ကန်ကြီးကျေးရွာရှိ သာလွန်နို့စားနွားနှင့် အသားတိုးနွားမွေးမြူရေးခြံသို့ သွားရောက်လေ့လာကြသည်။

သာလွန်မွေးမြူရေးကုမ္ပဏီလီမိတက်ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်ခိုင်သန်းက အသားတိုးနွားနှင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များက နွားမွေးမြူရေးခြံအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။ **(အပေါ်ယာပုံ)**

အဆိုပါ သာလွန်နို့စားနွားနှင့် အသားတိုးနွားမွေးမြူရေးခြံသည် ပုသိမ်ကြီးမြို့နယ် ကန်ကြီးကျေးရွာတွင် ယာယီမွေးမြူထားသော မြေနေရာဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မကြာမီ နွားထိုးကြီးမြို့နယ် ပဒေါင်းကျေးရွာအုပ်စု ကွင်းအမှတ်(၆၈၁) မွေးမြူရေးစားကျက်မြေသို့ ပြောင်းရွှေ့လုပ်ကိုင်သွားမည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များသည် ပုသိမ်ကြီးမြို့နယ် ဒေါ်စန်းစန်းမြင့်၏ ပေါင်းစည်းလယ်ယာ စိုက်ခင်းခြံသို့လည်းကောင်း၊ မတ္တရာမြို့နယ် ရေနံ့သာကျေးရွာအုပ်စု မတ္တရာ-မိုးကုတ်ကားလမ်းမကြီးအရှေ့ဘက် စံပြရေချိုငါးမွေးမြူရေးအစားအစာထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်၏ ယင်းမျောအင်းငါးမွေးမြူရေးနှင့် အသားတိုးဝက်မွေးမြူရေးလုပ်ငန်းခွဲသို့လည်းကောင်း၊ မတ္တရာမြို့နယ် တောင်ပြုံးကျေးရွာရှိ ဦးအိုက်မှူး၏ ဥစားကြက်ခြံနှင့် ဦးဆန်းထွန်း၏ အသားတိုးကြက်ခြံတို့ကိုလည်းကောင်း၊ ပြင်ဦးလွင်မြို့နယ် ပြင်ဦးလွင်-လားရှိုး ကားလမ်းဘေးရှိ ဒီဇင်ဘာနို့စားနွား မွေးမြူရေးခြံသို့လည်းကောင်း သွားရောက်လှည့်လည်ကြည့်ရှုလေ့လာကြရာ သက်ဆိုင်ရာခြံပိုင်ရှင်များ၊ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြကြောင်း သိရသည်။ (၀၄၀)

နေရဥ္စရာမြစ်ရေတိုက်စားမှုကြောင့် နေအိမ်များပြောင်းရွှေ့ထားရ

ကလေး ဩဂုတ် ၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် နန်းစောင်းပုကျေးရွာတွင် နေရဥ္စရာမြစ်ရေတိုက်စားမှုကြောင့် ဇူလိုင် ၂၅ ရက်က နေအိမ်ကိုးလုံးနှင့် စပါးတိုက်များ၊ နွားစာတဲများ ပြောင်းရွှေ့ထားရကြောင်း၊ နေရဥ္စရာမြစ်ရေသာ ဆက်ပြီးတိုးနေမည်ဆိုပါက အမှတ်(၆)ရပ်ကွက်အားလုံး ရေထဲပါသွားနိုင်ကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။

"နေရဥ္စရာမြစ်က နှစ်စဉ်နှစ်တိုင်း ကမ်းပါးပြိုကျမှုတွေနဲ့ ရင်ဆိုင်ခဲ့ရတာပါ။ ဒီနှစ်မိုးရာသီ ကမ်းပါးပြိုကျမှုတွေကိုကာကွယ်ဖို့ဆိုပြီး ၂၀၁၃ ခုနှစ် မေလတုန်းက ရေကာတာကိုးခုဆောက်ပါတယ်။ ရေစီးအားကသန်တော့ ရေကာတာတွေလည်း မခံနိုင်ပါဘူး၊ ခုနစ်ခု ရေထဲပါသွားပါပြီ၊ နှစ်ခုပဲ ကျန်ပါတော့တယ်၊ ၁၉၈၇ ခုနှစ်တုန်းက ကမ်းပါးပြိုကျတာဆိုလျှင် ကျေးရွာဘုန်းကြီးကျောင်းတွေရော အားကစားကွင်းတွေရော ယာမြေတွေ၊ အိမ်တွေပါ ရေထဲပါသွားဖူးပါတယ်၊ ၂၀၁၂ ခုနှစ်မှာ နေအိမ် ၁၂ လုံး ပြောင်းရွှေ့ရတုန်းက မြို့နယ်ကလူကြီးတွေလာပြီး တစ်အိမ်ကို ငွေကျပ် ၅၀၀၀၀၊ အိုးတွေ ခွက်တွေ၊ တောင်းတွေ၊ လွှတွေကူညီထောက်ပံ့ပေးပါတယ်၊ ယခုနှစ်ရေကြီးမှုကိုတော့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးချန်ဖီယန်လာရောက်ပြီး အိမ်တစ်အိမ်ကို ဆန်တစ်အိတ်ထောက်ပံ့ပေးမည်ဟု ပြောသွားကြောင်း" ဒေသခံတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ယခုနှစ်မိုးရာသီ မြစ်ရေကြီးမှုကြောင့် အိမ်ကိုးအိမ် ပြောင်းရွှေ့ထားရပြီး နီးစပ်ရာဆွေမျိုးများနေအိမ်တွင် စီစဉ်ပေးထားကြောင်း သိရသည်။

(အောက်ပုံ) သျှင်နေမင်း

ကြာနီကန်သုသာန်ကို အေးရိပ်ငြိမ်ဘာသာပေါင်းစုံသုသာန်အဖြစ် အမည်ပြောင်း

မန္တလေး ဩဂုတ် ၉

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အင်ကျယ်ကျေးရွာအုပ်စု ကွင်းအမှတ်(၄၆၉) နှင့် ၄၆၉(က)ရှိ ကြာနီကန်ဘာသာပေါင်းစုံသုသာန်ကို အေးရိပ်ငြိမ်ဘာသာပေါင်းစုံသုသာန်အဖြစ် အမည်ပြောင်းလဲပေးခဲ့သောကြောင့် ကြာနီကန်ကျေးရွာနေ ဒေသခံပြည်သူများမှာ ၎င်းတို့၏ဆန္ဒပြည့်ဝခဲ့သဖြင့် ဝမ်းသာပီတိဖြစ်ကြောင်း သိရသည်။

ပုသိမ်ကြီးမြို့နယ်ရှိ မူလအမည်မှာ ကြာနီကန်ဘာသာပေါင်းစုံသုသာန်ဟုသာ ခေါ်ဝေါ်သုံးစွဲနေရာမှ ဩဂုတ် ၁ ရက်ကစတင်၍ အေးရိပ်ငြိမ်ဘာသာပေါင်းစုံသုသာန်အမည်ဖြင့် အသစ်အစားထိုးသုံးစွဲကြရန် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက အများပြည်သူသိရှိစေရန် အသိပေးကြေညာခဲ့သည်။ "၁၉၈၉ ခုနှစ်တုန်းက မန္တလေးစည်ပင်မှ ပုသိမ်ကြီးမြို့နယ် အင်ကျယ်ကျေးရွာအုပ်စု ကွင်းအမှတ် ၄၆၉ နဲ့ ၄၆၉(က)ကွင်းရှိ မြေတွေကို ဘာသာပေါင်းစုံ သုသာန်မြေအဖြစ် သိမ်းဆည်းသတ်မှတ်ခဲ့ပါတယ်။ ထိုစဉ်က ကြာနီကန်ကျေးရွာအုပ်စု နယ်မြေအတွင်းမဟုတ်ဘဲနဲ့ သုသာန်အမည်ကို ကြာနီကန်သုသာန်လို့ ခေါ်ဝေါ်သုံးစွဲနေတဲ့အတွက် ကျွန်တော်တို့ ကျေးရွာနေပြည်သူများရဲ့ စိတ်နှလုံး ညှိုးနွမ်းခဲ့ရပါတယ်။ ဒီနေ့ နိုင်ငံတော်အစိုးရရဲ့ အစိုးရအဖွဲ့၊ ကြာနီကန်ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖ၊ လူမှုရေးအသင်းအဖွဲ့နဲ့ ကျေးရွာပြည်သူအားလုံးတို့ရဲ့ စည်းလုံးညီညွတ်တဲ့အားများကြောင့် ကြာနီကန်သုသာန်ဆိုတဲ့ နာမည်ပျောက်ပြီး အေးရိပ်ငြိမ်သုသာန်ဆိုတဲ့ နာမည်ကို ပြောင်းလဲလိုက်လို့ ကျွန်တော်တို့တစ်ရွာလုံးရဲ့ ဖြစ်စေချင်တဲ့ဆန္ဒပြည့်ဝခဲ့တဲ့အတွက် ဝမ်းသာပျော်ရွှင်လို့မဆုံး ဖြစ်နေကြပါတယ်"ဟု ရပ်မိရပ်ဖတစ်ဦးက ပြောပြသည်။

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကြာနီကန်ကျေးရွာသည် ပထမမြန်မာနိုင်ငံတော်ကြီးကို စတင်တည်ထောင်စဉ်အချိန်မှစ၍ ထင်ရှားစွာတည်ရှိနေခဲ့သည့် ရွာကြီးတစ်ရွာဖြစ်ပြီး ဘုရားစေတီပုထိုးကျောင်းကန်များစွာတည်ရှိပြီး ဘာသာရေး၊ သာသနာရေးနှင့် ပြီးပြည့်စုံသည့်ရွာဖြစ်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

စာပေရေချမ်းစင်များ ဖွင့်လှစ်အောင်မြင်

မင်းဘူး ဩဂုတ် ၉

မင်းဘူးမြို့နယ် လူစည်ကားရာ ၁၀နေရာတွင် ဇူလိုင် ၁ရက်က စတင်၍ စာပေရေချမ်းစင်များ ဖွင့်လှစ်ပေးထားလျက်ရှိသည်။ စာပေဖတ်ရှုသူများအတွက် အဆိုပါစာပေရေချမ်းစင်များ၌ ဩဂုတ် ၄ ရက်က စာအုပ်ဟောင်းများ သိမ်းဆည်းပြီး စာအုပ်သစ်များ လဲလှယ်ပေးခဲ့သည်ကို ဩဂုတ် ၈ ရက်တွင် ခရိုင်ဦးစီးအရာရှိ ဦးခင်ဝင်းက လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

တင်ထွန်းဦး

သွေးလွန်တုပ်ကွေးကလေးများအတွက် ငွေလှူဒါန်း

ညောင်ဦး ဩဂုတ် ၉

ညောင်ဦးမြို့နယ်၌ ကျေးလက်ဒေသများမှ သွေးလွန်တုပ်ကွေး ဖြစ်ပွားသော ကလေးလူနာ ၁၀၀ ခန့် ဆေးရုံတက်ရောက်နေသည်။ ဆေးရုံတက်ရောက် ကလေးလူနာများအတွက် ညောင်ဦးမြို့ SEED လူမှုကူညီရေးအသင်းက ငွေကျပ် ၂၅၇၀၀၀ကို ခရိုင်ဆရာဝန်ဒေါက်တာ အောင်လွင်ထံသို့ ဩဂုတ် ၇ ရက်က ပေးအပ်လှူဒါန်းခဲ့သည်။ ညောင်ဦးမြို့ ပြည်သူ့ဆေးရုံသည် ခုတင် ၁၀၀ ဆံ့ဖြစ်ပြီး ကလေးလူနာများမှာလည်း ၁၀၀ ခန့် ဖြစ်နေသည်ဟု မြို့ခံပြည်သူတစ်ဦးထံမှ သိရသည်။

ကျော်ဌေး

'ကံကောင်း'

အိမ်၊ ခြံ၊ မြေ အကျိုးဆောင်

သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ(၃)၊ (၂)၊ (၁)
အောင်ချမ်းသာတိုးချဲ့၊ V.I.P အကွက်များ၊ လုံးချင်းတိုက်များ
သန်လျင်၊ ကျောက်တန်းမြေကွက်များရောင်းဝယ်ရန်ရှိသည်။
(သန်လျင်၊ ကျောက်တန်း၊ သီလဝါသီးသန့်)
ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉၊ ၀၉-၄၂၀၁၈၅၅၇၇
၀၉-၄၄၀၀၀၅၀၁၈၊ ၀၉-၇၃၂၂၇၅၅၆

ဝန်ထမ်းအလိုရှိသည်

Aircon Service Technician ကျား (၄)ဦး

- အသက်(၄၀)အောက်
- ရိုးသား၊ ကြိုးစား၍ ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။
- နေပြည်တော်၌ တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

မှတ်ချက် ။ ။ လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဓာတ်ပုံနှစ်ပုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်း အထောက်အထား မိတ္တူတို့နှင့်အတူ ၁၈-၈-၂၀၁၃ရက် မွန်းတည့် ၁၂နာရီမှ ညနေ ၃နာရီအတွင်း အောက်ပါလိပ်စာသို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

တိုက်အမှတ် ၁၄၊ အခန်း ၁၀၊
နှင်းဆီလမ်း၊ ယုဇနပလာဇာအနီး၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ၂၀၁၄ခုနှစ်အတွက် ပညာပေးပြက္ခဒိန်၊ အလှပြက္ခဒိန်နှင့် စားပွဲတင်ပြက္ခဒိန်သုံးမျိုးအား ပုံနှိပ်ထုတ်ဝေမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။
၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၁၂-၈-၂၀၁၃ရက်ဖြစ်ပါသည်။
၃။ တင်ဒါပိတ်ရက်နှင့်အချိန်မှာ - ၁၁-၉-၂၀၁၃ရက် မွန်းတည့် ၁၂နာရီဖြစ်ပါသည်။
၄။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ပြည်ထောင်စုဝန်ကြီးရုံး၊ အဖွဲ့ခွဲ(၃)၊ ရုံးအမှတ်(၁၅)တွင် အမျိုးအစားတစ်ခု ကျပ် ၃၀၀၀ိ/-ဖြင့် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

ပြက္ခဒိန်အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရုံးအမှတ်(၁၅)၊ ဖုန်း-၀၆၇-၄၁၀၀၉၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၂)၊ မြေကွက်အမှတ် ၁၂၅၇ အမည်ပေါက် ဒေါ်ဥမ္မာကျော်၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်ကေသီခင်အေးဟန် ၁၂/ကတန(နိုင်)၀၀၂၂၈၀က မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း) တင်ပြပြီး မြေပါမစ်ထုတ်ပေးပါရန်လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာ တင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ပြင်ဆင်ဖတ်ရှုပါရန်

၉-၈-၂၀၁၃ရက်ထုတ် ကြေးမုံသတင်းစာနှင့် ၁၀-၈-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာတို့တွင် ပါရှိသော အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း ကြော်ငြာတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအစား ဘဏ္ဍာရေးဝန်ကြီးဌာနဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဖခင်အမည်မှန်

အထက(၁) ခနောင်တိုကျောင်း၊ သတ္တမတန်း(B)မှ မောင်ဝေယံဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမျိုးဇော်ဦး ၁၂/ဥကမ(နိုင်)၁၉၅၆၄၉ ဖြစ်ပါသည်။

ဦးမျိုးဇော်ဦး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/တောင်၊ မြေကွက်အမှတ် ၄၀၊ ဧရိယာ ၀ ဒသမ ၀၇၂ ဧက၊ နှစ် ၆၀ ဂရန်မြေပေါ်ရှိ အမှတ် ၄၀၊ ခရေလမ်း၊ ၁၀/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်မြဟန် ၇/တငန(နိုင်)၀၈၇၂၄၆က အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဟိန်းသူကောင်း — အထက်တန်းရှေ့နေ (စဉ်-၃၆၂၆၇)
ဦးသန့်ဇော် — တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)
အမှတ် ၄၆၊ ပထမထပ်(ဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

" ကန့်ကွက်နိုင်ပါကြောင်း "

[illegible]

ပျောက်ဆုံးကြောင်း

ဦးအိုက်ဆန်၏သား ဦးချစ်ဦး ၁၃/တကန(နိုင်)၁၃၂၆၀၂၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၄၂၈၁၁၅၁၈၈

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်လဲ့လဲ့ခိုင် ၁၄/ဘကလ(နိုင်)၂၂၀၆၅၅၏ မြန်မာနိုင်ငံကူးလက်မှတ် MO-၀၇၂၆၇၃သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၉၇၁၄၀၇၅

ပျောက်ဆုံးကြောင်း

ဦးအောင်မြတ် ၁၂/အလန(နိုင်)၀၁၄၆၂၈၏ နိုင်ငံကူးလက်မှတ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၇၃၁၄၃၂၇၈

ပြည်တွင်းသတင်း

စစ်တွေမြို့တွင် လျှပ်စစ်သုံးစွဲခ ယခင်အတိုင်း တစ်ယူနစ် ငွေကျပ် ၄၆၀ နှုန်းပေးဆောင်ရမည်ဖြစ်

ရခိုင်ပြည်နယ် မြို့တော် စစ်တွေ၏ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများကို ပြည်နယ်အစိုးရအဖွဲ့၊ မြို့တော်မီးလင်းရေးကော်မတီနှင့် ဖိုးသီးချို လျှပ်စစ်ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်တို့သဘောတူစာချုပ်ချုပ်ဆိုကာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

ဖိုးသီးချို လျှပ်စစ်ဝန်ဆောင်မှုလီမိတက်သည် ၂၀၁၁ ခုနှစ် ဇွန်လ ၁ ရက်မှစတင်၍ ဝန်ဆောင်မှုပေးခဲ့ရာ ယနေ့ထိတိုင်ဖြစ်သည်။ စစ်တွေမြို့ လျှပ်စစ်မီးသုံးစွဲသူများ အနေဖြင့် နိုင်ငံတော် လျှပ်စစ်ဓာတ်အားစနစ်ဖြန့်ဖြူးပို့လွှတ်ရာ ဒေသများနှင့်နှိုင်းယှဉ်ပါက ဓာတ်အားခနှုန်းထားများ မြင့်မားလျက်ရှိကြောင်း သိရသည်။

စစ်တွေမြို့၏ဓာတ်အားခ သတ်မှတ်နှုန်းထားများ

စစ်တွေမြို့တွင် လျှပ်စစ်မီးသုံးစွဲသူများအနေဖြင့် ၁၀ ယူနစ်ထိ တစ်ယူနစ်လျှင် ၃၅ ကျပ် ပေးဆောင်ရပြီး ၁၀ ယူနစ်အထက်ပိုသော ယူနစ်များကို တစ်ယူနစ်လျှင် ယခင် ငွေကျပ် ၄၄၀ အထိ ပေးဆောင်ခဲ့ရသော်လည်း နောက်ပိုင်း ဆီဈေးတက်သည်ဟုဆိုကာ ငွေကျပ် ၄၆၀ ပေးဆောင်ခဲ့ရပြီး ယခုအခါ တစ်ယူနစ် ငွေကျပ် ၄၈၀ အထိ တောင်းခံလာသောကြောင့် မီးသုံးစွဲသူများ အခက်ကြုံနေကြရသည်။

စစ်တွေမြို့တွင် လျှပ်စစ်မီတာ အလုံးပေါင်း ၇၆၀၀ ရှိပြီး လျှပ်စစ်သုံးစွဲကြသူများက အစိုးရ၏လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းကို မီတာတစ်လုံးလျှင် မီတာထိန်းသိမ်းစောင့်ရှောက်ခ ငွေကျပ် ၁၀၀၀ ပေးဆောင်ရပြီး ဖိုးသီးချို လျှပ်စစ်ဝန်ဆောင်မှု ကုမ္ပဏီလီမိတက် ဓာတ်အားလုပ်ငန်းသုံး ကုန်ကျစရိတ် ငွေကျပ် ၁၀၀၀ ပေးဆောင်ရသည်။

လျှပ်စစ်ဓာတ်အားပေးမှု အခြေအနေ

ဖိုးသီးချိုကုမ္ပဏီအနေဖြင့် ဝန်ဆောင်မှုတာဝန်ယူခဲ့သည့် အချိန်မှစ၍ တစ်နေ့လျှင် ၂၄ နာရီပတ်လုံး လျှပ်စစ်မီးပေးလျက်ရှိပြီး တစ်လဆီဂါလန် ၃၉၄၀၀ ကျော် သုံးစွဲကြောင်း သိရသည်။ ၎င်းအနက် ဒီဇယ်ဆီဂါလန် ၇၄၇၀ ကို အစိုးရကတစ်ဂါလန်လျှင် ၃၄ ကျပ်နှုန်းဖြင့်ရောင်းချပေးပြီး ကျန်ဂါလန် ၃၂၀၀၀ ကျော်ကို အပြင်ပေါက်ဈေးဖြင့် ဝယ်ယူရကြောင်း သိရသည်။

ဖိုးသီးချိုကုမ္ပဏီမှ မန်နေဂျာ ဦးပြုံးချိုက ပြောပြရာတွင် ၎င်းတို့ကုမ္ပဏီအနေဖြင့် ဆီဈေးတက်၍ လုပ်ငန်းမကိုက်သည်မှာ ကြာပြီဖြစ်ကြောင်း၊ သို့သော်လည်း တာဝန်ယူထားသော လုပ်ငန်းတစ်ခုအပေါ်တွင် တာဝန်သိစိတ်ဓာတ်ဖြင့်သာ ယခုကဲ့သို့ မီးပေးနေခြင်းဖြစ်ကြောင်း၊ အရှုံးများလာပါက လုပ်ငန်းလည်ပတ်မှုများ ထိခိုက်လာမည်ဖြစ်၍ ယခုကဲ့သို့ ဈေးနှုန်းမြင့်ကာ ကောက်ခံရခြင်းဖြစ်ကြောင်း ပြောပြသည်။

မကျည်းမြိုင်ရပ်ကွက်မှ ပြည်သူတစ်ဦးက "ကျွန်တော်တို့ မီးသုံးစွဲသူတွေဘက်ကိုလည်း ငဲ့စေချင်ပါတယ်။ ဆီဈေးတက်တယ်ဆိုပြီး တိုးတိုးကောက်နေရင် ခံရတာက မလွယ်ပါဘူး။ ကျွန်တော်တို့စစ်တွေ မီတာခတွေက ရန်ကုန်မီတာခနဲ့ နှိုင်းယှဉ်ရင် ၁၀ ဆလောက်ကွာပါတယ်" ဟု ပြောသည်။

ဒီဇယ်ဆီများဖြန့်ဖြူးရောင်းချနေသော အင်းပေါက်ဝကုမ္ပဏီလီမိတက် မန်နေဂျာက ပြောပြရာတွင် "ဩဂုတ်လတစ်ရက်က ကျွန်တော်တို့ ကုမ္ပဏီက ဒီဇယ်ဆီတစ်ဂါလန် ငွေကျပ် ၄၀၀၀ ရောင်းတာပါ။ အရင်ကတော့ ငွေကျပ် ၃၉၀၀ နဲ့ ရောင်းနေပါတယ်။ ဈေးကအတက်အကျ ရှိတာပေါ့။ ဖိုးသီးချိုကုမ္ပဏီကိုလည်း ကျွန်တော်တို့ကပဲ ရောင်းပေးနေတာပါ"ဟု ဆီဈေးအခြေအနေကို ရှင်းပြသည်။

ဦးသာလူချေ၊ ပြည်နယ်ဝန်ကြီး၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့

လျှပ်စစ်မီး မီတာသုံးစွဲခ တိုးမြှင့်ကောက်ခံနေမှုကြောင့် စစ်တွေမြို့၌ သတင်း အမျိုးမျိုးထွက်နေသဖြင့် ပြည်နယ်ဝန်ကြီးအား သွားရောက်တွေ့ဆုံရာ ဝန်ကြီးက "ကျွန်တော်တို့အစိုးရက ပြည်သူတွေ တင်မြှောက်ထားတဲ့ ပြည်သူ့အစိုးရပါ။ ပြည်သူတွေဆန္ဒဘယ်လိုရှိတယ်ဆိုတာ အမြဲသိနေရမှာပေါ့။ အခု မီတာသုံးစွဲခ တိုးကောက်တယ်။ ပြည်သူတွေက ဈေးများတယ်ဆိုပြီး တင်ပြလာတယ်။ ကုမ္ပဏီကလည်း အရှုံးပေါ်တယ်လို့ ပြောတယ်။ ဘာပဲဖြစ်ဖြစ် နှစ်ဦးနှစ်ဖက်ညီမျှအောင် ညှိရတာပေါ့။ ကုမ္ပဏီကိုပြောတယ်။ ယခင် တစ်ယူနစ် ငွေကျပ် ၄၆၀ အတိုင်းလုပ်ပေးပါ။ ခင်ဗျားတို့ ဆီဈေးတက်တယ်ဆိုရင် ဆီဈေးသက်သာတဲ့နေရာက ဝယ်လို့ရအောင် စီစဉ်ပေးမယ်။ နောက်တစ်ခုက ဆီခွဲတမ်းတိုးပေးနိုင်အောင် ပြည်ထောင်စုအစိုးရနဲ့ ညှိနှိုင်းပြီး တောင်းခံပေးမယ်။ ဒါကတော့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် တတ်နိုင်တဲ့ ဘက်က ဆောင်ရွက်ပေးလိုတာကို ပြောတာပါ။ ဒါမှလည်း ပြည်သူတွေအနေနဲ့ ယခင်ဈေးနှုန်းအတိုင်း သုံးစွဲနိုင်မှာပါ" ဟု ဩဂုတ် ၈ ရက်က ပြောပြသည်။

ဩဂုတ် ၇ ရက်တွင် မီးလင်းရေးကော်မတီနှင့် ဖိုးသီးချိုကုမ္ပဏီတို့ ညှိနှိုင်းချက်အရ လျှပ်စစ်မီးတစ်ယူနစ်ကို ငွေကျပ် ၄၆၀ ကောက်ခံရန် သဘောတူခဲ့သည်။ ဩဂုတ် ၈ ရက်တွင် မီတာခတစ်ယူနစ် ငွေကျပ် ၄၆၀ ကောက်ယူနေသည်ကို တွေ့ရသည်။ သို့သော် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ စစ်တွေတွင် လျှပ်စစ်မီးပြတ်တောက်နေသည်။

လေးဝတီထွန်းစောခိုင်

ပဲခူးတွင် အုတ်စက်ပိုင်ရှင်က စရန်ငွေမပေးသဖြင့် အလုပ်သမားက ပစ္စည်းသိုလှောင်ထားသော နေရာကိုမီးရှို့

ပဲခူး ဩဂုတ် ၉

ပဲခူးမြို့ မြို့မရဲစခန်းအပိုင် မြို့သစ်ရပ်ကွက်ရှိ ဒေါ်ထွေးပိုင်အုတ်စက်တွင် ဩဂုတ် ၈ ရက် နံနက် ၁၁ နာရီက မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဩဂုတ် ၇ ရက် နံနက် ၈ နာရီခန့်က အုတ်စက်ပိုင်ရှင် ဒေါ်ထွေး (၆၄ နှစ်) အမှတ် ၄/၂ မင်းလမ်း ကျွန်းသာယာရပ်ကွက် ပဲခူးနေသူ ထံသို့ ယခင်က အလုပ်လုပ်ခဲ့ဖူးသော မောင်နိုင် (၃၇ နှစ်) အုတ်စက်လုပ်သားက အလုပ်အတွက် စရန်ငွေတောင်းခံခဲ့ရာ အုတ်စက်ပိုင်ရှင် ဒေါ်ထွေးက စရန်ငွေမပေးနိုင်ကြောင်းပြောသဖြင့် မကျေနပ်၍ အုတ်စက်အတွင်းရှိ ပစ္စည်းများသိုလှောင်ထားသောနေရာကို မီးရှို့ရာမှ မီးလောင်မှုဖြစ်ကြောင်း သိရသည်။ မီးလောင်မှုနှင့်ပတ်သက်၍ မောင်နိုင်ကို ပဲခူးမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

သန့်စင်

အောင်ဇေယျအမြန်ယာဉ်လိုင်း တိုးချဲ့ပြေးဆွဲ

ဆိပ်ဖြူ ဩဂုတ် ၉

အောင်ဇေယျအမြန်ယာဉ်လိုင်းသည် ယခင်ချောက်မြို့မှ ရန်ကုန်-မန္တလေးမြို့များသို့ ပြေးဆွဲရာမှ ဩဂုတ် ၇ ရက်က စတင်၍ မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် တမ္ဗကောက်ကျေးရွာမှ ပြေးဆွဲသည်။

အောင်ဇေယျအမြန်ယာဉ်လိုင်း တာဝန်ခံ ဦးဌေးက ဆိပ်ဖြူမြို့နယ်မှ ယာဉ်လိုင်းပြေးဆွဲရခြင်းနှင့်ပတ်သက်၍ ကျေးလက်နေခရီးသွားပြည်သူများ ခရီးသွားလာမှုလွယ်ကူစေရေး အချိန်ကုန်သက်သာစေလိုသော ဆန္ဒကြောင့် ပြေးဆွဲရခြင်းဖြစ်ကြောင်း၊ ယာဉ်စီးခမှာ တစ်ဦးလျှင် တမ္ဗကောက်-ရန်ကုန်ခရီးစဉ်အတွက် ကျပ် ၈၅၀၀၊ တမ္ဗကောက်-မန္တလေး ခရီးစဉ်အတွက် ကျပ် ၅၅၀၀ သတ်မှတ်ထားကြောင်း ပြောကြားပြီး ခရီးသွားပြည်သူတစ်ဦးက အခုလိုကျေးရွာမှ အမြန်ယာဉ်လိုင်းပြေးဆွဲခြင်းကြောင့် ခရီးသွားလာမှုလွယ်ကူပြီး အချိန်ကုန်သက်သာမှုရှိကြောင်း၊ ယခင်ကရန်ကုန်၊ မန္တလေးသို့သွားမည်ဆိုလျှင် ရွာမှနံနက် ၆ နာရီထွက်သော ကားစီးရပြီး ချောက်မြို့မှ ညနေ အမြန်ယာဉ်လိုင်းကားစီးရကြောင်း၊ အခုလိုရွာမှ ပြေးဆွဲခြင်းကြောင့် ဝမ်းသာကြည်နူးမိပါကြောင်း ပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြန်ဆုံးဆက်သွယ်ရန်

တိုယိုတာ အီးဒီယာဉ်အမှတ် ၂ခ/၂၅၃၁ယာဉ်ပိုင်ရှင်အား ဦးနိုင်ရဲထံသို့ အမြန်ဆုံးဆက်သွယ်ပေးပါရန် လေးစားစွာ အသိပေး ကြေညာအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၂၀၅၈၅၇၇၊ ၀၉-၆၈၀၅၂၅၅

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ အလက(၂)၊ သုဝဏ္ဏ၊ပဒ္မမတန်း(E)မှ မဟေမာန်ဦး၏ ဖခင် အမည်မှန်မှာ ဦးမင်းစိုး (ခ) ဦးမိုးမင်းစိုး ဖြစ်ပါကြောင်း။

ဦးမင်းစိုး(ခ)ဦးမိုးမင်းစိုး

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်စောဉာဏ်ထက် ကိုင်ဆောင်သော မြန်မာနိုင်ငံကူးလက်မှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၃၁၃၃၁၈၇၆

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ငူမြို့၊ လေတပ်စခန်း၌ာနချုပ်မှ နန်းတော်ဦးလိုင်းအမှတ်၁၃၄/၁နေ ၇/ဇကန(နိုင်) ၀၀၄၈၅၆ ဒေါ်စန်းနှင့် ဒေါ်သန်းစိန်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်စန်း(ခ)ဒေါ်သန်းစိန်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၆၊ မြေကွက်အမှတ် ၄၀၇၊ အကျယ်အဝန်း အလျား ၄၂ပေ၆လက်မ×အနံပေ၆၀ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယခုအခေါ် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝလမ်းနှင့် အင်းဝ ၇ လမ်းထောင့်၊ အမှတ် ၄၀၇ဟုခေါ်တွင်သည့်မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့ကို မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးကျော်ဦး ၁၂/တမန(နိုင်)၀၇၈၂၂၃ S/OKA-၀၅၁၄၉၇ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလှဲ့ဝင်း LL.B, D.B.L
အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
Fax-၉၆၆၉၀၀၄၊ ဖုန်း-၀၁-၇၀၅၄၄၅၊ ၀၁-၉၆၆၉၀၀၄၊ ၀၉-၅၁၅၁၈၃၃

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ဘားအံခရိုင်တရားရုံးတော်၌
၂၀၁၂ ခုနှစ် တရားမဇာရီမှုအမှတ်-၆

ဒေါက်တာရဲထွန်း **နှင့်** ၁။ ဦးလမောင်
တရားနိုင်၏အထူးကိုယ်စားလှယ်စာအရ ၂။ ဒေါ်လှကြည်
၀၅၇/T (၁၅-၁၁-၂၀၁၂)
တရားနိုင် **တရားရှုံးများ**

ဘားအံခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၁၀/၂၀၁၁အမှုတွင် ရရှိခဲ့သော အနိုင်ဒီကရီအရ တရားရှုံးပိုင်အောက်ဖော်ပြပါပစ္စည်းများကို ၂၀၁၃ခုနှစ် ဩဂုတ် ၃၀ရက် (၁၃၇၅ခုနှစ် ဝါခေါင်လပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာနေရာ၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

(၁) ဘားအံမြို့နယ်၊ သာမညကျေးရွာ၊ အောင်မေတ္တာ (၁)ရပ်ရှိ အလျားပေ ၈၀×အနံပေ ၆၀မြေကွက်(၁)ကွက်နှင့် သွပ်မိုး၊ ဖတ်ကာ၊ပျဉ်ခင်း၊ခြေတံရှည်လူနေအိမ်(၁)လုံး တရားရှုံးများ၏ အိမ်ရှေ့၌ ပြည်လုံးချမ်းသာဘုရားလမ်း၊ အိမ်နောက်ဘက်၌ ဦးစိန်ဖေ မြေ၊ အိမ်မြောက်ဘက်၌ ဦးထွန်းနေ မြေ၊ အိမ်တောင်ဘက်၌ ထိကိုးမြေ
(၂) သာမည ဟင်းသီးဟင်းရွက်ဈေးရှိ ဈေးဆိုင်ခန်း (၁)ခန်း
အမှတ်စဉ်(၁)ပါပစ္စည်းအတွက်လေလံရောင်းချမည့်ကြမ်းခင်းဈေးကျပ်(၁၀)သိန်း
အမှတ်စဉ်(၂)ပါပစ္စည်းအတွက်လေလံတင်ရောင်းချမည့်ကြမ်းခင်းဈေးကျပ်(၁၀)သိန်း

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

(၁) ပစ္စည်းစာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားရုံးတော်သို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။
(၂) လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ခုနှစ် ဇူလိုင် ၃၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အုန်းသွင်)
ခရိုင်တရားသူကြီး
ဘားအံခရိုင်တရားရုံး

တစ်ချက်တည်းကျင်းဝင်

တပ်မတော်ဂေါက်ကွင်း (မင်္ဂလာဒုံ)တွင် ဦးခိုင်ထွေး (Lucky Light Mart) သည် ဂေါက်သီးရိုက်ကစားဖော်များဖြစ်ကြသော ဗိုလ်မှူးကြီးဌေးလွင်(ငြိမ်း)၊ ဒုဗိုလ်မှူးကြီးအေးလွင်(ငြိမ်း)၊ ဒုဗိုလ်မှူးကြီး အေးမြင့် (ငြိမ်း)နှင့် ရဲမှူးကြီးကံလှိုင်(ငြိမ်း)တို့နှင့်အတူ ၄-၈-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ဂေါက်သီးရိုက်ကစားကြရာ ဘောလုံးအမျိုးအစား(Titleist Prov-1)အား သံတုတ် နံပါတ် (Iron P-West)ဖြင့် (၁၃၂)ကိုက် ကွာဝေးသော ကျင်းနံပါတ်(၇)သို့ ရိုက်လိုက်ရာ **တစ်ချက်တည်း** ကျင်းဝင်သွားခဲ့ပါသည်။

ပြည်တွင်းသတင်း

ယခုနှစ်နှမ်းအထွက်ကောင်း၍ ဂန့်ဂေါဒေသတောင်သူများ ဝင်ငွေတိုး

ကလေး ဩဂုတ် ၉

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့တွင် ဧပြီလမှစတင်၍ နှမ်းကြိုက်မိုးပုံမှန်ရွာသွန်းမှုရှိခဲ့သည့်အတွက် နှမ်းစိုက်တောင်သူများလည်း ဝမ်းမြောက်ဝမ်းသာဖြစ်နေကြကြောင်း ဒေသခံနှမ်းစိုက်တောင်သူတစ်ဦးက ပြောကြားသည်။

"ဂန့်ဂေါဒေသမှာဆိုရင် ဆီထွက်သီးနှံအဖြစ် နှမ်းကို အဓိကအားထားစိုက်ပျိုးကြပါတယ်။ ဘာကြောင့်လဲဆိုတော့ မိုးနည်းတဲ့ အရပ်ဒေသဖြစ်လို့ပါ။ နှမ်းဆိုတာက ထွန်ရေးကို မှုန့်နေအောင်ထွန်ရပါတယ်။ နှမ်းကြဲပြီးခါစမှာ မိုးအဆမတန်များရင်လည်း နှမ်းစေ့တွေပုပ်၊ အပင်တွေ ပုပ်ပြီးသေကုန်ပါတယ်။ နေပူလွန်းပြန်ရင်လည်း အပင်တွေ၊ အရွက်တွေ လိမ်ပြီးသေကုန်ပြန်ရော။ နောက်ပြီး အပွင့်ပွင့်ချိန် မိုးရွာလွန်းပြန်ရင်လည်း နှမ်းမသီးပြန်ဘူး။ ဒါကြောင့် နှမ်းက မိုးအသင့်တင့်ကောင်းမွန်တဲ့ ရာသီဥတုရှိမှသာ အဆင်ပြေပါတယ်"ဟု ဒေသခံ နှမ်းစိုက်တောင်သူတစ်ဦးက ပြောကြားသည်။ ဂန့်ဂေါမြို့ပေါ်မှာ နှမ်းက "ဒီနှစ်တော့ အောင်မြင်ဖြစ်ထွန်းပါတယ်။ နှမ်းအထွက်ကောင်းတယ်ပေါ့။ ဒီနှစ်က နှမ်းတစ်တင်းကို ငွေကျပ် ၃၀၀၀၀ ဈေးပေါက်တယ်။ နှမ်းမျိုးက တစ်ပြည်ကိုငွေကျပ် ၂၅၀၀ ဝယ်ရတယ်။ တစ်ဧကစိုက်ရင် နှမ်းလေးပြည်လောက်ကုန်တယ်။ နှမ်းက တစ်ဧကကို စိုက်လို့ကောင်းတဲ့နှစ်ဆိုရင် ၁၀ တင်းနဲ့ ၁၅ တင်းထွက်ကြတယ်။ နှမ်းကို ဧပြီလကုန်လောက်မှာ စစိုက်တယ်။ ဇူလိုင်လကုန်နဲ့ ဩဂုတ်လဆန်းပိုင်းဆိုရင် သိမ်းကြတော့မှာ။ နှမ်းစိုက်တဲ့အချိန်ဆိုရင် ပေါင်းထိုးခက တစ်နေ့ ငွေကျပ်၂၅၀၀ ပေးရတယ်။ တစ်ဧကစိုက်ရင် ကုန်ကျစရိတ် လေးသောင်းကျော်လောက်တော့ ရှိတယ်" ဟု ဂန့်ဂေါမြို့ခံတစ်ဦးကပြောကြားသည်။ ဂန့်ဂေါဒေသတွင် နှမ်းစိုက်တောင်သူများ အောင်မြင်သော်လည်း မိုးစပါးကိုမူ ယနေ့အချိန်ထိ ပျိုးမကြဲရသေးကြောင်း၊ လယ်ရေများလည်း မရရှိသေးကြောင်း သိရသည်။

သျှင်နေမင်း

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၉-၈-၂၀၁၃ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

၁၆ ပဲရည်(အခေါက်ရွှေ)	တစ်ကျပ်သား	၆၈၈၀၀၀
၁၅ ပဲရည်	တစ်ကျပ်သား	၆၄၇၅၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၇၀ - ၉၇၅	ကျပ်
ဥရောပ	တစ်ယူရို	၁၂၉၄ - ၁၃၁၂	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၆၆ - ၇၇၈	ကျပ်
ထိုင်း	တစ်ဘတ်	၃၁. ၁၅ - ၃၁. ၃	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅ - ၁၅. ၉၅	ကျပ်
တရုတ်	တစ်ယွမ်	၁၅၀ - ၁၅၅	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၄ - ၂၉၉	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဒီဇယ်	တစ်လီတာ	၉၃၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀	ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၀၀၀ - ၆၀၀၀	ကျပ်
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၁၈၀၀ - ၃၅၀၀	ကျပ်
၃။	ငါးရံ့	တစ်ပိဿာ	၃၈၀၀ - ၅၂၀၀	ကျပ်
၄။	ငါးဖယ်	တစ်ပိဿာ	၅၀၀၀ - ၁၂၀၀၀	ကျပ်
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	၃၅၀၀ - ၇၀၀၀	ကျပ်
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀ -၂၄၀၀၀	ကျပ်
၇။	ငါးသလောက်	တစ်ပိဿာ	၆၈၀၀ -၂၁၀၀၀	ကျပ်
၈။	ကြက်	တစ်ပိဿာ	၄၅၀၀ -၁၂၀၀၀	ကျပ်
၉။	ဝက်	တစ်ပိဿာ	၄၅၀၀ - ၈၀၀၀	ကျပ်
၁၀။	အမဲ	တစ်ပိဿာ	၃၅၀၀ - ၇၀၀၀	ကျပ်
၁၁။	ဆိတ်	တစ်ပိဿာ	၁၁၀၀၀ -၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နွေဆန်	တစ်အိတ်	၁၉၀၀၀
၂။	ပေါ်ကွဲ	တစ်အိတ်	၂၃၀၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၅၀၀၀-၂၉၅၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၇၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၅၀၀
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၅၇၀-၆၆၀
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၈၀၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၂၅-၁၀၇၅
၉။	အာလူး(အောင်ပန်း)	တစ်ပိဿာ	၄၀၀-၄၈၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၂၃၀၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀
၁၂။	သကြား	တစ်ပိဿာ	၉၆၀-၁၀၆၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ဆန်၊ ငရုတ်၊ ကြက်သွန်နီ ဈေးနှုန်းများမြင့်တက်

ရန်ကုန် ဩဂုတ် ၉

ဘုရင့်နောင် ကုန်စည်ဒိုင်ဈေးကွက်တွင် ကြက်သွန်နီ၊ ငရုတ် ဈေးနှုန်းနှင့် ဆန်ဈေးနှုန်းများ မြင့်တက်လာပြီး စားအုန်းဆီဈေးနှုန်းများ ကျဆင်းလာကြောင်း သိရသည်။

မြဝတီဒေသမှ အဝယ်ရှိလာသဖြင့် ဩဂုတ် ၈ ရက်တွင် နွေဆန်တစ်အိတ်လျှင် ငွေကျပ် ၁၉၀၀၀ နှုန်း၊ ပေါ်ကွဲတစ်အိတ် ငွေကျပ် ၂၃၀၀၀ နှုန်းသို့ မြင့်တက်လာကြောင်း၊ ပေါ်ဆန်းဆန်များမှာ တစ်အိတ် ငွေကျပ် ၂၅၀၀၀ မှ ၂၉၅၀၀ အတွင်းသာရှိခဲ့ပြီး ရွှေဘိုပေါ်ဆန်းဆန်များမှာ တစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀မှ ၃၅၀၀၀ အတွင်းသာရှိကြောင်း သိရသည်။ နယ်စပ်အပို့ရှိလာသဖြင့် ဆိပ်ဖြူကြက်သွန်နီ တစ်ပိဿာ ဩဂုတ် ၈ ရက်တွင် ၅၄၀-၅၉၀၊ ၆၁၀-၆၃၀ ကျပ်နှုန်းဖြစ်လာရာ ယခုအပတ် ဒိုင်ဖွင့်ရက်လေးရက်အတွင်း အလုံးသေးလတ်ချောတစ်ပိဿာ ကျပ် ၅၀၊ အလုံးကြီးရှယ်တစ်ပိဿာ ကျပ် ၅၀ ဈေးမြင့်တက်လာသည်ဟု သိရသည်။

ပြည်ပမှ ဆီသွင်းကုမ္ပဏီမှ တစ်ပိဿာလျှင် ၁၄၉၅ ကျပ်နှုန်းဖြင့် ကြိုတင်ရောင်းချသော စားအုန်းဆီများ ကုမ္ပဏီမှ ထုတ်ပေးတော့မည်ဖြစ်ရာ စားအုန်းဆီဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၁၅၀၀ အောက်သို့ ကျဆင်းလာနိုင်သည်ဟု ဆီကုန်သည်များက ဆိုသည်။ **ခင်ဆိုင်**

"အထူးဂုဏ်ယူဝမ်းမြောက်ခြင်း"

မြန်မာနိုင်ငံ ဆောက်လုပ်ရေးလောကတွင် ခေတ်မီအဆောက်အအုံများအတွက် လိုအပ်သော
ကွန်ကရစ်ကြိုတင်ပုံသွင်းထုတ်ကုန်ပစ္စည်းများအား ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နေသော
Lucky Concrete Precast Products Manufacturing Co., Ltd. ကို
အင်္ဂလန်နိုင်ငံ United Kingdom Accreditation Service မှ ချီးမြှင့်သည့် နိုင်ငံတကာအသိအမှတ်ပြု
ISO 9001:2008 လက်မှတ်ရရှိအောင် စွမ်းဆောင်ပေးနိုင်သည့် Chief Executive Officer ဦးဟူစိန်၊
စက်ရုံမှူး ဦးအောင်စိုး၊ Admin Manager ဒေါ်တင့်တင့်ဌေး နှင့် ဝန်ထမ်းများအားလုံးအား
အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

NAING Group Capital Co., Ltd. ဝန်ထမ်းများ
NAING Group Realty Co., Ltd. ဝန်ထမ်းများ
NAING Group Construction Co., Ltd. ဝန်ထမ်းများ
Champion Construction Co., Ltd. ဝန်ထမ်းများ
NAING Family Co., Ltd (Cherry Oo) ဝန်ထမ်းများ
Myanmar New Generation Design Co., Ltd. ဝန်ထမ်းများ
Champion Construction Materials Co., Ltd. ဝန်ထမ်းများ
Geo-Tech Pile Co., Ltd. ဝန်ထမ်းများ

ဘွန်ဒက်စ်လီဂါအဖွင့်ပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်နိုင်ပွဲစတင်နိုင်မလား

မိုးမြင့်လင်းလက်

ဘွန်ဒက်စ်လီဂါရဲ့ (၅၁)ကြိမ်မြောက် ဘောလုံးရာသီပွဲစဉ်တွေကို ဩဂုတ် ၁၀ ရက်မှာ စတင်ယှဉ်ပြိုင်ကြတော့မှာဖြစ်ပါတယ်။ (၅၁)ကြိမ်မြောက်လည်းဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘောလုံးရာသီ ဘွန်ဒက်စ်လီဂါပွဲစဉ်တွေကို ဩဂုတ် ၉ ရက်မှာစတင်ပြီး နောက်ဆုံးပွဲစဉ်ကို ၂၀၁၄ ခုနှစ် မေ ၁၀ ရက်မှာ ယှဉ်ပြိုင်ကစားကာ ဘောလုံးရာသီကို ပိတ်သိမ်းမှာဖြစ်ပါတယ်။ ဒါကြောင့် ရာသီအဖွင့်ပွဲစဉ်အချို့ရဲ့ အဝေးအနီးမြင်ကွင်းတွေ ကြည့်ရှုလိုက်တဲ့အခါ....

ဘိုင်ယန်မြူးနစ်နှင့် မိုချန်ဂလာဘတ်

လက်ရှိဘွန်ဒက်စ်လီဂါ ချန်ပီယံ ဘိုင်ယန်မြူးနစ်တို့ကတော့ အဖွင့်ပွဲစဉ်မှာ အနိုင်ယူဖို့ပဲ ဆုံးဖြတ်ထားပါလိမ့်မယ်။ ဘိုင်ယန်မြူးနစ်ကွင်းမှာ မိုချန်တို့နိုင်ပွဲရတာလည်း ရှားပါးလွန်းတာမို့ အဖွင့်ပွဲစဉ်မှာ အောင်ပွဲနဲ့တာထွက်နိုင်ဖို့ နည်းပြဂွာဒီယိုလာ ကြိုးစားမှာဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်ဟာ ဒီပွဲမှာ သူ့ရဲ့တိုက်စစ်အား ဘယ်လောက်အထိ မြင့်မားတယ်ဆိုတာ ပြိုင်ဘက်တွေကို ဖော်ထုတ်ပြမယ့် ပွဲလည်းဖြစ်ပါလိမ့်မယ်။

အော့ဘတ်စ်နဲ့ ဒေါ့မွန်

အော့ဘတ်စ်တို့ အိမ်ကွင်းဆိုပေမယ့်ရာသီအစမှာ ဒေါ့မွန်နဲ့ဆုံတွေ့တာမို့ ပွဲကျပ်ပါပဲ။ အော့ဘတ်စ်ဟာ ဒေါ့မွန်နဲ့ကစားတိုင်း ရှုံးပွဲကြုံတာများသလို သရေပွဲဖြစ်အောင် ရုန်းကန်ရတဲ့အနေအထားဖြစ်ပါတယ်။ ဒေါ့မွန်ဟာ ဒီနှစ်ဘောလုံးရာသီမှာလည်း ပြင်ဆင်မှုကောင်းတာမို့ ဒေါ့မွန်အနိုင်ရဖို့ အခြေအနေရှိပါတယ်။ အားပေးဖို့ နှစ်စကတည်းက ကြိုးစားမှာမို့ ဒေါ့မွန်တို့ အခြေအနေကောင်းနိုင်ပါတယ်။

လေဗာကူဆင်နှင့် ဖရိုင်းဘတ်

အိမ်ရှင်ရဲ့ဖိအားပေးမှုကို ဖရိုင်းဘတ်တို့ ခံစားရမယ့်ပွဲပါပဲ။ အိမ်ကွင်းမှာ အနိုင်ရအောင်ကစားတတ်တဲ့ လေဗာကူဆင်ကို ဖရိုင်းဘတ်တို့ အနိုင်ရရေး ကြိုးစားဖို့ဆိုတာ လွယ်ကူတဲ့ အနေအထားတော့ မဟုတ်ပါဘူး။ ဒီနှစ်သင်း နောက်ဆုံးတွေ့ခဲ့တဲ့ ရလဒ်တွေကို ကြည့်ရင်အိမ်ရှင်တို့က အသာစီးရထားတာများတာမို့ လေဗာကူဆင်တို့ အမှတ်ပြည့်ရယူနိုင်မယ့် အခြေအနေပါပဲ။

ဟန်နိုဗာနှင့် ဝုဖ်ဘတ်

ဒီပွဲက အကြိတ်အနယ်ရှိမယ့်ပွဲဖြစ်ပါတယ်။ ဒီနှစ်သင်းဆုံတွေ့ခဲ့တဲ့ မှတ်တမ်းကိုကြည့်ရင် တစ်လှည့်စီ အနိုင်ယူထားကြတဲ့ အနေအထားရှိတာမို့ နှစ်သင်းလုံးအတွက်ကတော့ အဖွင့် ပွဲစဉ်မှာ အမှတ်ရအောင် ကြိုးစားကြမယ့်ပွဲပါပဲ။ အိမ်ရှင်ဟန်နိုဗာဟာ ဒီပွဲကို အမှတ်ပြည့်ရယူနိုင်ရေး မျှော်မှန်းနေပေမယ့် ဝုဖ်ဘတ်ရဲ့ ကစားအားကိုလည်း ချင့်တွက်ရမှာဖြစ်တာမို့ ဒီပွဲရလဒ်က နှစ်ဖက်ပရိသတ်တွေကို စိတ်သက်သာရာရစေမယ့် ရလဒ်မျိုး ထွက်ပေါ်နိုင်မလားဆိုတာ မျှော်လင့်စရာပါပဲ။

ဘိုင်ယန်မြူးနစ်ကစားသမားများ

ဟော်ဖန်ဟင်းနှင့်နူရင်ဘတ်

ဟော်ဖန်ဟင်းကအိမ်ကွင်းမှာ နူရင်ဘတ်ကိုနိုင်ပွဲရအောင်ကစားနိုင်ပေမယ့် ပင်ပင်ပန်းပန်းရုန်းကန်ခဲ့ရတာ ချည်းပါပဲ။ ဟော်ဖန်ဟင်းရဲ့ ကစားအားက နူရင်ဘတ်အပေါ် သိသိသာသာ မလွှမ်းမိုးနိုင်ပေမယ့် ဒီပွဲမှာ ဟော်ဖန်ဟင်းတို့အနိုင်ရဖို့ မျှော်လင့်နိုင်ပါတယ်။ ။

ဘောလုံးသတင်းအတိုအထွာ

မောင်ချစ်ကြည်

- လီဗာပူးအသင်းပိုင်ရှင် ဟန်နရီက တိုက်စစ်မှူး ဆွာရက်ဇ်ကို ရောင်းချမည်မဟုတ်ကြောင်း ပြောကြားသည်။
- မန်ယူနည်းပြ ဒေးဗစ်မိုယက်စ်သည် အဲဗာတန်ကွင်းလယ်ကစားသမား အသက် ၂၅ နှစ် အရွယ်ရှိ ဖယ်လိုင်နီအား ခေါ်ယူရန်စီစဉ်နေသည်။
- စပါးအားကစားဒါရိုက်တာဖြစ်သည့် ကစ်မေးလ်က ဂါရက်ဘေးလ် အသင်းမှ ထွက်ခွာသွားလျှင် အသင်းအောင်မြင်မှုထိခိုက်နိုင်ကြောင်း ပြောကြားသည်။
- ရီးရဲဘက်တစ်မှ တောင်ပံကစားသမား အသက် ၁၈ နှစ်အရွယ်ရှိ ဗာဒီလိုအား စပါးက ခေါ်ယူမည်ဖြစ်သည်။
- ချယ်လ်ဆီးနောက်ခံလူ ဒေးဗစ်လုဇ်အား ဘာစီလိုနာက ပေါင် ၃၅သန်းဖြင့် ခေါ်ယူနိုင်ရေး ကြိုးစားနေသည်။
- လိဗ်ယူနိုက်တက်မှ အသက် ၂၆ နှစ်အရွယ်ရှိ တိုက်စစ်မှူး မက်ကောမတ်ကို မစ်ဒယ်ဘရော့က စာချုပ်နိုင်ရေး စီစဉ်နေသည်။
- တိုက်စစ်မှူးရွှန်းနေသည် မန်ယူ၌သာ ဆက်လက်ကစားမည်ဖြစ်ကြောင်း မန်ယူကွင်းလယ်ကစားသမား ဖလက်ချာက ပြောကြားသည်။
- အေစီမီလန်ကွင်းလယ်ကစားသမား အသက် ၂၈ နှစ်အရွယ်ရှိ ဘိုယာတန်မှာ ဘွန်ဒက်စ်လီဂါသို့ ပြန်လည်ကစားရန် စိတ်အားထက်သန်နေသည်။

“ အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ ”

ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ

(၁) ၃၀-၉-၂၀၁၃ (၅) ၂၅-၁၁-၂၀၁၃ (၉) ၂၀-၁-၂၀၁၄ (၁၃) ၁၇-၃-၂၀၁၄
(၂) ၁၄-၁၀-၂၀၁၃ (၆) ၉-၁၂-၂၀၁၃ (၁၀) ၃-၂-၂၀၁၄ (၁၄) ၃၁-၃-၂၀၁၄
(၃) ၂၈-၁၀-၂၀၁၃ (၇) ၂၃-၁၂-၂၀၁၃ (ခရစ္စမတ်ပိတ်ရက်) (၁၁) ၁၇-၂-၂၀၁၄ (၁၅) ၁၄-၄-၂၀၁၄ (သင်္ကြန်ပိတ်ရက်)
(၄) ၁၁-၁၁-၂၀၁၃ (၈) ၆-၁-၂၀၁၄ (၁၂) ၃-၃-၂၀၁၄

Power Palace Hotel အမှတ်-၁၆ ပြည်သာယာလမ်း၊ ... ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၅၉၇၁၉၊ ၀၁-၅၄၄၂၈၃၊ ၀၁-၄၀၀၈၁၆၊ ၀၉-၇၃၁၅၂၈၆၀၊ ၀၉-၇၃၁၅၁၃၁၃၊ ၀၉-၅၁၂၈၆၂၂ သို့ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

တရားဝင်ဇနီးဖြစ်ကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အမှတ် ၆၄၆၈၊ မြတ်လေးလမ်းနေ ကျွန်မ ဒေါ်သူဇာငြိမ်းသည် ဦးသန်းဗိုလ်၏ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ပါကြောင်း။

(စုံစမ်းမေးမြန်းနိုင်ပါသည်။)

ဒေါ်သူဇာငြိမ်း

၁၂/ဥကမ(နိုင်)၀၁၆၁၅၇

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ကမာကြည်အိမ်ရာရှိ တိုက်အမှတ် ၂၁၊ အခန်းအမှတ် ၂၀၂ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သီတာမြင့်ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးကျော်စိုးမင်း ၁၄/ဒဒရ(နိုင်)၀၀၀၆၂၆က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ ကံ့ကော်ရိပ်သာ(၂)၊ ခရေရိပ်သာလမ်း(ဇေကမ္ဘာလမ်းမကြီး)ရှိ ခြံအမှတ်(၂)ဟုခေါ်သော မြေကွက်အကျယ်အဝန်း ပေ(၆၅×၈၀)နှင့် ၎င်းမြေပေါ်ရှိ တွယ်ကပ်နေသော အကျိုးခံစားခွင့်အားလုံးတို့ကို ဇေကမ္ဘာကုမ္ပဏီတွင် ပါမစ်အမည်ပေါက်သူ ဦးမောင်စန်းဦး(ဘ)ဦးထွန်းစိန် ၁၂/ဥကတ(နိုင်)၁၆၉၅၃၀ ထံမှ ကျွန်မ ဒေါ်ထွေးထွေးက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေပေးချေထားပြီးဖြစ်ရာ ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်မထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ထွေးထွေး

၁၂/အလန(နိုင်)၀၃၀၉၈၂

ဖုန်း-၀၉-၅၀၃၇၇၂၉

နိုင်ငံတကာအားကစားသတင်း

ဆီရီနာဝီလျံ ရော်ဂျာဖလားကွာတားတက်

ဆီရီနာဝီလျံသည် ကနေဒါနိုင်ငံ တိုရွန်တိုမြို့၌ ကျင်းပသည့် ရော်ဂျာဖလားတင်းနစ်ပြိုင်ပွဲတွင် ကာစတန်ဖလစ်ကင်းကိုအနိုင်ရပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။ ကမ္ဘာ့နံပါတ်တစ် ဆီရီနာဝီလျံသည် ဘယ်လ်ဂျီယံတင်းနစ်မယ်ကို ၆-၀၊ ၆-၃ ဖြင့်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ သူမသည် ကွာတားဖိုင်နယ်တွင် မက်ဒါလင်နာရိုက်ဘာရီကိုဗာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

. . . .

ဖာဘရီဂတ်စ်ခေါ်ရန်ကြိုးစားမှု မန်ယူမအောင်မြင်

ဖာဘရီဂတ်စ်က ဘာစီလိုနာအသင်းတွင် ဆက်လက်ကစားမည်ဟု ဝန်ခံပြောကြားလိုက်ပြီးနောက် မန်ယူကခေါ်ယူစာချုပ်ရန်ကြိုးစားမှုမှာ အဆုံးသတ်သွားပြီဖြစ်သည်။ မန်ယူက ဖာဘရီဂတ်စ်ကို ခေါ်ယူရန် နှစ်ကြိမ်တိုင်ကြိုးစားခဲ့သော်လည်း ဘာစီလိုနာကပယ်ချခဲ့သည်။ မန်ယူက စံချိန်တင်ပြောင်းရွှေ့ကြေးပေါင် ၃၀ ဒသမ ၇ သန်းပေးပြီး တတိယအကြိမ်ခေါ်ယူရန် ပြင်ဆင်ထားမှုမှာလည်း အဆုံးသတ်ခဲ့ပြီဖြစ်သည်။

. . . .

ဂါဗင်ညို ရိုးမားသို့ပြောင်းပြီ

အာဆင်နယ်တိုက်စစ်မှူး ဂါဗင်ညိုကို အီတလီစီးရီးအေကလပ် ရိုးမားအသင်းက ပေါင် ၈ သန်းဖြင့် စာချုပ်လိုက်ပြီဖြစ်သည်။ အိုင်ဗရီကို့စ်တိုက်စစ်မှူး ဂါဗင်ညိုသည် ၂၀၁၁ ခုနှစ်က ပြင်သစ်လိုင်လီအသင်းမှ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်။ တိုက်စစ်မှူး ဂါဗင်ညိုသည် ပထမရာသီတွင် လေးဂိုးသာသွင်းယူပေးနိုင်ခဲ့သည်။ သို့သော်လည်း ပြီးခဲ့သောရာသီက ခုနစ်ဂိုးအထိသွင်းယူပေးနိုင်ခဲ့သည်။ ဂါဗင်ညိုသည် ယခုနှစ်ရာသီတွင် ရိုမားအသင်းမှခေါ်ယူခဲ့သော ၁၃ ဦးမြောက်ကစားသမားဖြစ်သည်။ ရိုးမားအသင်းသည်ပြီးခဲ့သော ရာသီက အမှတ်ပေးဇယား နံပါတ် ၆ အထိသာ တက်ရောက်နိုင်ခဲ့သည်။

ကောင်းမြတ်သူ-စုစည်းသည်

ကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနသို့ စာချုပ်ချုပ်ဆို၍ ဝင်ရောက်တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာဝန်၊ သူနာပြုနှင့် အခြားကျွမ်းကျင်ဝန်ထမ်းများအနက် ယင်းစာချုပ်ပါစည်းကမ်းချက်ကို ဖောက်ဖျက်ကျူးလွန်ခြင်းကြောင့်သော်လည်းကောင်း၊ ကျန်းမာရေးဝန်ထမ်းအဖြစ်ဖြင့် နိုင်ငံခြားပညာသင်သွားရောက်ပြီး မြန်မာနိုင်ငံသို့ပြန်လာပြီး တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ခြင်းကြောင့်သော်လည်းကောင်း၊ နိုင်ငံခြားသို့ မိမိစရိတ်ဖြင့် အလည်အပတ်သွားရောက်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ခြင်းမရှိ၍သော်လည်းကောင်း၊ သတ်မှတ်ကာလ မပြည့်မြောက်မီ တာဝန်ကို စွန့်လွှတ်ထွက်ခွာခြင်းကြောင့်သော်လည်းကောင်း၊ အခြားအကြောင်းတစ်ခုခုကြောင့်သော်လည်းကောင်း ကျန်းမာရေးဝန်ကြီးဌာနသို့ လျော်ကြေးပေးရန် တာဝန်ကျရောက်ပြီး ယင်းလျော်ကြေးငွေကို ပေးသွင်းရန် ပျက်ကွက်လျက်ရှိသူများသည် လျော်ကြေးငွေများကို ၁၅-၉-၂၀၁၃ရက် နောက်ဆုံးထား၍ မိမိနှင့်သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၏ ဘဏ်ငွေထုတ်စာရင်းသို့ ပေးသွင်းကြရန်နှင့် သတ်မှတ်ရက်အတွင်း ပေးသွင်းရန် ပျက်ကွက်ပါက ယင်းသို့ ပျက်ကွက်သော သက်ဆိုင်ရာပုဂ္ဂိုလ်များအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါက်တာမြင့်ဦး

ညွှန်ကြားရေးမှူး (စီမံခန့်ခွဲရေး) ကျန်းမာရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ မြေနီကုန်းရပ်ကွက်/ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်-၆၁/က၊ ဘုရားနှစ်ဆူ၊ ဦးပိုင်အမှတ် ၃၁/င၊ မြေအကျယ်အဝန်း ၀ ဒသမ ၂၂၄ ဧကရှိ လ/န ၃(ခ) မြေအမျိုးအစား မြေနှင့်တကွ မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ထားရှိပိုင်ဆိုင်ကာ လွဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံသူများထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် နှစ်ဖက်သဘောတူညီချက်အရ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမြင့်အောင် (LL.B) **စဉ်-၂၅၁၆၅**

ဦးအေးမင်းသူ (LL.B) **စဉ်-၂၆၁၉၉**

ရှီးမဘဏ် ဥပဒေအကြံပေး အထက်တန်းရှေ့နေများ

အမှတ် ၆၀ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊

ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆

ကြော်ငြာ

THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF TRANSPORT

Announcement of Successful Tenderer for Yangon International Airport Project

1. The Department of Civil Aviation had announced eleven prequalified firms selected by the Prequalification Evaluation Committee for the Yangon International Airport Project on 8 February 2013.
2. The Tender Evaluation Committee formed by the Ministry of Transport has evaluated the tenders submitted by seven prequalified firms and recommended to the Tender Selection Committee of the Ministry of Transport on 20 May 2013, a shortlist of four firms based on the results of financial and technical evaluations.
3. The Tender Selection Committee duly considered the financial and technical strengths and other relevant factors of the shortlisted tenderers and has selected the tenderer to implement the Yangon International Airport Project and one other tenderer as back-up candidate.
4. Accordingly, the Tender Selection Committee, Ministry of Transport here by announce the successful tenderer and back-up tenderer for the Yangon International Airport Project as follows:

NO	Reg. NO.	Leading Firm	Consortium	Country
1	014	Pioneer Aerodrome Services	Pioneer Aerodrome Services Co.,Ltd.	Myanmar
			China Harbour Engineering Co.,Ltd.	China
		SUCCESSFUL TENDERER	CPG Consultant Pte. Ltd.	Singapore
			Malaysia Airport consultancy Services Sdn.Bhd	Malaysia
2	025	Yongnam - CAPE - JGC	Yongnam Holdings Limited	Singapore
			JGC Corporation	Japan
		BACK - UP TENDERER	Changi Airport Planners and Engineers Pte. Ltd.	Singapore
			Pac Link Trading Ltd	Myanmar

THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF TRANSPORT

Announcement of Successful Tenderer for Mandalay International Airport Project

1. The Department of Civil Aviation had announced eleven prequalified firms selected by the Prequalification Evaluation Committee for the Yangon International Airport Project on 17 December 2012.
2. The Tender Evaluation Committee formed by the Ministry of Transport has evaluated the tenders submitted by seven prequalified firms and recommended to the Tender Selection Committee of the Ministry of Transport on 3 July 2013, a shortlist of two firms based on the results of financial and technical evaluations.
3. The Tender Selection Committee duly considered the financial and technical strengths and other relevant factors of the shortlisted tenderers and has selected the tenderer to implement the Yangon International Airport Project and one other tenderer as back-up candidate.
4. Accordingly, the Tender Selection Committee, Ministry of Transport here by announce the successful tenderer and back-up tenderer for the Mandalay International Airport Project as follows:

NO	Reg.	Leading Firm	Consortium	Country
1	001	Mitsubishi-Jalux Inc. (Japan)	Mitsubishi Corporation.	Japan
			JALUX Inc.	Japan
		SUCCESSFUL TENDERER	SPA Project Management Ltd.	Myanmar
2	011	VINCI Airport (France)	VINCI Airports	France
			VINCI Concession	France
			VINCI Construction Grands Projects	France
		BACK - UP TENDERER	Muhibbah Engineering(M) BHD	Malaysia
			Shwe Taung Development Co.,Ltd.	Myanmar

THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF TRANSPORT

Announcement of Successful Tenderer for Hanthawaddy International Airport Project

1. The Department of Civil Aviation had announced eleven prequalified firms selected by the Prequalification Evaluation Committee for the Yangon International Airport Project on 31 October 2012.
2. The Tender Evaluation Committee formed by the Ministry of Transport has evaluated the tenders submitted by seven prequalified firms and recommended to the Tender Selection Committee of the Ministry of Transport on 25 June 2013, a shortlist of four firms based on the results of financial and technical evaluations.
3. The Tender Selection Committee duly considered the financial and technical strengths and other relevant factors of the shortlisted tenderers and has selected the tenderer to implement the Yangon International Airport Project and one other tenderer as back-up candidate.
4. Accordingly, the Tender Selection Committee, Ministry of Transport here by announce the successful tenderer and back-up tenderer for the Hanthawaddy International Airport Project as follows:

NO	Reg. NO.	Leading Firm	Consortium	Country
1	060	Incheon Airport (Korea)	Incheon Airport Consortium	Korea
			Kumho Kumho Industrial Co.,Ltd.	
			Halla Engineering and Construction	
		SUCCESSFUL TENDERER	Lotte Engineering and Construction Co.,Ltd.	
			Posoco Co.,Ltd.	
2	001	Yongnam - CAPE - JGC	Yongnam Holdings Limited	Singapore
			JGC Corporation	Japan
		BACK - UP TENDERER	Changi Airport Planners and Engineers Pte. Ltd.	Singapore

ကျန်းမာစေသော ငှက်ပျော

အစာလည်းဆေး၊ ဆေးလည်း အစာဆိုသလို ဗိုက်လည်းဝ၊ ခန္ဓာကိုယ်အတွက်လည်း အကျိုး အာနိသင်များစွာပေးနိုင်တဲ့ အစား အစာကတော့ ငှက်ပျောသီးပါပဲ။ ငှက်ပျောသီးကဘာကြောင့်ကျန်းမာ စေတာလဲဆိုရင် သူ့မှာ အမိုင်နို အက်စစ်၊ ပိုတက်စီယမ်၊ မဂ္ဂနီစီယမ် ဓာတ်များပြားစွာ ပါဝင်တဲ့အပြင် ဗီတာမင်အေ၊ ဘီ၊ စီနဲ့ သံဓာတ်စတဲ့ ခန္ဓာကိုယ်အကျိုးပြုတဲ့ ဓာတ်တွေ ပါဝင်ခြင်းကြောင့်ပါပဲ။

ငှက်ပျောသီးမှာပါဝင်တဲ့ အမိုင်နိုအက်စစ်က စိတ်ဖိစီးမှုကို သက်သာလျော့ပါးစေပြီး လူကိုလန်းဆန်းစေပါတယ်။ အသားအရေနဲ့ဆံကေသာကိုလည်း များစွာအကျိုးပြုနိုင်ပါတယ်။ ပိုတက်စီယမ်ကတော့ သွေးတိုးကို လျှော့ချပေးနိုင်ပြီး ဦးနှောက်ထဲ အောက်ဆီဂျင်ဓာတ်တွေပိုမိုစီးဝင်လာအောင် စွမ်းဆောင်ပေးတဲ့အတွက် စဉ်းစားဉာဏ်ပိုမိုကောင်းမွန်လာစေပါတယ်။ မဂ္ဂနီစီယမ်ပါဝင်ခြင်းကြောင့် အဆီတွေကို လောင်ကျွမ်းစေပြီး နှလုံးရောဂါကိုကာကွယ်ပေးနိုင်ပါတယ်။ စိတ်ကျရောဂါမဖြစ်အောင်တားဆီးပေးပြီး ကိုလက်စထရောပမာဏကို ထိန်းညှိပေးပါတယ်။ ခန္ဓာကိုယ်ကြီးထွားစေသော သံဓာတ်က ရောဂါကို ခုခံတိုက်ဖျက်ပေးပြီး အလွယ်တကူမောပန်းနွမ်းနယ်ခြင်း၊ သွေးအားနည်းခြင်းတို့မှ ကာကွယ်ပေးပါတယ်။ ဗီတာမင်အေ၊ ဘီ၊ စီကတော့ အာရုံကြောအားနည်းခြင်း၊ အသားအရေခြောက်သွေ့ခြင်းမဖြစ်အောင် စွမ်းဆောင်ပေးပါတယ်။ ဗီတာမင်စီက အနာကျက်မြန်စေပြီး သွားဖုံး၊ အရိုးနဲ့သွားတွေကို ပြုပြင်ထိန်းသိမ်းပေးနိုင်စွမ်းလည်းရှိပါတယ်။

ငှက်ပျောသီး စားသုံးပေးခြင်းကြောင့်မျက်စိစွမ်းဆောင်ရည် ယိုယွင်းဆုတ်ယုတ်မှုအန္တရာယ်ကို လျော့နည်းစေပါတယ်။ ကိုယ်ဝန်ဆောင်အမျိုးသမီးများပျို့အန်ချင်စိတ်ကိုလည်း တားဆီးပေးပါတယ်။ လေသင်တုန်းဖြတ်ခြင်း၊ ခြေထောက်ကြွက်တက်ခြင်း အန္တရာယ်များမှကာကွယ်ပေးပါတယ်။ ပိုးမွှားအကိုက်ခံရပါက ငှက်ပျောသီးစားပေးလျှင် ယားယံခြင်းကို သက်သာစေပါတယ်။ ငှက်ပျောခွံဖြင့် ပွတ်သပ်ပေးခြင်းဖြင့်လည်း အဖုအပိမ့်ထွက်ခြင်းများကို ပျောက်ကင်းစေပါတယ်။ ငှက်ပျောသီးဖြင့် အရက်နာကျ ဝေဒနာကုသနိုင်ပြီး ဆေးလိပ်ဖြတ်တဲ့ နေရာမှာလည်း အထောက်အကူ ပေးနိုင်ကြောင်း သိရပါတယ်။ ငှက်ပျောသီးဖျော်ရည်ထဲသို့ ပျားရည်အနည်း ငယ်ထည့်ပြီး သောက်သုံးပေးပါက အစာအိမ်ဝေဒနာကို သက်သာ ပျောက်ကင်းစေပါတယ်။ ထို့ပြင် ဆံကေသာနူးညံ့ပျော့ပျောင်းစေခြင်း၊ ဆံပင်နှစ်ခွ ဖြစ်ခြင်းမှ ကာကွယ်ပေးပြီး ဝက်ခြံ ပျောက်ကင်းစေခြင်းစတဲ့ အကျိုးကျေးဇူးတွေကြောင့် အလှကုန် ပစ္စည်းများတွင်လည်း ငှက်ပျောသီးကို ထည့်သွင်း အသုံးပြု ထုတ်လုပ်လာကြပြီ ဖြစ်ပါတယ်။

ငှက်ပျောသီးဟာ စွမ်းအားတိုးစေတဲ့ အကောင်းဆုံးအစားအစာဆိုလည်း မမှားပါဘူး။ အဆီမပါတဲ့ အပြင် အလွယ်တကူ အစာချေဖျက်စေနိုင်တဲ့အတွက် ကလေးရော လူကြီးပါ စားသုံးသင့်တဲ့ အသီးပါပဲ။ အဆီကျစေရန် ရည်ရွယ်ချက်နဲ့ စားသုံးသူတွေအနေနဲ့ အစာစားပြီးနောက်စားသုံးခြင်းသာ အကောင်းဆုံးဖြစ်ကြောင်း၊ အစာမရှိချိန်စားမိလျှင် ကယ်လိုရီကြွယ်ဝခြင်းကြောင့် ပိုဝလာနိုင်ခြေရှိကြောင်း လေ့လာမှုများအရ သိရှိရပါတယ်။ ငှက်ပျောသီးတိုင်းဟာ ယေဘုယျအားဖြင့် အာနိသင်တူညီခြင်းကြောင့် မိမိနှစ်သက်ရာ အဆင်ပြေသလို စားသုံးနိုင်ကြောင်း ဝေမျှတင်ပြလိုက်ပါတယ်။ **ဇင်ဇင်မင်းလွင်**

သတင်းဆောင်းပါးနှင့်ကြော်ငြာ

နိုင်ငံတစ်ဝန်း ဇူလိုင်လအတွင်း မီးလောင်မှုဖြစ်ပွားသည့်အခြေအနေ

ရန်ကုန် ဩဂုတ် ၉

၂၀၁၃ ခုနှစ် ဇူလိုင်လအတွင်း နိုင်ငံတစ်ဝန်း မီးလောင်မှုအကြိမ် ၇၀ ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ကျပ် ၅၉ ဒသမ ၃၁ သန်းဖိုးခန့်ဆုံးရှုံးခဲ့သည်။ မီးလောင်မှုအကြိမ် ၇၀ တွင် မီးဖိုမီး/ ပေါ့ဆမီး ၄၄ ကြိမ်၊ လျှပ်စစ်မီး ၁၅ ကြိမ်၊ မသမာသူရှို့မီးရှစ်ကြိမ်၊ အလိုအလျောက်မီး နှစ်ကြိမ်နှင့် တောမီး တစ်ကြိမ်ပါဝင်ပြီး အိမ်ခြေအဆောက်အအုံ ၄၇ လုံး၊ ဂိုဒေါင်လေးလုံး မီးလောင်ခံရပြီး မီးဘေးဒုက္ခသည် ၁၁၃ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ တစ်ဦးသေ၊ ကိုးဦး ဒဏ်ရာရကာ တိရစ္ဆာန် ၃၀ သေဆုံးခဲ့ရာ ပေါ့ဆမီးလောင်မှုများ ၆၂ ဒသမ ၈၆ ရာခိုင်နှုန်းခန့် ပါဝင်သည်။

တိုင်းဒေသကြီး/ပြည်နယ်များအလိုက် မီးလောင်မှုအကြိမ်များကို ဆန်းစစ်ကြည့်ရာတွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးတို့၌ အများဆုံး၊ ရန်ကုန်တိုင်းဒေသကြီး၌ ဒုတိယအများဆုံး၊ ပဲခူးတိုင်းဒေသကြီး၌ တတိယအများဆုံးဖြစ်ပြီး ဆုံးရှုံးမှုတန်ဖိုးများအနေဖြင့် မန္တလေးတိုင်းဒေသကြီး၌ အများဆုံး၊ ရန်ကုန်တိုင်းဒေသကြီး၌ ဒုတိယအများဆုံး၊ ရှမ်းပြည်နယ်၌ တတိယအများဆုံးဖြစ်သည်။

မီးသတ်ဦးစီးဌာနအနေဖြင့် မီးသတိမူရေးနှင့်မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံးနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ညှိနှိုင်းလုပ်ဆောင်ခြင်း၊ ဈေးများ၊ အထပ်မြင့် အဆောက်အအုံများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့ထံ အမြဲတစေ တိုက်တွန်းခြင်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်တို့မှ အသိပညာပေးခြင်း၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာများတွင် မီးဘေးကြိုတင် ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ လက်တွေ့သရုပ်ပြခြင်း၊ တစ်အိမ်တက်ဆင်း မီးသုံးစွဲမှုများစစ်ဆေးခြင်း ဆောင်ရွက်နေသော်လည်း လိုက်နာမှု အားနည်းခြင်းကြောင့် မီးလောင်မှုများ ဖြစ်ပွားလျက်ရှိသည်။

ယခုအခါ မိုးရာသီသို့ ရောက်ရှိနေပြီဖြစ်သဖြင့် လျှပ်စစ်ဝိုင်ယာမှ စတင်သော မီးလောင်မှုများနှင့် မိုးကြိုးပစ်ခြင်းကြောင့် မီးလောင်မှုများဖြစ်ပွားနိုင်သည့်အတွက် မီးဘေးလုံခြုံရေးစီမံချက်လုပ်ငန်းများ အချိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ နေပြည်တော် ပုံနှိပ်စက်ရုံ(ဇေယျာသီရိ)နှင့် အထက်မြန်မာပြည်အစိုးရ ပုံနှိပ်စက်ရုံ(မန္တလေး)တို့မှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများ(ကျောင်းသုံးဖြတ်စ၊ ရိုက်ပျက်၊ Duplex Boardဖြတ်စ၊ ရိုက်ပျက်)တို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံ အသေးစိတ်အချက်အလက်များကို ၉-၈-၂၀၁၃ရက်မှ ၁၃-၈-၂၀၁၃ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း နေပြည်တော်(ရုံးချုပ်) နေပြည်တော်ပုံနှိပ်စက်ရုံ(ဇေယျာသီရိ)နှင့် အထက်မြန်မာပြည်အစိုးရ ပုံနှိပ်စက်ရုံ(မန္တလေး)တို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ လျှောက်လွှာများကို ၁၃-၈-၂၀၁၃ရက် ၁၆း၀၀နာရီနောက်ဆုံးထား၍ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်တင်သွင်းရန်ဖြစ်ပြီး သတ်မှတ်ချိန်ထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၂၀၈၊ ၀၂-၆၂၉၃၀တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇) နေပြည်တော်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနှင့်ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတား လုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများကို မြို့နယ်လမ်းအပိုင်းအလိုက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

စဉ်	ပေးသွင်းရမည့်ပစ္စည်း	အရေအတွက်
၁။	ဘိလပ်မြေ	၉၅၂ တန်
၂။	သံချောင်းရှယ်စုံ	၅၆၀ တန်
၃။	၆"-၉" ကျောက်ကြီး	၉၁၀ ကျင်း
၄။	ကျောက်စရစ်	၁၆၇၁ ကျင်း
၅။	သဲ	၁၁၂၇ ကျင်း
၆။	ဒေသသစ်မာခွဲသား(ထု)	၅၀၀ တန်
၇။	ဒေသသစ်မာခွဲသား(ပျဉ်)	၃၄ တန်
၈။	ပျဉ်းကတိုးခွဲသား	၆ တန်
၉။	ပျဉ်းကတိုးတိုင်	၁၂၀၀ ပေ
၁၀။	သစ်မာတိုင်	၃၃၅၀ ပေ
၁၁။	၈'×၄'(၅)ထပ်သား	၅၈၁ ချပ်
၁၂။	ဖြုန်းကျောက်	၄၅၅၁ ကျင်း

တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် - ၁၆-၈-၂၀၁၃ ရက်၊ ညနေ ၄း၀၀နာရီ
တင်ဒါဖွင့်မည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကျောက်ဖြူမြို့
တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၇-၈-၂၀၁၃ ရက်၊ နံနက် ၉း၀၀နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို ကျောက်ဖြူခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အင်ဂျင်နီယာမှူးရုံးတွင် ၅-၈-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၄၃-၄၆၀၃၃

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး သမတက္ကသိုလ် ပင်မဆောင်နှင့် ပါ/ချုပ်နေအိမ်၊ ဒုပါ/ချုပ်နေအိမ်ဆောက်လုပ်ရန် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါသည်-

(က) **တင်ဒါရောင်းချမည့်ရက်** - ၉-၈-၂၀၁၃ ရက်မှ ၉-၉-၂၀၁၃ ရက် ၁၆း၀၀ နာရီအထိ

(ခ) **အိတ်ဖွင့်တင်သွင်းရမည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဖုန်း-၀၇၁-၂၄၃၁၀၊ ၂၄၃၁၅၂၊ ၂၂၅၃၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ရေဆင်း၊ နေပြည်တော်တွင် အောက်ဖော်ပြပါ အသစ်ဆောက်လုပ်ခြင်းနှင့် မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်		လုပ်ငန်းအမည်	အရေအတွက်
(က)		**လုပ်ငန်းသစ်များ**	
	(၁)	၁၆၀'×၄၉' RC နှစ်ထပ်စာသင်ဆောင် (ရေ၊ မီး၊ သန့်စင်ခန်းအပါအဝင်)ဆောက်လုပ်ခြင်း	(၁) လုံး
	(၂)	၆၀'×၄၆' RC နှစ်ထပ်ကျောင်းသား/ကျောင်းသူများ နားနေဆောင်(ရေ၊မီး၊သန့်စင်ခန်းအပါအဝင်) ဆောက်လုပ်ခြင်း	(၁) လုံး
(ခ)		**မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများ**	
	(၁)	နှစ်ထပ်စာသင်ဆောင် အမိုးမွမ်းမံခြင်းလုပ်ငန်း	(၄၆၆၀) စ/ပေ
	(၂)	နှစ်ထပ်စာသင်ဆောင် ရေ/ဆီဆေး ဆေးသုတ်မွမ်းမံခြင်းလုပ်ငန်း	(၄၉၆၈၀) စ/ပေ
	(၃)	တစ်ထပ်စာသင်ဆောင် ငါးဆောင် ရေ/ဆီဆေး ဆေးသုတ်မွမ်းမံခြင်းလုပ်ငန်း	(၈၈၀၀၀) စ/ပေ
	(၄)	Theatre တွင် ရေ/ဆီဆေး ဆေးသုတ်မွမ်းမံခြင်း လုပ်ငန်း	(၂၁၀၀၀) စ/ပေ
	(၅)	လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း (၅" ထု)	(၁၀၀၀×၁၂) ပေ
	(၆)	ရွှေရတုခန်းမဆီဆေး ဆေးသုတ်မွမ်းမံခြင်းလုပ်ငန်း	(၄၂၀၀၀) စ/ပေ
	(၇)	ရွှေရတုခန်းမအတွင်း စင်မြင့်ရှေ့မျက်နှာစာ အထပ်သားနှင့် တိုင်ဖုံးများလဲလှယ်ခြင်း၊ ဆေးသုတ်မွမ်းမံခြင်းလုပ်ငန်း၊	(၁၈၀၀) စ/ပေ
	(၈)	ရွှေရတုခန်းမသန့်စင်ခန်းများ မွမ်းမံခြင်းလုပ်ငန်း	(၂၄) ခန်း
	(၉)	ရွှေရတုခန်းမအတွင်း ပျဉ်းကတိုး လျှာထိုးကြမ်းခင်းဆင့် မွမ်းမံခြင်းလုပ်ငန်း၊	(၇၂၀၀) စ/ပေ

၂။ (က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၉-၈-၂၀၁၃ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၆-၉-၂၀၁၃ ရက်၊ ၁၄း၀၀ နာရီ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အစိုးရနည်းပညာအထက်တန်းကျောင်း(မြိတ်)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း (မြိတ်)အတွက် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်		
၁။	ဗီရို(Leeco)(၆'×၃'×၁'-၆")	-	၃ လုံး
၂။	သစ်သားဗီရို(၆'×၃'×၁'-၆")	-	၆ လုံး
၃။	ဖိုင်တင်စင်(၃'×၃'×၁')	-	၅ လုံး
၄။	Computer Table	-	၁၅ လုံး
၅။	ပလတ်စတစ်ထိုင်ခုံ(လက်တန်းပါ)	-	၁၅ လုံး
၆။	အလူမီနီယံလှေကား 14'-2way	-	၁ ခု

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရနည်းပညာအထက်တန်းကျောင်း (မြိတ်)တွင် လာရောက်ယူနိုင်ပြီး ၂၃-၈-၂၀၁၃ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အစိုးရနည်းပညာအထက်တန်းကျောင်း (မြိတ်) ဖုန်း-၀၉-၈၇၆၂၂၃၀နှင့် ၀၉-၂၅၀၁၂၈၁၈၆ တို့တွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
အစိုးရနည်းပညာအထက်တန်းကျောင်း(မြိတ်)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(ပခုက္ကူ)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ်(ပခုက္ကူ)အတွက် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	Aluminium Ladder	1 No
၂။	Bench With Table (4 seat)	50 Nos
၃။	Drawing Board and Table	30 Nos
၄။	ဗီရို (Leeco) (3'× 1'× 6')	4 Nos
၅။	မှန်ဗီရို (6'×3'× 1'-6")	8 Nos
၆။	သစ်သားဗီရို(ကျွန်း) (6'×3'× 1'-6")	4 Nos
၇။	ပလတ်စတစ်ထိုင်ခုံ(လက်တင်မပါ)	77 Nos
၈။	ပလတ်စတစ်ထိုင်ခုံ(လက်တင်ပါ)	200 Nos
၉။	ခုတင် (6'-6"×3'-6"× 1'-6")	20 Nos
၁၀။	ဖိုင်တင်စင် (3'× 1'× 3')	9 Nos

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ်(ပခုက္ကူ)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂-၉-၂၀၁၃ရက် ၁၆း၃၀နာရီနောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို နည်းပညာတက္ကသိုလ်(ပခုက္ကူ) ဖုန်း-၀၉-၂၃၀၀၉၄၈ တွင် စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
နည်းပညာတက္ကသိုလ်(ပခုက္ကူ)

10-8 (15).pmd 1 8/8/2013, 7:45 AM

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

စက်သုံးဆီဈေးနှုန်းများ ဒေသအလိုက်ကွာခြားနေ

နေပြည်တော် ဩဂုတ် ၉

မြို့နယ်အသီးသီးတွင် ပုဂ္ဂလိကပိုင်စက်သုံးဆီ အရောင်းဆိုင်များရှိကြပြီး ဒေသအလိုက်စက်သုံးဆီဈေးနှုန်းများမတူကြောင်း၊ စက်သုံးဆီဈေးနှုန်းသက်သာသည့်မြို့နယ်ကသက်သာကာ ဈေးနှုန်းမသက်သာသည့်မြို့နယ်က မသက်သာကြောင်း ကြားသိနေရသည်။

ပုဂ္ဂလိကပိုင် စက်သုံးဆီပန့်အရောင်းဆိုင်များ၌ ယခင်က ဒီဇယ်ဆီတစ်ဂါလန် ငွေကျပ် ၃၂၀၀ နှုန်းမှ ယခုအခါ တစ်ဂါလန် ငွေကျပ် ၄၂၅၀ (တစ်လီတာငွေကျပ် ၉၃၀) နှုန်းဖြစ်လာပေသည်။

"ကျွန်တော့်ကား ဆီဘယ်နှဂါလန်ဆံ့တယ်ဆိုတာ ဘယ်အမှတ်ရောက်ရင် ဘယ်နှဂါလန်ရှိတယ်ဆိုတာ ကားမှာရှိတဲ့ ဆီဂိတ်အမှတ်အသားကို ကြည့်ရုံနဲ့သိပါတယ်။ အချို့ပန့်ဆိုင်တွေက ချိန်တွယ်တဲ့အခါ ဂါလန်(လီတာ) မပြည့်ဘူး။ မပြည့်မှန်းသိပေမယ့်လည်း ပန့်ဆိုင်နဲ့ အချေအတင်မပြောချင်ဘူး။ ဒါကို အခွင့်ကောင်းယူပြီး လုပ်နေကြတာကြာပါပြီ။ တာဝန်ရှိသူတွေက စစ်လဲခဏပါပဲ။ ဒုံရင်းက ဒုံရင်းပါပဲဗျာ" လို့ ယာဉ်ပိုင်ရှင်တစ်ဦးက ပုဂ္ဂလိက စက်သုံးဆီပန့် အရောင်းဆိုင်များနှင့် စက်သုံးဆီ ဝယ်ယူသုံးစွဲကြသူများအကြား ချိန်တွယ်သည့် ဂါလန်(လီတာ) မပြည့်ရပုံကို ပြောပြသည်။

လိုင်းကား မောင်းသူတစ်ဦးက "ကျွန်တော့်ကားက မော်ဒယ်နိမ့်တော့ ဆီဂိတ် အမှတ်အသားမမှန်ဘူး။ မောင်းရမယ့် အကွာအဝေးကို ခန့်မှန်းပြီး ဆီထည့်ရတာ။ ပန့်ဆိုင်က မပြည့်ရင် လမ်းမှာ ကားမောင်းသူရော၊ ခရီးသည်ပါ ဒုက္ခရောက်ရတာ၊ ပုဂ္ဂလိကပန့်ဆိုင်တွေက သတ်မှတ်ထားတဲ့ဈေးနှုန်းလည်း ပေးရသေးတယ်၊ ဆီသန့်ဖို့နဲ့ ဂါလန်(လီတာ) ပြည့်ဖို့တော့ တာဝန်ယူသင့်တာပေါ့" ဟု ယင်း၏ဆန္ဒကို ထုတ်ဖော်ပြောပြသည်။

ပုဂ္ဂလိကပိုင် စက်သုံးဆီပန့်အရောင်းဆိုင်များတွင် တစ်ပြေးညီ စက်သုံးဆီဈေးနှုန်း ဖြစ်စေချင်သည်ထက် ချိန်တွယ်သည့်ဂါလန် (လီတာ) ကို ပြည့်ပြည့်ဝဝဖြစ်စေချင်ပါကြောင်း၊ အထူးသဖြင့် နေပြည်တော် ပုဂ္ဂလိကပိုင် စက်သုံးဆီပန့်အရောင်းဆိုင်များကို တာဝန်ရှိသူများ အလေးထား ကြပ်မတ်ပေးပါရန် ၎င်းက ဆက်လက်ပြောကြားသည်။

ဦးမောင်(သဲကုန်း)

လမ်းမီးမလင်းသည်ကို သူခိုးများ အခွင့်ကောင်းယူ

နေပြည်တော် ဩဂုတ် ၉

နေပြည်တော်တွင် ယခင်လများက ဆိုင်ကယ်ခိုးသူများ အတင့်ရဲစွာ သောင်းကျန်းခဲ့သော်လည်း ယခုအခါ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အစွမ်းကုန်ကြိုးစားဖော်ထုတ်ဖမ်းဆီးမှုများကြောင့် မရှိသလောက် နည်းပါးသွားပြီဖြစ်သည်။

သို့သော် ဌာနဆိုင်ရာမော်တော်ယာဉ်များ၊ ကိုယ်ပိုင်ကားများ၏ စက်သုံးဆီတိုင်ကီများမှ ဆီများဖောက်ယူခိုးထုတ်ခံရမှုများ ဖြစ်ပေါ်နေပြန်သည်။

အဓိကအားဖြင့် နေပြည်တော် ဓနသိဒ္ဓိရပ်ကွက်ရှိ ဌာနဆိုင်ရာ မော်တော်ယာဉ်များကို ပစ်မှတ်ထားခိုးယူလျက်ရှိသည်ကို ကြားသိရသည်။

"ရဲတပ်ဖွဲ့က လှည့်ကင်းလှည့်တာမျိုးတွေ ရှိမှာပါ။ ဒါပေမယ့် ဒီကောင်တွေက အုပ်စုဖွဲ့ပြီး လှည့်ခိုးနေကြပုံပဲ။ ကျွန်တော့်ကားဆို တစ်ညတည်းနဲ့ ၁၄ ဂါလန် ပါသွားတယ်။ လူတစ်ယောက်တည်းနဲ့ ဘယ်လိုမှ ခိုးယူသယ်ထုတ်မသွားနိုင်တဲ့ ပမာဏပါ"ဟု ဝန်ကြီးဌာနတစ်ခုမှ ယာဉ်မောင်းတစ်ဦးက ဆို၏။

"ကျွန်တော်တို့ဘက်ခြမ်းက လမ်းမီးတွေမလင်းတာကြာပြီ။ ဒီတော့ ဒီကောင်တွေ အတင့်ရဲတော့တာပေါ့။ ရဲတပ်ဖွဲ့ဝင်တွေ ပုံမှန်လှည့်ကင်းလှည့်ချိန်ကိုပါ သူတို့တွေက စောင့်ကြည့်မှတ်ထားတဲ့ပုံပဲ။ ကျွန်တော့်ကားက ဒီနေ့ ဆီပျောက်သွားပြီး နောက်တစ်နေ့မှာ ရှေ့ဘက်တိုက်က ကားတစ်စီး ဆီထပ်ပျောက်တယ်။ ဒီနားဝန်းကျင်က ဌာနဆိုင်ရာကားတွေအတော်များများ ဆီအခိုးခံရပြီးပြီ။ လမ်းမီးတွေလင်းနေတုန်းကဆိုရင် ဒီကောင်တွေဒီလောက် အတင့်မရဲဘူးဗျ"ဟု အဆိုပါ ရပ်ကွက်အတွင်း နေထိုင်သူ ယာဉ်မောင်းဝန်ထမ်းတစ်ဦးက ပြောပြသည်။

ယခုကဲ့သို့ အတင့်ရဲစွာ သောင်းကျန်းနေသည့် ဆီသူခိုးများကို အမြန်ဆုံးဖမ်းဆီးရမိကာ အရေးယူပေးစေလိုကြောင်းနှင့် ညအခါ မီးမလင်းသည့်နေရာများတွင် မီးများပြန်လည် ထွန်းလင်းမည်ဆိုပါက အနည်းနှင့် အများဆိုသလို ဆီအခိုးခံရမှုများ လျော့ပါးသွားစေနိုင်မည်ဟု မျှော်လင့်နေကြသည်ကို ကြားသိရပါကြောင်း။

ကိုပေါက်(နေပြည်တော်)

ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်း မြို့နယ်အဆင့်ဖွင့်

ရန်ကုန် ဩဂုတ် ၉

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အထက(၁)ကျောင်း ရွှေပြည်ရတနာခန်းမ၌ ဩဂုတ် ၆ ရက် နံနက် ၉ နာရီက ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်း မြို့နယ်အဆင့်ဖွင့်ပွဲနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး ဆွေးနွေးပွဲအခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးဦး၊ အတွင်းရေးမှူး၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်နွဲ့ဝင်းတို့က အမှာစကားပြောကြားကြသည်။ ထို့နောက် မြန်မာနိုင်ငံ စာတတ်မြောက်ရေးပင်မဌာနမှ ဒေါ်ကြူကြူဆွေက ကျောင်းပြင်ပမူလတန်းပညာရေး လုပ်ငန်းသည် ပညာရေးဝန်ကြီးဌာန၊ NGO၊ အလှူရှင်များ၊ UNDP တို့နှင့် ပူးပေါင်း၍ အသက် ၁၀ နှစ်နှင့် ၁၄ နှစ်ကျောင်းနေအရွယ်များကို စာမတတ်သူများ၊ အကြောင်းအမျိုးမျိုးကြောင့် ပညာရေးနှင့် ကင်းကွာနေကြသူများအား စာပေသင်ကြားခွင့်ပြန်လည်ရရှိအောင် စည်းရုံးလှုံ့ဆော်၍ အခမဲ့ကျောင်းပညာဆည်းပူးခွင့်ရအောင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ သက်ဆိုင်ရာ တာဝန်ရှိသူတို့ကလည်း ပိုမိုအောင်မြင်လာအောင် ပံ့ပိုးပေးကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကျောင်းသုံးစာရေးကိရိယာများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြပြီး ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပထမအဆင့်၊ ဒုတိယအဆင့်သင်ကြားရေးတွင် ထူးချွန်သူ ခြောက်ဦးအားဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(၁၆၆)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ပစ္စည်းများအား စီမံကိန်းစခန်းနှင့် ရန်ကုန်စတိုတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၁၂-၈-၂၀၁၃ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၁၆-၈-၂၀၁၃ ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀ နာရီ

လူကြီးမင်းသည် ကျွန်ုပ်အမှုသည် Myanmar Refreshing Co.,Ltd. မှ ဝယ်ယူခဲ့သော (Crown- G.P.S 180.0001094) မော်တော်ကား၊ (Alphard ANH-10.008005) မော်တော်ကားနှင့် (Parado. KZJ.95.0143585) မော်တော်ကားများကို အရောင်းအဝယ်စာချုပ်ချုပ်ဆိုခြင်းမရှိဘဲ စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးသွင်းပြီး မော်တော်ကားများကို လက်ခံရယူသွားပါသည်။ လူကြီးမင်း ပေးရန်ကျန်ငွေနှင့် ကုမ္ပဏီသို့ စာရင်းရှင်းရန်အတွက် ဆက်သွယ်ရန်ပေးခဲ့သည့် နေရပ်လိပ်စာတွင် မရှိ၊ အတွေ့မခံရှောင်တိမ်းနေကြောင်း သိရပါသည်။

သို့ဖြစ်ပါ၍ လူကြီးမင်းအနေဖြင့် ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပေးရန်ငွေများကို အပြေအကျေပေးအပ်ရန် အသိပေးအပ်ပါသည်။ မလိုက်နာပျက်ကွက်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်းနှင့် ဖြစ်ပေါ်လာမည့် အကျိုးဆက်များသည် လူကြီးမင်း၏ တာဝန်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနိုင်ထွဋ်လင်း (ဥပဒေဘွဲ့)၊ အထက်တန်းရှေ့နေ
ဖူးပွင့်စံစာချုပ်စာတမ်း၊ ဥပဒေအတိုင်ပင်ခံ
အမှတ် (၉၉)၊ ဒုတိယထပ်(ယာ)၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၃၁၁၁၆၄၄၄

ဖခင် အမည်မှန်

ကျိုင်းတုံမြို့နေ အနောင်၊ မိုးမိုး၊ ထွန်းထွန်းနိုင်၊ ဇင်မာထွန်း၊ ဇင်မာထွေးတို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းဦး ၁၃/ကလန(နိုင်)၁၂၅၃၁၈ ဖြစ်ပါကြောင်း။

ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါ ထပ်မံပေးသွင်းရန် ဖိတ်ခေါ်ခြင်း
သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းလီမိတက်

သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းလီမိတက်၏ ကုမ္ပဏီခွဲတစ်ခုဖြစ်သော သစ်တောဖက်စပ်စီးပွားရေးဗဟိုဌာန ကုမ္ပဏီလီမိတက်က ဆောက်လုပ်ထားသော အောက်ဖော်ပြပါ စီးပွားရေးအဆောက်အအုံတစ်ခုလုံး(Commercial Centre)ကို နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လိုအပ်သောနိုင်ငံတကာ စံချိန်စံညွှန်းညီသည့် ခေတ်မီတိုးတက်မှုလုပ်ငန်းများကို ပေါ်လွင်စေရေးကို ရည်ရွယ်၍လည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍လည်းကောင်း ပြည်တွင်းပုဂ္ဂလိက လုပ်ငန်းရှင်များအား နှစ်စဉ်စီမံခန့်ခွဲမှုသဘောတူညီချက်(Annual Management Service Agreement) စာချုပ်ဖြင့် (၁၅)နှစ် ငှားရမ်းလုပ်ကိုင်ရန်အတွက် ဒုတိယအကြိမ် ထပ်မံ၍ အိတ်ဖွင့်တင်ဒါ ဈေးနှုန်းပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၁။ ငှားရမ်းမည့်အဆောက်အအုံနှင့် တည်နေရာလိပ်စာ။
သစ်တောဖက်စပ်စီးပွားရေးဗဟိုဌာန(Forest Joint Venture Commercial Centre)
အမှတ် ၄၂၂၊ ၄၂၆၊ ဗိုလ်တထောင်ဘုရားလမ်းနှင့် ကမ်းနားလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များအား ၉-၈-၂၀၁၃ရက်မှ ၃၀-၈-၂၀၁၃ရက်အထိ အထက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း တန်ဖိုးငွေကျပ် ၁၀၀၀၀၀/- (ကျပ် တစ်သိန်းတိတိ)ဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်နှင့် တင်ဒါစည်းကမ်းချက်များကို အပိုဒ်(၁)ပါ လိပ်စာနှင့် ဖုန်း-၀၁-၂၀၁၈၃၉ တွင် စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
စစ်ကိုင်းခရိုင်တရားရုံး နယ်တရားမရုံးတော်၌
၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၈ နှင့်ဆက်သွယ်သည့်
၂၀၁၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၈

ဒေါ်စန္ဒာအောင် **နှင့်** ၁။ ဦးမျိုးထွန်း
၂။ ဒေါ်သန်းသန်းမြင့်
ဒီကရီအနိုင်ရသူ **တရားရှုံးများ**

ဦးမျိုးထွန်း(မြတ်ရွှေရည်ရွှေဆိုင်)ပန်းဘဲတန်းရပ်ကွက်၊ စစ်ကိုင်းမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၃ ခုနှစ် တရားမကြီးအမှုအမှတ်-၈ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်စန္ဒာအောင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ခုနှစ် ဩဂုတ် ၁၉ ရက် (၁၃၇၅ခုနှစ် ဝါခေါင်လဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် ဇူလိုင် ၂၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးလိုက်သည်။

(သန်းသန်းရီ)
ဒုတိယခရိုင်တရားသူကြီး
စစ်ကိုင်းခရိုင်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
တောင်ကြီးခရိုင်တရားရုံး
၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၅ နှင့်ဆက်သွယ်သည့်
၂၀၁၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၈၆

လျောင်ကူ့နိမ်(ခ)အနိုင် **နှင့်** ဒေါ်ရင်မေ
ဒီကရီအနိုင်ရသူ **တရားရှုံး**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ သီရိမင်္ဂလာလမ်း၊ အမှတ် ၆/၄၆ နေ ဒေါ်ရင်မေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂၅ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် လျောင်ကူ့နိမ်(ခ)အနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ခုနှစ် ဩဂုတ် ၁၆ရက် (၁၃၇၅ခုနှစ် ဝါခေါင်လဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ ခုနှစ် ဩဂုတ် ၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လင်းလင်း)
ခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ ဗိုလ်ထွန်းလင်းလမ်း၊ အိမ်အမှတ် ၁၀၂၀နေ ကျွန်မ၏သမီး မသင်းသင်းမြတ် ၁၂/လမန(နိုင်)၀၀၁၄၅၅ သည် မိခင်၏ဆိုဆုံးမမှုကိုမနာခံဘဲ ကိုယ်စိတ်နှစ်ပါး စိတ်ဆင်းရဲအောင်ပြုလုပ်ခဲ့ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
မိခင်-ဒေါ်ငွေးရီ
၁၂/လမန(နိုင်)၀၇၀၁၆၈

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်အောင်နိုင်ထွေး ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၉၇၄၅၇၈၀**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးကျော်ကျော်ဟိန်း ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ် A-၀၉၁၅၉၃ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၀၄၃၉၃၂

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်တင်မိုးလင်း ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ် ၅၃၇၇၅၃ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၃၀၅၄၂၈၇

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၂၅၅၊ မြေကွက်တည်နေရာအမှတ် ၂၅၅၊ သီရိနန္ဒာ (၂၈)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးလှမောင် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးလှမောင်နှင့်ဇနီး ဒေါ်ထွေးကြည်တို့ ကွယ်လွန်သဖြင့် ဒေါ်ညွန့်ညွန့်ဝေ ၁၂/ဗတထ(နိုင်)၀၀၂၇၃၇၊ ဒေါ်ဝေဝေမြင့် ၁၂/ဥကတ(နိုင်)၀၆၆၂၉၅၊ ဦးလှမြင့် S/OKA-၀၈၁၄၁၄၊ ဒေါ်မူမူ ၁၂/သလန(နိုင်)၀၃၂၀၁၃၊ ဒေါ်ကြူကြူ ၁၂/ဥကတ(နိုင်)၀၆၅၅၇၀၊ ဒေါ်ဆွေဆွေ ၁၂/ဥကတ(နိုင်)၀၆၆၂၉၉၊ ဒေါ်တင်တင်အေး ၁၂/ဥကတ(နိုင်)၀၆၅၁၀၂ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လူမှုရေးကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ထွားစိန်
အသက်(၉၀)

ပုသိမ်မြို့၊ ပုသိမ်တက္ကသိုလ်ဝန်းနေ ပုသိမ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာညွန့်ဖေ-ဒေါ်နန်းချစ်ဆွေတို့၏မိခင် ဒေါ်ထွားစိန် အသက်(၉၀) သည် ၆-၈-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဝန်ကြီးချုပ်ဦးသိန်းအောင်နှင့်ဇနီး ဒေါ်ခင်ငွေးမြင့်
ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်ထွားစိန် (ကံချိုင်ရွာ)
အသက် (၉၀)

ပုသိမ်မြို့နေ ဒေါက်တာညွန့်ဖေ (ပါမောက္ခချုပ်၊ ပုသိမ်တက္ကသိုလ်)-သုဓမ္မသိင်္ဂီ ဒေါ်နန်းချစ်ဆွေတို့၏ချစ်လှစွာသောမိခင် ဒေါ်ထွားစိန်သည် ၆-၈-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရူပဗေဒဌာန၊ ပုသိမ်တက္ကသိုလ်

အထူးဝမ်းနည်းကြေကွဲခြင်း

Tiger Shark Co.,Ltd.&TZK Co.,Ltd ၏ Chairman ၊ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးမောင်သန်း(ခ)ခေါဘွန်တန် (ဝင်းဝင်းပွဲရုံ) အသက် (၈၂)နှစ်သည် ၆-၈-၂၀၁၃ရက်(အင်္ဂါနေ့) မွန်းလွဲ ၂း၃၈နာရီတွင် အမှတ်(၉/၁၅)၊ ခေမာလမ်း၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ကြေကွဲရပါကြောင်း။

ကိုအောင်ပို-မစောယု
Space Media & Advertising

(၁၅)နှစ်ပြည့် ကုသိုလ်အမျှပေးဝေခြင်း
ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
ဗိုလ်မှူးကိုကိုကြီး(ငြိမ်း)
ဗိုလ်လောင်းသင်တန်းအပတ်စဉ်(၂၁)
ကြာလည်းမမေ့ ရှာလည်းမတွေ့ ငါလည်းတစ်နေ့

အနန္တကျေးဇူးရှင်ဖေဖေ မိသားစုနှင့်ခွဲခွာသွားသည်မှာ ၁၀-၈-၂၀၁၃ ရက်တွင် (၁၅)နှစ်ပြည့်မြောက်သော်လည်း ကြေကွဲမှုများစွာဖြင့် နေ့စဉ် လစဉ် နှစ်စဉ် ဖေဖေကြီးကိုရည်စူး၍ မိသားစုများမှ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်ကောင်းမှုပြုလုပ်လျက်ရှိပါသည်။ ကုသိုလ်ကောင်းမှုအစုစုများကို ရောက်ရာဘုံဘဝမှ ဝမ်းမြောက်စွာနဲ့ သာဓုခေါ်ဆို၍ မြင့်မြတ်သောဘုံဌာနသို့ တက်လှမ်းရောက်ရှိနိုင်ပါစေ။

ချစ်ဇနီးဒေါ်တင်တင်လှနှင့် သား မောင်ရန်နိုင်ကို
သားသမီးမြေးတစ်စု

(၁၁)နှစ်ပြည့်အလွမ်း
ဦးမောင်မောင်(ခ)ဦးတင်ထွန်း
၁၀-၈-၂၀၁၃

မိသားစုအပေါ် မြင့်မိုရ်တောင်မက မေတ္တာတရားကြီးမားလှသော ကျေးဇူးရှင်ဖေဖေ မိသားစုနှင့်ခွဲခွာသွားသည်မှာ ၁၀-၈-၂၀၁၃ရက်တွင် (၁၁)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သော်လည်း ယနေ့ထိတိုင်နေ့စဉ်နှင့်အမျှ တမ်းတလွမ်းဆွတ် သတိရလျက်ရှိနေပါ။ ဖေဖေ့အတွက် လစဉ် ၁၀ရက်နေ့တိုင်း ပြုလုပ်ခဲ့သော ရည်စူးကုသိုလ်များနှင့် ယနေ့(၁၁)နှစ်ပြည့်နေ့တွင် မဟာစည်သာသနာ့ရိပ်သာ၌ ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ် အားလုံးနှင့် ယောဂီ၊ သီလရှင်တို့အား တစ်နေ့တာ အရဏ်ဆွမ်း၊ နေ့ဆွမ်းများ ဆက်ကပ်၍ သင်္ကန်း၊ ဒါတဗ္ဗဝတ္ထုအစုစုလှူဒါန်းပြီး ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား ကျွေးမွေးလှူဒါန်းသော ကုသိုလ်ကောင်းမှုအစုစုတို့ကို ဖေဖေ့အား ရေစက်သွန်းချ အမျှကုသိုလ်ပေးဝေပါသည်။

အေးချမ်းမြင့်မြတ်သောဘုံဘဝမှ ဖေဖေရရှိခံစားနိုင်ပြီး သာဓုအကြိမ်ကြိမ် ခေါ်ဆိုနိုင်ပါစေ။

ကျန်ရစ်သူဇနီး - ဒေါ်ခင်တီတီ
သမီးကြီး - မောင်သန်းနိုင်-မခင်မြတ်မြတ်အောင်(ခ)အလိမ္မာမောင်မောင်
မြေး - ဥတ္တရမောင်(ခ)Edgar
သား - မောင်ရန်လင်းမောင်-မစန္ဒီမောင်မောင်
မြေး - Henry, Harry, Holly
သမီးငယ် - မသဲသဲဇလပ်ဖြူမောင်

တစ်လပြည့်လွမ်းဆွတ်သတိရခြင်း
ဦးဝင်းမောင်
(M.E.P.E)တောင်ဒဂုံ
အသက် (၇၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မာလာနွယ်လမ်း၊ အမှတ် ၇၅၈၊ ပထမထပ်(ညာ)နေ ဖခင်ကြီး ဦးဝင်းမောင်သည် ၉-၇-၂၀၁၃ ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားသည်မှာ ၉-၈-၂၀၁၃ရက်တွင် တစ်လပြည့်သော်လည်း ယနေ့ထိတိုင် ဝမ်းနည်းကြေကွဲစွာဖြင့် လွမ်းဆွတ်သတိရနေပါသည်။

ကျန်ရစ်သူမိသားစုနှင့်ဆွေမျိုးမိတ်သင်္ဂဟများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်ထွားစိန်
အသက် (၉၀)

ဆရာကြီး ဒေါက်တာညွန့်ဖေ (ပါမောက္ခချုပ်၊ ပုသိမ်တက္ကသိုလ်)-ဒေါ်နန်းချစ်ဆွေတို့၏ မိခင်ကြီး ဒေါ်ထွားစိန်သည် ၆-၈-၂၀၁၃ရက်တွင် ပုသိမ်မြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာအေးဖေ(ပါမောက္ခ၊ ရုက္ခဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)-
ဒေါက်တာနွဲ့နွဲ့အောင်(လ/ထကထိက၊ ရုက္ခဗေဒဌာန၊ ထားဝယ်တက္ကသိုလ်)မိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ထွားစိန်(ကံချိုင်ရွာ)
အသက်(၉၀)

ဒေါက်တာညွန့်ဖေ (ပါမောက္ခချုပ်၊ ပုသိမ်တက္ကသိုလ်)နှင့်သုဓမ္မသိင်္ဂီဒေါ်နန်းချစ်ဆွေတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ထွားစိန်သည် ၆-၈-၂၀၁၃ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားခြင်းအတွက် ဝမ်းနည်းကြေကွဲရပါသည်။

စီးပွားရေးပညာဌာန
ပုသိမ်တက္ကသိုလ်

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်တင်ကြည်(ပန်းမဆလာ၊ မြိတ်)
အသက် (၈၃)နှစ်

မြိတ်မြို့နယ်၊ ကန်ဖျားလမ်းမကြီး ကန်ဖျားလမ်းဆုံ၊ ကန်ဖျားရပ်နေ (ဦးအောင်ရွှေ-ဒေါ်သာရွှေ)တို့၏ သမီး(ဦးသင်းညွှန့်)၏ဇနီး၊ ဦးမိုးမြင့်(အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)-ဒေါ်နန်းစံပယ်တင့် (အထက-၁၊ မြိတ်)တို့၏ မိခင်၊ ဒေါ်တင်ကြည် အသက် (၈၃)နှစ်သည် ၆-၈-၂၀၁၃ ရက်(အင်္ဂါနေ့)နံနက် ၁၁း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးငွေးမြင့် မြိတ်မြို့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဝမ်းနည်းကြေကွဲခြင်း
ဦးလေးမြင့်(ဘိုကလေး)
အသက် (၇၈)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၆)လမ်း၊ အမှတ် ၆၃၊ မြေညီထပ်နေ ပရိယတ္တိသာသနပါလ အသင်းအလုပ်အမှုဆောင်ဒေါ်ညွန့်ညွန့်၏ခင်ပွန်း ဦးလေးမြင့်သည် ၆-၈-၂၀၁၃ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပရိယတ္တိသာသနပါလအသင်း
ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်လပ်ချိုမီး(အထက်တန်းပြ ငြိမ်း၊ ရေဆင်း)
အသက် (၅၉)နှစ်

မြစ်ကြီးနားမြို့နေ ဦးသီးလ်မဟာဒူး(ပါမောက္ခ-ငြိမ်း၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်)၏ ဇနီးဒေါ်လပ်ချိုမီး(အထက်တန်းပြဆရာမ-ငြိမ်း၊ ရေဆင်း အထက)သည် ၂၇-၇-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရေဆင်းအထက
၂၀၀၂-၂၀၀၃ ကျောင်းသား ကျောင်းသူဟောင်းများ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၆၊ မြေကွက်အမှတ် ၈၀၊ မြေကွက်တည်နေရာ၈၀၊ သခင်မြလမ်း၊ ဆေးစက်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဒေါ်မြနု အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်မြနု (မိခင်)နှင့် ဦးဘငွေ(ဖခင်)တို့ ကွယ်လွန်သဖြင့် ဒေါ်မြရွှေ၁၂/ဒပန(နိုင်)၀၁၁၈၂၂၊ ဒေါ်အုန်းရင် ၁၂/ဒပန(နိုင်)၀၁၁၈၂၄၊ ဦးသန်းလှ ၁၂/ဒပန(နိုင်)၀၁၂၂၆၇၊ ဦးသန်းမြ ၁၂/ဒဂန(နိုင်)၀၁၀၇၇၇၊ ဦးအောင်ကြည် ၁၂/ဒပန(နိုင်)၀၅၂၈၆၈ တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ တိုင်းကျန်းမာ ရေးဦးစီးပြန်စာ၊ ရပ်ကွက်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထောက်ခံစာတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၀၊ မြေကွက်အမှတ် (၄၄၇-ခ) အမည်ပေါက် ဦးတင်ဝင်း ၁၂/ကတတ(နိုင်)၀၁၄၃၅၀ ၏ မြေချစလစ်ပြားမူရင်းသည် နာဂစ်မုန်တိုင်းကြောင့် ပျောက်ဆုံးသွားပါသဖြင့် မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ပြုလုပ်ပေးရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်ထွားစိန်
အသက် (၉၀)

သူငယ်ချင်း ဒေါက်တာညွန့်ဖေ (ပါမောက္ခချုပ်၊ ပုသိမ်တက္ကသိုလ်)-ဒေါ်နန်းချစ်ဆွေတို့၏ မိခင်ကြီး ဒေါ်ထွားစိန်သည် ၆-၈-၂၀၁၃ ရက်တွင် ပုသိမ်မြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

အမေ ကောင်းရာသုဂတိဘုံသို့ ရောက်ပါစေ။

ဒေါက်တာညွန့်စိုး(ပါမောက္ခ၊ ကုန်ထုတ်ဓာတုဗေဒဌာန၊ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)-
ဒေါက်တာဇင်မိုးမိုး(ကထိက၊ ရုက္ခဗေဒဌာန၊ တောင်ငူတက္ကသိုလ်)
မိသားစုနှင့်
ဦးဝင်းထွန်းကျော်(ဘိုကလေးမြို့)

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်ထွားစိန်
အသက် (၉၀)

ဆရာကြီး ဒေါက်တာညွန့်ဖေ (ပါမောက္ခချုပ်၊ ပုသိမ်တက္ကသိုလ်)-ဒေါ်နန်းချစ်ဆွေတို့၏ မိခင်ကြီး ဒေါ်ထွားစိန်သည် ၆-၈-၂၀၁၃ ရက်တွင် ပုသိမ်မြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ရုက္ခဗေဒဌာနမိသားစု၊ ပုသိမ်တက္ကသိုလ်

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်တင်ကြည်(မြိတ်မြို့)
အသက်(၈၃)နှစ်

ဦးမိုးမြင့်(အမျိုးသားလွှတ်တော်ကိုယ်စားလှယ်-မြိတ်မြို့နယ်)-ဒေါ်နန်းစပယ်တင့်တို့၏မိခင် ဒေါ်တင်ကြည်သည် ၆-၈-၂၀၁၃ရက်(အင်္ဂါနေ့)နံနက် ၁၁း၂၀နာရီတွင် ကွယ်လွန်ကြောင်းသိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ
တနင်္သာရီတိုင်းဒေသကြီး

ဝမ်းနည်းကြေကွဲခြင်း
ဦးလှသန်း (မြင်းခြံ)
ဥက္ကဋ္ဌ၊ ပြည်တော်အေးမော်တော်ယာဉ်အသင်း
အသက်(၈၀)

မြင်းခြံမြို့၊ အမှတ်(၄၉၄)၊ (၃)လမ်း၊ (၂)ရပ်ကွက်နေ ဒေါ်မြမြ၏ ခင်ပွန်း ဦးလှသန်း(မြင်းခြံ)သည် ၄-၈-၂၀၁၃ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သီရိပျံချီဦးအောင်သောင်း မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

TZK Co.,Ltd. ၏ Chairman ၊ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး ဦးမောင်သန်း (ခ)ခေါဘွန်တန် (ဝင်းဝင်းပွဲရုံ) အသက်(၈၂)နှစ် သည် ၆-၈-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၃၈ နာရီတွင် အမှတ်(၉/၁၅)၊ ခေမာလမ်း၊ သီရိခေမာ ရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေအိမ်၌ ကွယ်လွန် သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ကြေကွဲရ ပါကြောင်း။

Friesland Campina(Thailand)PCL Groups

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

[illegible] (MMA) [illegible]

[illegible]

သုံးထပ်တိုက် ငှားမည်

သာကေတရှုခင်းသာလမ်းမကြီးပေါ်ရှိ RC သုံးထပ်တိုက်၊ ဘဏ်လုပ်ငန်း၊ ကုမ္ပဏီလုပ်ငန်း၊ သင်တန်းကျောင်း လုပ်ငန်းများအတွက် အထူးသင့်တော်ပါသည်။

ထောင့်ကွက်နေရာကောင်း၊ ကားပါကင်ရှိသည်။

ဆက်သွယ်ရန်-

ဖုန်း-၀၉-၅၁၀၄၃၁၀၊ ၀၁-၂၄၅၀၆၀

ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ

ဦးဝင်းဝင်း (LL.B,DBL,DIL) ဦးသန့်ဇင်(LL.B)

[illegible]

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ -

B.Com (Q).,R.L B.Sc, H.G.P.,R.L

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(တောင်ပိုင်း)မြို့နယ်၊ (၁၀၅)ရပ်ကွက်၊ ချမ်းမြသာစည်လမ်း၊ အမှတ်(၈၈၅)၊ ပေ(၂၀×၆၀)အကျယ်ခန့်ရှိ မြေချပါမစ်တွင် ဦးလှမိုးအမည်ပေါက် မြေကွက်အား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူသူက တစ်ဦးတည်းပိုင်ရှင်အဖြစ် လက်ရှိထားပိုင်ဆိုင်ပါသည်ဟု အဆိုပြုဝန်ခံသူ ဒေါ်ချိုချိုသန်း TKA-၀၅၁၁၃၁ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားခဲ့ပြီးဖြစ်ပါသည်။ ဖော်ပြပါ ခြံမြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်နှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်ဝင်းခိုင် LL.B,D.B.L
အထက်တန်းရှေ့နေ(စဉ်-၃၃၉၀၁)
အမှတ်၁၀၇၈၊ အောင်မေတ္တာလမ်း၊(၇)ရပ်ကွက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၃၁၂၁၄၄၉

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ရွှေနံ့သာစံပြ၊ မြေကွက်အမှတ် ၅၆၉၊ မြေကွက်တည်နေရာအမှတ် ၅၆၉၊ ၁၈လမ်း၊ ရွှေနံ့သာရပ်ကွက်၊ ဦးကျော်မင်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကျော်မင်း ကွယ်လွန်သဖြင့် ဒေါ်မြမြဦး ၁၂/မဂတ(နိုင်)၀၁၁၆၅၆က ဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ကမာကြည်အိမ်ရာရှိ တိုက်အမှတ် ၃၀၊ အခန်းအမှတ် ၂၀၄ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်ဆွေဝင်းထံမှ စာချုပ်စာတမ်းဖြင့်ဝယ်ယူထားသူ ဦးသော်သော်ထိုက် ၁၂/တမန(နိုင်)၀၅၈၂၃၃က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက် အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်လှမြင့် (ပဲခူး)

အသက်(၇၆)နှစ်

ပဲခူးမြို့နေ (ဦးတင်-ဒေါ်ဖွားချစ်)တို့၏သမီး၊ (ဦးစိုးလှ-ဒေါ်ချစ်မေ)တို့၏ သမီးချွေးမ၊ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရာဇာဓိရာဇ် ၃လမ်း၊ အမှတ် ၁၂၀နေ ဦးကြီးစိန်(ရုံပိုင်ကြီး၊ ငြိမ်း၊ မြန်မာ့မီးရထား)၏ဇနီး၊ ကိုနေဦး[လ/ထ အင်/ယာ၊ စက်မှု၊ ပင်မအလုပ်ရုံ(တောင်) အင်းစိန်]၊ မဝါဝါဦး၊ ကိုသန်းထိုက်-မသန်းသန်းအေး၊ မခင်မြင့်စိန်တို့၏မိခင်၊ မအေးငြိမ်းချမ်းမိုး၊ မနှင်းနေခြည်တို့၏အဘွားသည် ၆-၈-၂၀၁၃ရက် နံနက်၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၃ရက်တွင် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမပင်မအလုပ်ရုံ(တောင်)၊ ယန္တရားဝင်း၊ အခန်းအမှတ် (ဘီ-၁)တွင် ရက်လည်ဆွမ်းကျွေးတရားနာမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ရီ (သထုံမြို့)

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ သခင်ဖိုးလှကြီးလမ်း၊ အမှတ် ၈၁၈နေ(ဦးအောင်ကြည်)၏ဇနီး၊ ဒေါ်တင်မမအောင်-ဦးဘသာ (Dagon Int'l Co., Ltd.)၊ ဒေါ်ခင်လှလှအောင်-(ဦးသော်ဝင်းလတ်)၊ ဒေါ်ခင်မိမိ(ထ/ခွဲ၊ လ-၁၊ ဒဂုံ/မြောက်)၊ ဒေါ်ခင်မို့မို့အောင်(ထ/၁၊ ကမာရွတ်)-ဦးသူရအောင်(Dagon Int'l Co.,Ltd.)၊ (ဦးဝင်းအောင်)၊ ဒေါ်ခင်ထွေးထွေးအောင်-ဦးစံဝင်း၊ဒေါ်ခင်မာလာအောင်(လ/ထ သတ္တဗေဒဌာန၊ဒဂုံတက္ကသိုလ်)တို့၏မိခင်၊ (မလတ်သူဇာ)၊ မောင်နောင်နောင်လတ်-မသက်ထားရွှေစင်လတ်၊ မဝင်းအိဖြူအောင်(M.O.B ဘဏ်၊လမ်းမတော်)၊မောင်ပိုင်မင်းသူ(2nd year, WYTU)၊ မောင်ချမ်းမြေ့ထူး(လွယ်ဟိန်းကုမ္ပဏီ၊ P & A. Dept)၊ မနှင်းပွင့်ဖြူအောင်(Grade-11၊ ထ-၃၊ ဒဂုံအရှေ့)တို့၏အဘွားသည် ၈-၈-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၈နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၁၀-၈-၂၀၁၃ရက် (စနေနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်နုနုခင် (ကျောက်တန်း)

(ကျောင်းဆရာမကြီး၊ ငြိမ်း)

အသက်(၈၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့၊ အမှတ် ၁၁၃၉၊ ချမ်းမြေ့သာယာ ၅ လမ်းနေ (ဦးစွန်သိန်း-ဒေါ်အေးကြင်)တို့၏သမီး၊ (ဦးဘသက်-ဒေါ်စိန်းရင်)တို့၏ သမီးချွေးမ၊ (ဦးစိန်ညွှန့်)၏ဇနီး၊ ဦးဝင်းမောင်-ဒေါ်မြင့်မြင့်ကြည်၊ ဦးစိုးမောင်-ဒေါ်မေမေခင်၊ ဦးချစ်ဆွေ-ဒေါ်ဝင်းစိန်တို့၏အစ်မကြီး၊ (ဦးအေးဆွေ)-ဒေါ်မာမာတင်၊ ဦးအောင်လန်း-(ဒေါ်ယဉ်ယဉ်နွဲ့)၊ ဦးညွန့်ဦး-ဒေါ်အေးအေးသန်း၊ ဦးဝင်းမြင့်သိန်း-ဒေါ်လဲ့လဲ့မော်၊ ဦးမင်းညီ-ဒေါ်နန်းကေသီလွင်၊ ဦးမျိုးမင်းမျိုး-ဒေါ်ခိုင်ဇင်လင်းတို့၏မိခင်၊မြေး ၁၉ယောက်တို့၏အဘွားသည် ၅-၈-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ကျောက်တန်းမြို့ အနောက်ပိုင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၁-၈-၂၀၁၃ရက်(တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်စိန်တင်

အသက်(၈၆)နှစ်

မုဒုံမြို့နေ (ဦးထ-ဒေါ်အိမ်ကြောင်)တို့၏သမီး၊ ဦးသောင်းလှိုင်-ဒေါ်ကြီးမေ၊ ဦးကျင်ပို့-(ဒေါ်ငွေခိုင်)၊ (ဦးစံဟုတ်)၊ ဦးမောင်လှ-ဒေါ်ဝေ၊ ဦးမောင်အေး-ဒေါ်စောမေ၊ ဦးအောင်ဘ၊ ဦးညွန့်အေးချို-ဒေါ်ဝင်းမော်၊ ဦးငွေဌေး-ဒေါ်စိန်စိန်၊ ဦးဆန်းဝင်း-ဒေါ်ခိုင်ခိုင်ဝင်းတို့၏မိခင်သည် ၈-၈-၂၀၁၃ရက် (ကြာသပတေးနေ့)နံနက် ၆း၂၀နာရီတွင် ဗဟိုစည်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၂-၈-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အမှတ် ၃၇၊ မန္တလေးလမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် နေအိမ်မှကားများ နံနက် ၁၁း၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကြိုင်

(လယ်ဆည်၊ ညွှန်မှူး၊ ငြိမ်း)

ပခုက္ကူအသင်း(ရန်ကုန်)၏နာယကကြီး

အသက်(၈၃)နှစ်

ပခုက္ကူမြို့နေ (ဦးဘရင်-ဒေါ်အေးကြည်)တို့၏သား၊ (ဦးဘိုအေး-ဒေါ်မေ)တို့၏သားသမက်၊ ကမာရွတ်မြို့နယ်၊ သီရိမင်္ဂလာလမ်း၊ အမှတ် ၃၄နေ (ဒေါ်ခင်ကြည်အေး)၏ခင်ပွန်း၊ (ကိုကျော်သူရ)၏ဖခင်သည် ၅-၈-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါကြောင်း အသင်းသူ၊ အသင်းသားများအား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးထွန်းရှိန်(ခရမ်းမြို့) Hong Tzong Shun

အသက်(၇၄)နှစ်

ခရမ်းမြို့၊ အမှတ် ၁၅၊ စနေလမ်းနေ (ဦးဆောင်းငါး-ဒေါ်ကြင်မှီ)တို့၏ ဒုတိယသား၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ခြံအမှတ် ၁၀(က)၊ မဂ္ဂင်လမ်း၊ ကျောက်ကုန်းနေ ဒေါ်ရီရီ၏ခင်ပွန်း၊ ဦးစုံရီ-ဒေါ်ကြင်တီ(ခရမ်းမြို့)၊ ဦးစောမြင့်နိုင်-ဒေါ်ရီရီမြင့်(သန်လျင်မြို့)တို့၏ညီ/မောင်၊ ဦးစမ်းမောင်-ဒေါ်ပို(R.O.C, Taiwan)၊ဦးထွန်းမြင့်-ဒေါ်မေရီခင်(Duwin Com.Ltd.)၊ ဦးမြင့်အောင်-ဒေါ်လှလှစိန်(ခရမ်းမြို့)တို့၏အစ်ကို၊ ကိုသစ်ဦး-မနွယ်နွယ်အုန်း(ကောင်းသုခ ကုန်မျိုးစုံ၊ မော်လမြိုင်မြို့)၊ ကိုချစ်မင်းဝင်း-မရီရီဝေ(Twin Star MME Services Com.,Ltd.)၊ ဗိုလ်ကြီးစန်းနိုင်-ဒေါ်အေးအေးသန်း၊ ကိုဝင်းချိုထွန်း-မချိုချိုဝင်း၊ကိုမျိုးမင်း(Unitine Marine)-မချိုသန္တာမြင့်၊ ကိုအောင်ဝင်းနိုင်(မယမင်း) (Newyork, USA)၊ ကိုမာန်ထူးအောင်-မလွင်မာမြင့်(ရွှေရသာစားသောက်ဆိုင်)တို့၏ဦးလေး၊ Lite Kyan Sent-မရီရီချို (R.O.C, Taiwan)၊ ကိုဇော်လေးကျော်-မစမ်းစမ်းမြင့်(R.O.C Taiwan)၊ Steven Tan - မထွေးထွေး(USA)၊ မအိအိဖြူ(Family Home Tour & Travels)၊ ကိုနေဦးကျော်(Duwin Com., Ltd.)-နန်းပုန်းညွက်ဖြူ၊ ကိုသက်အောင်(Duwin Com., Ltd.)၊ ကိုကျော်ကျော်ဦး-မအေးကေခိုင် (7 Stars Restaurant)၊ ကိုသက်ဇင်-မကေဟန်လင်း(စိန်တောင်ကြီး Hotel)၊(ကိုရွှေဦးအောင်)၊ကိုငြိမ်းထိုက်အောင်တို့၏ဘကြီးသည် ၈-၈-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၄နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၃ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။(ကျောက်ကုန်းနေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးထွန်းရှိန်

အသက်(၇၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နေ (ဦးထွန်းရင်-ဒေါ်လှမေ) တို့၏သားသမက်၊ ရန်ကင်းမြို့နယ်၊ မဂ္ဂင်လမ်း၊ ခြံအမှတ် ၁၀(က)၊ကျောက်ကုန်းနေ ဒေါ်ရီရီ၏ခင်ပွန်း၊(ဦးလှသော်-ဒေါ်ကြင်မြိုင်)၊ (ဦးအောင်သိန်း)၊ (ဦးမောင်ခိုင်-ဒေါ်ကြည်လေး)၊ (ဦးစိုးအေး)-ဒေါ်ယဉ်မေ၊ (ဦးကြည်)-ဒေါ်ကြည်တို့၏ ညီ/မောင်၊ ဦးစိုးဝင်း-ဒေါ်ဝင်းဝင်းဌေး၊ ဦးဝင်းမောင်-ဒေါ်စန်းစန်းယဉ်တို့၏အစ်ကိုသည် ၈-၈-၂၀၁၃ရက် (ကြာသပတေးနေ့)နံနက် ၄နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၃ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

(ကျောက်ကုန်း နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျရစ်သူမိသားစု

ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)

ဦးမောင်သန်း(ခ)ခေါ်ဘွန်တန်

အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ခေမာလမ်း၊ အမှတ် ၉၊ ၁၅နေ ဒေါ်ရှုအင်၏ခင်ပွန်း၊ အမှတ် ၇၀၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ရှိ ကော့သောင်းမြို့နယ်အသင်း (ရန်ကုန်)၏ အသင်းဝင်များဖြစ်ကြသော ဦးခင်မောင်ဝင်း(ခ)ဦးစိန်ကား-ဒေါ်ရှုပိုတို့၏ဖခင်သည် ၆-၈-၂၀၁၃ရက်(အင်္ဂါနေ့) မွန်းလွဲ ၂း၃၈နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၃ရက် (စနေနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းနှင့် ကော့သောင်းမြို့နယ်သူမြို့နယ်သားများ၊ ကော့သောင်းမြို့နယ်အသင်း (ရန်ကုန်)အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန် နိုးဆော်အပ်ပါသည်။ (အသင်းရုံးမှ နံနက်၈း၃၀နာရီနှင့် နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့၊
ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်မြမြဌေး

အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊တက္ကသိုလ်ရိပ်သာလမ်းသစ်၊တိုက်အမှတ်၄၅၉-A၊ အခန်း ၄၀၁နေ (ဦးမောင်ကို-ဒေါ်အုန်းတင်)တို့၏သမီး၊ (ဦးလှထွန်း)၏ဇနီး၊ ဦးအောင်ကြီး-ဒေါ်မြမြဦး၊ ဒေါ်မြမြအေး၊ ဒေါ်တင်မြင့်တို့၏ညီမ၊ ဦးကံထွန်းကြည်-ဒေါ်ယဉ်မျိုးစုတို့၏အစ်မ၊ ဦးမိုးမင်းဟန်-ဒေါ်သော်တာထွန်း၊ ဦးအောင်အောင်[ဦးစီးအရာရှိ၊ စက်မှု၊ စက်မှုတိုင်း(၄)၊ ဆည်မြောင်း ဦးစီးဌာန၊ မိတ္ထီလာမြို့]တို့၏မိခင်၊ မောင်မင်းသူရိန်ထက်၏အဘွား၊ တူ၊ တူမ ၁၀ယောက်တို့၏အဒေါ်သည် ၈-၈-၂၀၁၃ရက် နံနက် ၀၀း၁၅နာရီတွင် ဝိတိုရိယအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၃ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါက်တာအောင်သန်း

B.V.S Dip in Agri Science (NZL) M.Sc (YZN)

ပါမောက္ခချုပ် (ငြိမ်း)၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်

အသက်(၇၀)

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနအိမ်ရာ၊ ၉လမ်း၊ တိုက် ၄၊ အခန်း အမှတ် ၁၀၄၊ ပထမထပ်နေ (ဦးစံမြင့်-ဒေါ်တင်စိန်)တို့၏သားကြီး၊ ဒေါ်ညွှန့်ရီ၏ခင်ပွန်း၊ ဦးဥက္ကာဦး-ဒေါ်သန္တာအောင်၊ ဦးမျိုးဇော်အောင်တို့၏ဖခင်သည် ၈-၈-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၃း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၃ရက်(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဦးခင်မောင်မြင့်

မန္တလေးတိုင်းဒေသကြီး၊ ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊မြန်မာ့သစ်လုပ်ငန်း

အသက်(၆၇)နှစ်

မုံရွာမြို့၊ ဆူးလေကုန်းရပ်နေ(ပွဲစားကြီး ဦးအောင်မြတ်-ဒေါ်စောလှိုင်)တို့၏သား၊ ဝက်လက်မြို့၊ ဆင်းသီဂီရပ်နေ (ဦးကြည်အောင်-ဒေါ်တင်တင်)တို့၏သားသမက်၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ နယူးစီဗွီလိုင်း၊ အမှတ် ၂၂/၂(က)၊ ၃၃×၃၄ကြားနေ ဒေါ်သူသူမော်၏ခင်ပွန်း၊ ဒေါက်တာပြည့်ဖြိုးကျော် (လ/ထ ဆရာဝန်၊ မန္တလေးခုတင်-၃၀၀ဆံ့ သင်ကြားရေးဆေးရုံကြီး)၊ ကိုကျော်ဝေလင်း(ခ)ကိုဝေယံ (အထက်တန်းရှေ့နေ)၊ ဒေါက်တာသွင်ထူးအိမ် (အလုပ်သင်ဆရာဝန်၊ မန္တလေးပြည်သူ့ဆေးရုံကြီး)တို့၏ ဖခင်သည် ၈-၈-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၉း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၃ရက်(စနေနေ့)နံနက် ၁၀နာရီတွင် မန္တလေးမြို့နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဒေါက်တာကျော်ဆင့်(မြိတ်)

အသက်(၆၇)နှစ်

မြိတ်မြို့၊ ဈေးတန်းရပ်နေ (ဦးသင်းမောင်-ဒေါ်လှရီ)တို့၏သား၊ ထားဝယ်မြို့၊ အနောက်ရပ်နေ (ဦးဘတင်ညွှန့်-ဒေါ်ရှာရီဖွာ)တို့၏သားသမက်၊ ထားဝယ်မြို့၊အနောက်ရပ်၊ အာဇာနည်လမ်း၊ အမှတ် ၆နေ ဒေါ်ခင်ခင်မြ၏ခင်ပွန်း၊ ကိုကျော် မိုးဆင့်-မနီလာဝင်း၊ မယဉ်ဝေဝေဆင့်၊ ကိုနေမျိုးဆင့်-မဖြူပြာအေး၊ ဟာဖွီဇ်မော်လဝီမုဖ်သီမိုဟမ္မဒ်နာဂျိဘ်(ခ)ကိုထွန်းမျိုးဆင့်၊ မဇင်ဆွေဆွေဆင့်တို့၏ဖခင်၊ မောင်နေမင်းခန့်၊ မောင်ဟိန်းမင်းခန့်၊ မောင်ဘုန်းဝေယံမိုးတို့၏အဘိုး မိုဟမ္မဒ်ရှဖွီးက်(ခ)ဒေါက်တာကျော်ဆင့်သည် ၅-၈-၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၇း၄၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ဗိုဟိုရ်နမာဇ်အပြီး ထားဝယ်မြို့ ဇဟာစွန်နီအစ္စလာမ်ဥယျာဉ်တော်၌ ဒါဖနာပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါ်တင်မာဌေး (ကျောက်မဲ)

လက်ထောက်ကထိက (ငြိမ်း)

UFL (Chinese) ရန်ကုန်

ဝင်းဇီဝကဆေးခန်း

အသက်(၅၃)နှစ်

ကျောက်မဲမြို့နေ (ဦးစက်တင်-ဒေါ်ဂုမ်)-ဒေါ်တင်ရီတို့၏သမီး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ (ဦးခင်လှ-ဒေါ်ကြွေ)တို့၏သမီးချွေးမ၊ ဦးတင်မောင်ဦး-ဒေါ်ရီရီဝင်း၊ ဦးမျိုးအောင်(ကုံကော်တော)-ဒေါ်တင်မာရီ၊ ဦးတင်မောင်ဌေး၊ ဦးအောင်သန်းဦး-ဒေါ်တင်မာအေး၊ ဒေါ်တင်တင်အုန်းတို့၏ညီမ၊ဦးစိုင်းချစ်အေး-ဒေါ်တင်မာချို၊ ဒေါ်တင်မာခိုင်တို့၏ အစ်မ၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ ဗိုလ်ရွှေလမ်း၊ အမှတ် ၅၁၊ လေးလွှာနေ ဦးတင်အေး၏ဇနီး၊ မောင်မြတ်ဘုန်းခန့်(အလက-၁၊ ဒဂုံ)၏မိခင်သည် ၈-၈-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၃ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးယူနန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၄-၈-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်မြင့်မြင့်ဝေ (တောင်စွန်း)

ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)

စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း

အသက်(၆၀)

(ဦးစိန်ခို-ဒေါ်ရီ)တို့၏ သမီးချွေးမ၊ (ဦးထွန်းငွေ-ဒေါ်စန်းမြင့်)တို့၏သမီး၊ (ဦးစိန်လင်း)-ဒေါ်သန်းမြင့်၊ ဦးတင်စိန်-ဒေါ်ကျင်စိန်၊ ဒေါ်ခင်အေးရီ၊ ဦးအောင်ထွန်း-ဒေါ်ခင်လေးကြည်တို့၏ညီမ၊ ဦးဇော်မင်း၏အစ်မ၊ အခန်း ၃၀၉၊ မြခွာညိုကွန်ဒို၊သာကေတမြို့နယ်နေ ဦးမောင်မောင်အေး [အထွေထွေမန်နေဂျာ (ငြိမ်း)၊ အဆင့်မြင့်စက္ကူစက်ရုံ၊ သာပေါင်း]၏ဇနီး၊ ကိုဝေဖြိုးမောင်၊ ကိုနေမျိုးအောင်တို့၏ မိခင်သည် ၈-၈-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၇း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၈-၂၀၁၃ရက်(စနေနေ့)မွန်းတည့် ၁၂နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်မြင့်မြင့်ဝေ (တောင်စွန်း)

ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)

စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း

အသက်(၆၀)

(ဦးထွန်းငွေ-ဒေါ်စန်းမြင့်)တို့၏သမီး၊ ဦးဝင်း ဌေး-ဒေါ်မြင့်သန်း၊ ဦးစိုး-ဒေါ်စန်းစန်း၊ ဦးသိန်းမြင့်-ဒေါ်ခင်လေးဆင့်တို့၏ညီမ၊ ဦးညီဌေး-ဒေါ်သန်းသန်းတို့၏ အစ်မ၊ အခန်း ၃၀၉၊ မြခွာညိုကွန်ဒို၊ သာကေတမြို့နယ်နေ ဦးမောင်မောင်အေး [အထွေထွေမန်နေဂျာ(ငြိမ်း)၊ အဆင့်မြင့်စက္ကူစက်ရုံ၊သာပေါင်း]၏ဇနီး၊ ကိုဝေဖြိုးမောင်၊ ကိုနေမျိုးအောင်တို့၏မိခင်သည် ၈-၈-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၇း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၃ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

သစ်တော သစ်ပင်
ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး
အလှတိုး

ကြော်ငြာ

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ဆက်ဆက်(မန္တလေး)

အသက်(၉၄)နှစ်

မန္တလေးမြို့၊အောင်တော်မူရပ်နေ(ဦးမောင်ကြီး-ဒေါ်ရှင်)တို့၏သမီး၊(ဦးလေးမောင်-ဒေါ်ဝင်းစိန်)၊ (ဦးထွန်းမောင်-ဒေါ်အေးရင်)တို့၏ညီမ၊ မန္တလေးမြို့၊ ရွှေရွှေစတိုး (ဦးရွှေ)-ဒေါ်အမ၊ ဒေါ်ငွေငွေတို့၏ညီမ၊ ရန်ကုန်မြို့၊ ယိုးဒယားလမ်း၊ ခြံအမှတ်(၁၃)နေ ဒေါ်စိန်မေ၊ မန္တလေးမြို့နေ ဦးရဲမြင့်-ဒေါ်ခင်မာချစ်၊ဗိုလ်မှူးကြီး အုန်းမောင်မောင် [ပါမောက္ခဌာနမှူး၊ ခွဲစိတ်ကုပညာဌာန၊ တပ်မတော် ဆေးတက္ကသိုလ်(ငြိမ်း)]၊ (ဒေါ်တင်တင်ဦး)၊ တောင်ကြီးမြို့၊ တီဗွီစတားဦးဉာဏ်ဝင်း-ဒေါ်ညွန့်ညွန့်ဝင်း၊ ဒေါ်ငွေငွေအေး၊ (ဦးသီဟ)၊ ဒေါ်ဝင်းဝင်းမြင့်(မချို)၊ ဦးမောင်ဖေ(ညွှန်ကြားရေးမှူး၊ ပြန်/ဆက်)-ဒေါ်လှမေမြင့်တို့၏အဒေါ်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၈-၈-၂၀၁၃ရက်(ကြာသပတေးနေ့) ည ၇း၅၇နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် တပ်မတော်ဆေးရုံကြီး ငြိမ်းအေးဇရပ်၌သရဏဂုံတင်၍ မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်စန်းမြင့်(ဒေါ်မာမာ)

အသက်(၈၃)နှစ်

နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ်များဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်-ဒေါက်တာဒေါ်မွန်မွန်ခိုင်တို့၏မိခင် ဒေါ်စန်းမြင့်သည် ၇-၈-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးငွေ၊ ဦးထွေး

ဘုရား၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

ဒေါ်မြင့်မြင့်ချို (ချိုဆန်း စိန်ရွှေရတနာဆိုင်)

ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)

စိုက်ပျိုးရေးသုတေသနဌာန

အသက်(၈၀)

ပျဉ်းမနားမြို့၊ ရန်အောင်ရပ်၊ ချိုဆန်းဂေဟာနေ (ဦးထွန်းတင်-ဒေါ်ဝင်း) တို့၏သမီး၊ (ဦးကိုကို)၊ (ဦးချို)၊ (ဒေါ်မြမြ)၊ ဦးတင်မောင်-ဒေါ်မြစိန်(တော်ဝင်စိန်ရွှေရတနာဆိုင်)၊ (ဦးခင်မောင်လတ်၊ ကျောင်းအုပ်ကြီး)-ဒေါ်သိန်းသိန်းချို (အမှတ်-၂၊ အထကကျောင်းအုပ်ကြီး၊ ငြိမ်း)တို့၏ညီမ၊ ဦးခင်မောင်ဇော်(တရားလွှတ်တော်ရှေ့နေ)-ဒေါ်ရီရီလှ(ရွှေမြင့်မိုရ်စိန်ရွှေရတနာဆိုင်)၊ ဒေါက်တာခင်စိုး-ဒေါ်မေသစ္စာ၊ ဦးမိုးမြင့်-ဒေါ်ဥမ္မာခင်(စိန်ထက် စိန်ရွှေရတနာဆိုင်၊ ရန်ကုန်မြို့)၊ ဦးတင်အောင်လှ-ဒေါ်ဆွေဆွေလဲ့(ဖိုးလပြည့်စတိုး)၊ဦးစိုးနိုင်(ဒု-ညွှန်ကြားရေးမှူး၊ အမှတ်-၁၊ အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန)-ဒေါ်တင်အေးမြင့်၊ ဦးမြင့်သူ-ဒေါ်အစ္စဘယ်(နရခ-ဆေးခန်း)၊ ဦးတိုးခိုင်(အင်ဂျင်နီယာမှူးကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)-ဒေါ်တင်တင်နု၊ ဦးမျိုးလှိုင်-ဒေါ်နန်းလောဝ်ဆိုင်(တော်ဝင် စိန်ရွှေရတနာဆိုင်)၊ ဗိုလ်မှူးကြီးတင်ဝင်း-ဒေါ်ဝါဝါလတ်တို့၏ အဒေါ်၊ မြေး ၂၂ယောက်တို့၏ဘွားလေးသည် ၈-၈-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါ၍ ၉-၈-၂၀၁၃ရက်တွင် ပျဉ်းမနားမြို့ ကွင်းကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

အထူးကျေးဇူးတင်ရှိပါကြောင်း

၁၅-၇-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားသည့် ဖခင်ကြီး ဦးမြင့်ဆွေ(ဝေါ) အသက်(၇၆)နှစ် နာမကျန်းစဉ်က ဆေးကုသပေးပါသော အာရှတော်ဝင်ဆေးရုံကြီးမှ ဆရာဝန်ကြီး၊ ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများ၊ နေ့စဉ်တရားဟောပြောဆုံးမပေးပါသော ဓမ္မဇေယျာကျောင်းတိုက်မှ ဆရာတော် ဦးဥက္ကံသ၊ ကံမြင့်ကျောင်းတိုက်မှ ဦးကောသလ္လအားလည်းကောင်း၊ မင်းကွန်းရိပ်သာ၊ မင်္ဂလာတိုက်ကျောင်းမှ ဆရာကြီး၊ ဆရာလေးများအားလည်းကောင်း၊ နာရေးကိစ္စသို့ ဝမ်းနည်းကြောင်း လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းများဖြင့်သော်လည်းကောင်း၊ Facebook များမှသော်လည်းကောင်း နှစ်သိမ့်အားပေးကြပါသော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ တက္ကသိုလ်အသီးသီးနှင့် သင်္ကန်းတိုက်အသီးသီးမှ ရပ်နီးရပ်ဝေးမိတ်ဆွေသင်္ဂဟ ဆွေမျိုးများ၊ ဝေါမြို့နယ် အသင်းသူ၊ အသင်းသားများ၊ ပုသိမ်ညွန့်ရပ်ကွက်မှ မိတ်ဆွေများနှင့် နာရေးကူညီမှုအသင်းအားလည်းကောင်း၊ လှူဖွယ်ဝတ္ထုအစုစုကောင်းမှုပြုလုပ်ပေးကြသူများ၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းများ ပေးပို့ကြသော ဌာနအသီးသီးများ၊ ကွယ်လွန်သည့်ရက်မှစ၍ ရက်လည်ဆွမ်းကျွေးအထိ ကူညီဆောင်ရွက်ကြသူများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးစစ်ဝင်း (မြန်မာ့သစ်လုပ်ငန်း၊ ရောင်း/စက်ဌာန၊ငြိမ်း)

အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ မဟာဗန္ဓုလလမ်းနှင့် ၄၁လမ်းထောင့် Sea Green Tower၊ အမှတ် (2A)နေ (ဦးပွ-ဒေါ်တင်မြင့်)တို့၏သား၊ (ဒေါ်နွဲ့နွဲ့ခိုင်)၏ခင်ပွန်း၊ ဦးထက်နောင်ဝင်း (Learners English & Japanese Training Centre)၊ ကိုပြည့်ဖြိုးအောင်-မနှင်းမြတ်နွယ်ဝင်း၊ (ကိုဖြိုးမောင်မောင်စစ်)၊ ကိုပြည့်ဟိန်းစစ်-မဆုဝေဦးတို့၏ဖခင်၊ မမေပိုးအိမ်၊ မောင်အံ့ဘုန်းသစ်ကိုတို့၏အဘိုးသည် ၉-၈-၂၀၁၃ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၁-၈-၂၀၁၃ရက်(တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်စမ်းစမ်းအေး

B.Sc (Chem)

ရုံးအုပ်(ငြိမ်း)၊ စီမံရေးဌာန

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင် ၁၃လမ်း၊ အမှတ် ၇၈၅နေ (ဦးချာလီ-ဒေါ်ခင်လှ)တို့၏ဒုတိယသမီး၊ (ဦးမောင်မောင်မြင့်)-ဒေါ်လွင်လွင်နိုင်(ပို့ကုန်လိုင်စင်ဌာနစု၊ မြန်မာ့သစ်လုပ်ငန်း)တို့၏ညီမ၊ ကိုရဲထွဋ်(KOBE. ဂျပန်)-နာကာမူရာယူမီကို၊ ဦးဝင်းဖေ(Alstom-Myanmar)-ဒေါ်ဒေါ့ဘန်ဂျာမွန်း၊ (ဦးတင့်မော်)-ဒေါ်အေးအေးသက်၊ ဦးဇော်အောင်ထွေး(OSIKA-ဂျပန်)၊ ဦးတင်အောင်ထွေး(KOBE. ဂျပန်)-ဖုမိအဲတို့၏အစ်မ၊ ကိုဇာနည်လင်းအောင်(ခေတ္တ-စင်ကာပူ)၊ မခိုင်ယဉ်ထွန်း(ခေတ္တ-စင်ကာပူ)၊ နာကာမူရာမေရီ၊ နာကာမူရာရှူ့အဲရိ၊ မအိမ့်သဉ္ဇာသက်(ရန်ကုန်ပညာရေးတက္ကသိုလ်)၊ မအိဆက်မွန်(ထ-၂၊ တ/ဥ)၊ မအိမ်မှူးခင်(ထ-၂၊ တ/ဥ)၊ မောင်အောင်ကောင်းခန့်(ထ-၃၊ မူကြို)တို့၏အဒေါ်သည် ၈-၈-၂၀၁၃ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၈-၂၀၁၃ရက်(တနင်္လာနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်သန်း(မြိတ်/ပုလော) အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝါးခယ်မလမ်း၊ အမှတ် ၄၀နေ (ဦးလှမောင်-ဒေါ်သက်)တို့၏သမီး၊ (ဦးအုန်းဖေ-ဒေါ်အေးညွန့်)တို့၏ညီမ၊ ဦးချစ်တင်(ဦးကဝိသာရ)-(ဒေါ်မြရှီ)၊ (ဦးထွန်းရှိန်)-ဒေါ်တင်ရီ၊ ဦးသင်းဖေ-(ဒေါ်နုနုယဉ်)၊ ဒေါ်ကဥ္စနထေရီ(ပဓာနနာယကဆရာကြီး ကေလာသာရာမ သီလရှင်စာသင်တိုက်၊ မြိတ်မြို့)တို့၏အစ်မကြီး၊ တူ၊ တူမ ၁၈ယောက်တို့၏ကြီးကြီးသည် ၉-၈-၂၀၁၃ ရက် (သောကြာနေ့) နံနက် ၅း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ဖြူ (စစ်တွေ)

အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၅)ရပ်ကွက်၊ ကျောင်းလမ်း၊ တိုက် ၂၅၃၊ အခန်း ၇နေ (အရေးပိုင် ဦးထွန်းလှ-ဒေါ်နှင်းဦးခိုင်)တို့၏သမီး၊ (ဦးသာထွန်းအောင်၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ငြိမ်း)၏ဇနီး၊ ဒေါ်ခင်ခင်သာ(ဦးစီးအရာရှိ၊ ငြိမ်း၊ ဗဟိုစာရင်းအင်းအဖွဲ့)-ဦးထွန်းမြိုင် [မြို့နယ်ဥပဒေအရာရှိ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)]၊ ဒေါ်ခင်နှင်းနု-ဦးစိုးဝင်းနိုင်(ခေတ္တ-USA)၊ ဒေါ်ခင်စန္ဒာ(မြန်မာ့အာမခံလုပ်ငန်း)၊ ဒေါ်ခင်နှင်းအေး(အလပြ၊ ငြိမ်း၊ အလက-၂၊ ဒေါပုံ)-ဦးစိုးမြင့်ထွန်း(ဦးစီးအရာရှိ၊လဝက၊ အုတ်တွင်းမြို့နယ်)တို့၏မိခင်၊ မခင်သီရိထွန်း၊ မဆုလာဘ်ထွန်း၊ မောင်ဝေဇင်မင်း၊ မောင်ခန့်ရဲထွန်းတို့၏အဘောင်ရှင်သည် ၈-၈-၂၀၁၃ရက်(ကြာသပတေးနေ့)ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၃ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါက်တာ ဦးအောင်သန်း

B.V.S Dip in Agri Science (NZL) M.Sc (YZN)

ပါမောက္ခချုပ်(ငြိမ်း)၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်

အသက်(၇၀)

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနအိမ်ရာ၊ ၉လမ်း၊ တိုက် ၄၊ အခန်းအမှတ် ၁၀၄၊ ပထမထပ်နေ (ဦးစံမြင့်-ဒေါ်တင်စိန်)တို့၏သားကြီး၊ ဒေါ်ညွန့်ရီ၏ခင်ပွန်း၊ ဦးဥက္ကာဦး-ဒေါ်သန္တာအောင်၊ ဦးမျိုးဇော်အောင်တို့၏ဖခင်သည် ၈-၈-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၃း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၃ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးခင်မောင်ကို (ပြည်)

လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)

သစ်တောဦးစီးဌာန(ပလန)(ပလဖ)

လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန

အသက်(၈၃)နှစ်

ပြည်မြို့နေ(ဦးကို-ဒေါ်ခင်ရွှေ)တို့၏သားကြီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ အမှတ် ၂၁၊ သုခလမ်း၊ ငါးလွှာ(ညာ)နေဒေါ်ချစ်ယဉ်နု၏ခင်ပွန်း၊ ဦးစိမ်းကိုကို-ဒေါ်ထွေးထွေးရီ၊ဦးစိမ်းဝါမိုးကို၊မောင်စိမ်းနုမိုးကိုတို့၏ဖခင်၊မောင်ငြိမ်းချမ်းကိုကို၏အဘိုးသည် ၈-၈-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၂း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံဥယျာဉ်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက်၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးစောမိုင်နာဖိုး

(မြို့နယ်တရားသူကြီး၊ ငြိမ်း)

အသက်(၆၀)

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ၆/၁၂ရပ်ကွက်၊ ၂၃၇(က)၊ ဗထူးပန်းခြံလမ်းနေ နော်လားစေးဝါး၏ခင်ပွန်း၊ နော်စေးစေးဝါးဖိုး - ဦးရဲကျော်စွာမောင်၊ စောမိုးဇက်ဝါးဖိုး၊ နော်ဂျက်ကလင်းဝါးဖိုး၊ စောကလိုထူးဝါးဖိုးတို့၏ဖခင်၊ စောပီတာဝါးဖိုး၏အဘိုးသည် ၈-၈-၂၀၁၃ရက်(ကြာသပတေးနေ့)ညနေ ၆း၀၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၀-၈-၂၀၁၃ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်၌ဝတ်ပြုဆုတောင်းပြီး မွန်းလွဲ ၁နာရီတွင် နေအိမ်မှ ရေဝေး ခရစ်ယာန် ဂိုဏ်းပေါင်းစုံသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု

ဦးမောင်စောတင်(ကျောက်တော်)

အသက်(၅၈)နှစ်

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နေ (ဦးမောင်စောဦး) - ဒေါ်ရွှေမြသွင်တို့၏သားကြီး၊ ဒေါ်စောညွန့်၏မောင်၊ ဦးစောဘတင်-ဒေါ်နှင်းအေးကျော့၊ ရဲမှူးစိုးနိုင်-ဒေါ်မြသန္တာအုန်း၊ ဦးအောင်ကျော်လှ-ဒေါ်မြရီ၊ ဦးဖြူသီးမောင်-ဒေါ်လှစံဝင်း၊ ဗိုလ်ကြီးကျော်ထွန်းဇံ-ဒေါ်စန္ဒာခိုင်၊ ဒုအရာခံဗိုလ်ထွန်းသာစိန်-ဒေါ်အေးမေတို့၏အစ်ကို၊ ဒေါ်လှစံဦး၏ခင်ပွန်း၊ ဦးကျော်မင်းအောင် - ဒေါ်မြင့်မြင့်စော၊ တပ်သားအောင်မင်းဦး-ဒေါ်သန်းသန်းငွေတို့၏ဖခင်၊ မောင်ဉာဏ်လင်းဆတ်၏အဘိုးသည် ၈-၈-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၅း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၃ရက် (စနေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်ငွေငွေ

အသက်(၈၄)နှစ်

ဟင်္သာတမြို့နေ ဦးခင်ထွန်း (လ/ထ အင်ဂျင်နီယာ၊ ရေ/သန့်၊ ငြိမ်း)၏ဇနီး၊ ဦးဇော်ဇော်ထွန်း-ဒေါ်ချိုလေး၊ ဒေါ်ခင်ဇာနည်ထွန်း(စူပါဟိုက်စတိုး)၊ ဗိုလ်ကြီးအောင်ကြည်စိုး-ဒေါ်ခင်ဥမ္မာထွန်း၊ဦးမျိုးမင်း - ဒေါ်ခင်အဏ္ဏဝါထွန်းတို့၏မိခင်၊ မောင်ဇေယျာဖြိုး၊ မဆုဆုသွယ်၊ မောင်လပြည့်ဖြိုး၊မပွင့်သရဖီ၊မောင်အောင်ခန့်မင်း(G-6၊ လ/ဥ)၊ မမေမြတ်နိုးအောင် (G-2)၊ မောင်ဟိန်းသစ်အောင်တို့၏ဘွားဘွားကြီးသည် ၉-၈-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၁၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ဟင်္သာတမီးသင်္ဂြိုဟ်စက်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဦးအောင်စိုးလွင်(ဘိုကလေး)

ဂုန်လျှော်လုပ်ငန်းကော်ပိုရေးရှင်း

အလုပ်ရုံခွဲမှူး(ငြိမ်း)

အသက်(၆၇)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နေ (ဦးအောင်သာ-ဒေါ်သောင်းရင်)တို့၏သားကြီး၊ဒေါ်ခင်ငွေးမြင့်၊ဦးကြည်လွင်၊ ဒေါ်ခင်အေးဝင်း၊ဒေါ်ခင်အေးသန်း၊ မယ်ဇလီကုန်းမြို့နေ ဦးအောင်မျိုးလွင်၊ ဒေါ်တင်တင်ဝင်း၊ ဒေါ်ဖြူဖြူသန်းတို့၏အစ်ကို၊ သာကေတမြို့နယ်၊ ၅ကွေ့၊ ရှုခင်းသာအိမ်ရာ၊ တိုက် B2၊ အခန်း ၄၀၈၊ ငါးလွှာနေ ဒေါ်ခင်ချိုချို၏ခင်ပွန်း၊ ကိုမျိုးသက်-မယဉ်ယဉ်မျိုး၊ ကိုကျော်သက်၊ ကိုသက်ထွန်းအောင်တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၈-၈-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၅း၄၀နာရီတွင်နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၃ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ခင်ခင်စမ်း (ငါန်းဇွန်)

အသက်(၅၉)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ငါန်းဇွန်မြို့နေ(ဦးပို-ဒေါ်ပု)တို့၏ချွေးမ၊ (ဦးထွန်းရှိန်-ဒေါ်တင်ကြည်)တို့၏သမီး၊ မောင်ဝေလင်းမြတ်(ခေတ္တ-ကိုရီးယား)၊ ဒေါက်တာအေးမင်းမြတ်(တွဲဖက်ပါမောက္ခ၊ အစိုးရစက်မှုလက်မှုသိပ္ပံ၊ ကန့်ဘလူမြို့)တို့၏မိခင်၊ ဦးမြတ်ဆွေ (လ/ထပညာရေးမှူး၊ ငြိမ်း)၏ဇနီးသည် ၇-၈-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၃ရက် (သောကြာနေ့)တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ရေတွင်း အလှူရှင် ဒါယိကာမကြီး

ဒေါ်ကျင်မြ (ခရမ်းမြို့)

အသက်(၈၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ခရမ်းမြို့၊ အမှတ်(၅) ရပ်ကွက်၊ ကြာသပတေးလမ်း၊ အမှတ် ၂၂၁နေ (ဦးကျော်သိန်း-ဒေါ်ပန်းရင်) တို့၏သမီး၊ ရဟန်းနှင့်ကျောင်းဒါယကာကြီး (ဦးသိန်း)၏ဇနီး၊ ပဲခူးမြို့၊ သာသနဇောတိကစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော်၏ ရဟန်းဒါယိကာမကြီးနှင့် ကျောင်းတိုက်ဒါယိကာမကြီး၊ ဦးသန်းလွင် - (ဒေါ်တင်) - ဒေါ်ကြည်ကြည်သန်း (ထူးသစ်နှင့် ငွေဇာပုလဲကုမ္ပဏီများ၏ဥက္ကဋ္ဌ)၊ ဦးမောင်ခိုင်-ဒေါ်အေး၊ ဦးတင်ဝင်း-ဒေါ်သန်းကြည်၊ ဦးစိန်လှိုင်-ဒေါ်စန်းစန်းရီ၊ ဦးလှမြင့်-ဒေါ်တင်ကြွေ၊ ဦးဇော်ဝင်း-ဒေါ်ငွေငွေဝင်း၊ ဒေါ်သန်းဝင်း၊ ဦးတိုးမောင်-ဒေါ်ငွေကြည်၊ဦးဇော်လင်း-ဒေါ်နီနီလှိုင်တို့၏မိခင်၊မြေး ၂၇ယောက်၊ မြစ် ၂၃ယောက်၊ တီ နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၇-၈-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၃ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ခရမ်းမြို့သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၃-၈-၂၀၁၃ရက် (အင်္ဂါနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အေးသီ

အသက်(၈၇)နှစ်

မော်လမြိုင်မြို့နေ (ဦးစံပွင့်-ဒေါ်နှင်းမေ)တို့၏သမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ အရှေ့ဗဟိုလမ်း၊ အမှတ် ၂၀နေ [ဦးအုန်းမောင်(ခ)ဦးကျော်]၏ဇနီး၊ (ဦးသိန်းလှိုင်၊ မွန်ပြည်နယ် မီးသတ်ဦးစီးဌာနမှူး၊ ငြိမ်း)-ဒေါ်ခင်ဝင်း၊ (ဒေါ်စန်းစန်းရီ)၊ ဦးလှငွေ (အင်အားဂျာနယ်)-ဒေါ်တင်တင်ရီ၊ဦးဝင်းသိန်း(ကျန်းမာရေးဝန်ကြီးရုံး၊ နေပြည်တော်) - ဒေါ်မြင့်မြင့်တင်၊ ဦးအေးသိန်း (ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၊ အိုးအိမ်၊လျှပ်စစ်)-ဒေါ်သန်းသန်းမြင့်၊ ဦးကျော်လွင်(ခ)ဦးစိုးသိန်း-ဒေါ်မိုမိုဆန်းတို့၏မိခင်၊မြေး၁၁ယောက်၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၉-၈-၂၀၁၃ရက်(သောကြာနေ့) နံနက် ၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၁၃ရက်(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများညနေ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးကျော်စွာထွန်းသန်း

အထက(၆)အလုံ

ကျောင်းသားဟောင်း (၁၉၈၅)

အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ၄ဝါလမ်းနေ ဦးထွန်းသန်း (ဒုညွှန်မှူး၊ ငြိမ်း၊ စွမ်းအင်ဝန်ကြီးဌာန)-(ဒေါ်ကြင်စု)တို့၏သား၊ ၄ဝါလမ်း၊ အမှတ် ၁၁၀နေ (ဦးသိန်းဟန်)-ဒေါ်တင်ဝင်းတို့၏သားသမက်၊ ဦးအောင်ချိုဦး-ဒေါ်အေးအေးသန်း (ကြံပွဲရုံ၊ ဗားဂရာ)၊ ဦးအောင်နိုင်ဦး-ဒေါ်လဲ့လဲ့ထွန်း(ခေတ္တ-ဩစတြေးလျ)တို့၏ညီ၊ ဦးဇော်လေး-ဒေါ်ဇင်မော်ထွန်းသန်း၊ ဦးထွန်းထွန်း-ဒေါ်နီလာထွန်းသန်း၊ ဒေါက်တာဖြိုးမော်ထွန်းသန်း(လ/ထကထိက၊ရူပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)တို့၏အစ်ကို၊ ဒေါ်ကြူကြူနိုင်၏ခင်ပွန်း၊ မောင်သူရိန်လင်း၊ မောင်နေမိုးထက်(Grade-7,E၊အထက-၁၊ဒဂုံ)တို့၏ဖခင်သည် ၈-၈-၂၀၁၃ရက် (ကြာသပတေးနေ့) ည ၁၀း၄၅နာရီတွင် အာရှတော်ဝင် အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၃ ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ် ဒါယကာကြီး

ဦးအေး (တိုက်ကြီး)

အသက်(၁၀၆)နှစ်

